The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 50 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 25, 2017

# ပြည်ပလိုအပ်ချက်ရှိသည့် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးပြီး ပဲဈေးကွက် ပြောင်းလဲနိုင်ဖို့

စာမျက်နှာ - ၈ ➤



## ၂၀၁၇ ခုနှစ် မတ်လအထိ Re-export သကြားတင်သွင်းပြီး ပြန်လည်တင်ပို့ရန်ကျန်သည့် ကုမ္ပဏီများအား စိစစ်အရေးယူမည်

စာမျက်နှာ - ၁၂ ➤

## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုန်စည်လိုင်းပေါင်း ၇၃ လိုင်းအား နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြု

စာမျက်နှာ - ၁၅ ➤

## မြန်မာ့ပို့ကုန် တစ်ခေတ်ဆန်းသစ်ကြပါစို့

စာမျက်နှာ - ၁၂ ➤



MEBS GLOBAL

# Trusted Solutions in Challenging Environments






LAST MILE CARGO DELIVERY

OPERATIONS IN ALL REGIONS OF MYANMAR

INTERNATIONAL FREIGHT FORWARDING

WAREHOUSING

**Office Phone:** +95-1-542-357
**Mobile:** +95-9-52-52-384, +95-9-421-092-169
**Email:** myanmar@mebs-global.com
**Website:** www.mebs-global.com
**Address:** Block C, Room No. $F_1$-09, 2nd Floor,
Pearl Condominium, Kabar Aye Pagoda Road,
Bahan Township, Yangon.

VOLVO

# VOLVO YEAR-END SUPER SALES

Save up to 15,000,000 MMK*










*Limited Stock / Terms and conditions applied

PERFORMANCE AUTO

**VOLVO CARS MYANMAR**
Performance Auto International Co.,Ltd.
No. 146, Dhammazedi Road, Bahan Tsp, Yangon, Myanmar
Tel: 01 526206, 534144

099 650 VOLVO (86586)
VolvoCarsMyanmar
www.volvocars.com.mm

# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇)သို့ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်အမှာစကားပြောကြား



အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကို ဒီဇင်ဘာ ၂၀ ရက်တွင် နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုရှိသော လုပ်သားအင်အားစုကို လေ့ကျင့်ပျိုးထောင်ပြီး သင့်လျော်သည့် လုပ်ငန်းခွင်နေရာမှာ အလုပ်အကိုင်ရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်ကို ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အလုပ်လုပ်နိုင်သည့် အရွယ်ရောက်သူ နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်များဖန်တီးပေးနိုင်ရေး၊ လုပ်သားများ၏ ကျွမ်းကျင်မှု တိုးတက်မြင့်မားရေးနှင့် သင့်လျော်သည့် လုပ်ငန်းခွင်၌ နေရာချထားနိုင်ရေးတို့ကို သက်ဆိုင်သည့် အစိုးရဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများက ယခုဖွဲ့စည်းထားပြီးဖြစ်သည့်Job Creation Sector Coordination Group၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့်အတူ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံခြားဈေးကွက်ရရှိသည့် အရည်အသွေးကောင်းမွန်သော ကုန်စည်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးတို့အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးမှုအကူအညီ နယ်ပယ်များကို လေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit) နှင့် ဆက်စပ်အဖွဲ့အစည်းများသို့ ယခုဖွဲ့စည်းထားသည့် အဖွဲ့မှ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ အလုပ်အကိုင်ဖန်တီးမှု မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိသည်များ၊ ဖွံ့ဖြိုးမှုအကူအညီများ ရယူဆောင်ရွက်ရန် လိုအပ်သော အဓိကနယ်ပယ်များနှင့် ဦးစားပေးလုပ်ငန်း နယ်ပယ်အလိုက် ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ခွဲ (Sub Coordination groups) များကို ဖွဲ့စည်းသွားရန် ပြင်ဆင်ထားရှိမှုများအားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ "လုပ်သားအင်အားစုတွင် ပါဝင်သူများအားလုံး ၂၀၃၀ ပြည့်နှစ်၌ သင့်လျော်သည့် အလုပ်အကိုင် ရရှိစေရန်" ဟူသော ရည်မှန်းချက်ကို ချမှတ်လျက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

အစည်းအဝေးသို့ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံ JICA အဖွဲ့၏ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး လေ့လာဆန်းစစ်မှု ကြားဖြတ်အစီရင်ခံစာတင်ပြပွဲသို့ တက်ရောက်အမှာစကားပြောကြား

တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၊ JICA အဖွဲ့၏ ကွင်းဆင်းလေ့လာဆန်းစစ်မှု ကြားဖြတ်အစီရင်ခံစာတင်ပြပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ထိုသို့အမှာစကားပြောကြားရာတွင်ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအောင်မြင်ရေးအတွက် မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံပူးပေါင်း၍ ဆောင်ရွက်နေကြောင်း၊ ဂျပန်အစိုးရက ယခုလိုလေ့လာဆန်းစစ်မှုများ ပြုလုပ်သည့်အတွက် များစွာကျေးဇူးတင်ကြောင်း ပြောကြားသည်။

ကြားဖြတ်အစီရင်ခံစာတွင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလားအလာများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအခြေချနေထိုင်မှုစနစ်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပါသောဧရိယာများ၏ အခြေအနေများ၊ စိုက်ပျိုးရေးဆိုင်ရာ အလားအလာများ၊ ရေထွက်ကုန်လုပ်ငန်း အလားအလာများ၊

စာမျက်နှာ - ၂၄ သို့

## ဒုတိယဝန်ကြီးဦးအောင်ထူး သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာ သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



"သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲ" အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်တွင် နေပြည်တော် ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂) အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား သည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံကထွက်ရှိပြီး ပြည်ပတင်ပို့ရောင်းချနေသည့် လယ်ယာထွက်ကုန်သီးနှံများ၏ ထွက်ရှိမှုနှုန်း၊ ပြည်ပတင်ပို့နိုင်မှု အလားအလာများ၊ ဈေးကွက်ပေါက်ဈေး၊ ဈေးကွက်အလားအလာ၊ မိမိသီးနှံများ ဝယ်ယူနေသည့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုမူဝါဒများ၊ ဝယ်လိုအားနှင့် စိုက်ပျိုးသည့် သီးနှံ အမျိုး အစားများ၊ ထုတ်လုပ်တင်ပို့ရောင်းချနေသည့် ပြိုင်ဘက်နိုင်ငံများ၏ ထုတ် လုပ်မှု၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နှင့် ရာသီဥတုအခြေအနေ၊ ဈေးနှုန်းနှင့် ဈေးကွက်တို့အား

စာမျက်နှာ - ၂၄ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိုန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဒီဇင်ဘာဒုတိယပတ် မြန်မာ့ဆန်စျေးကွက်အခြေအနေ

ဒီဇင်ဘာဒုတိယပတ် မြန်မာ့ဆန်စျေးကွက်အနေဖြင့် ဆန် ပုံမှန်ဝယ်ယူလျက်ရှိတဲ့ အာဖရိကစျေးကွက်မှာ ၂၅ မှတ်ဆန်ဟာ တစ်တန်လျှင် ၃၁၄ အမေရိကန်ဒေါ်လာနှင့် ဆန်ကွဲ B1 & B2 ဟာ တစ်တန်လျှင် ၂၉၅ အမေရိကန်ဒေါ်လာ အသီးသီးဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဥရောပစျေးကွက်မှာ ၅ မှတ် ဆန်ဖြူဟာ ဒီဇင်ဘာပထမပတ်က တစ်တန်လျှင် ၃၉၅ အမေရိကန်ဒေါ်လာမှ ဒုတိယပတ်တွင်တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်း ကောင်း၊ ပေါင်းဆန် ၅မှတ်ဟာ ဒီဇင်ဘာပထမပတ်က တစ်တန်လျှင် ၄၁၅ အမေရိကန်ဒေါ်လာမှ ဒုတိယပတ်တွင် တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ ၄၁၀ ဖြင့် ငါးဒေါ်လာစီစျေးကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာလ မြန်မာ့ဆန်စျေးကွက်အခြေအနေများမှာ -

| Myanmar - Long Grain White Rice | 1/12 | 8/12 | 15/12 |
|---|---|---|---|
| 5% Broken | $400 | $395 | $390 |
| 25% Broken | $322 | $314 | $314 |
| B1 & B2 Broken | $295 | $295 | $295 |
| **Myanmar - Long Grain Parboiled Rice** | | | |
| Parboiled Milled Rice 5% STX | $415 | $415 | $410 |

လက်ရှိရန်ကုန်ဆိပ်ကမ်းတွင် ပြည်ပဆန်တင်ပို့မှုအခြေအနေမှာ တန်ချိန် ၂၅၅၀၀ ဆံ့ vessel Antimilos ဟာသင်္ဘောတင်လျက်ရှိပြီး တန်ချိန် ၂၀၀၀၀ ဆံ့ vessel Vantage Reef သင်္ဘောဟာ မကြာမီဆိုက်ကပ်တော့မှာဖြစ်ကြောင်းသိရပါတယ်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် နိုင်ငံခြားဘဏ်များ၏ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသော ဘဏ်ခွဲများအား ပြည်ပပို့ကုန်လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များအတွက်ပို့ကုန် ချေးငွေဖြည့်ဆည်းမှု( Export Financing )နှင့် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ( Related Banking Services for Export Financing) ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ရက်တွင် ညွှန်ကြားချက် ထုတ်ပြန်ခွင့်ပြုပေးထားပြီးဖြစ်တဲ့အတွက် ပြည်ပဆန်တင်ပို့သူတွေ ဘဏ္ဍာရေးအကူအညီတွေနဲ့ ပိုမိုအဆင်ပြေစွာလုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ Source: riceindex.com

NiLarSoe ( **စီးပွား/ကူးသန်း** )

# ဆန်ချောအသစ်စျေးကွက်အေးပြီး ဆန်ကြမ်းအသစ်စျေးမာလျက်ရှိ



ယခုတစ်ပတ် ရန်ကုန်ဆန်စျေးကွက်မှာ ဆန်ချောအသစ်စျေးကွက်အေးနေပြီး ဆန်ကြမ်းကတော့ စျေးမာလျက်ရှိတာတွေ့ရပါတယ်။ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ လက်ကား စျေးနှုန်းများအရ ဆန်သစ်များဖြစ်တဲ့ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ်၃၄၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စတစ်အိတ်ကျပ် ၃၀၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၈၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်(အဟောင်း) တစ်အိတ်ကျပ် ၅၅၀၀၀ မှ ကျပ် ၅၈၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေပါတယ်။ ပေါ်ဆန်းဆန်အသစ်ကတော့ တစ်အိတ်ကို ကျပ် ၂၈၀၀၀ မှ ကျပ် ၂၉၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ ခန့် စျေးတက်ပါတယ်။ ဝါးတန်းကုန်စည်ဒိုင်သို့ ယခင်တစ်ပတ်က စတင်ဝင်ရောက်လာတဲ့ ဆန်ချောအသစ်တွေကတော့ စျေးကွက်အေးလျက်ရှိတယ်လို့ ကုန်စည်ဒိုင်မှသိရပါတယ်။

ဆန်ကြမ်းအဟောင်း ဧည့်မထ ထိပ်စ တစ်အိတ်ကျပ် ၂၃၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှံ့သီးထပ်(ရှယ်)တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၇၀၀၀၊ နှံ့ဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၈၅၀၀ မှ ကျပ် ၁၉၀၀၀ ရှိပြီး ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကို ကျပ် ၂၁၀၀၀ မှ ကျပ် ၂၁၅၀၀၊ ရက် ၉၀ အသစ် တစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၃၅၀၀နဲ့တစ်အိတ်ကို ကျပ် ၅၀၀ ခန့် စျေးတက်ပြီး ဆန်ကြမ်းစျေးမာနေတာတွေ့ရပါတယ်။ ငစိန်အသစ်တစ်အိတ်ကို ကျပ် ၁၈၀၀၀မှကျပ်၁၈၅၀၀၊ မိုးသုခ တစ်အိတ်ကို ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေကြောင်း သိရပါတယ်။

မူဆယ်ဆန်စျေးကွက်မှာ ဧည့်မထ စူပါအမျိုးအစား အနည်းငယ်စျေးတက်ပြီး ကျန်အမျိုးအစားများစျေးပုံမှန်ရှိကြောင်း သိရပါတယ်။ ဧည့်မထ ၅မှတ် မော်ဘီတစ်အိတ် ၁၃၇ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၉ ယွမ်မှ ယွမ် ၁၃၀၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ငစိန် ၅ မှတ်တစ် အိတ် ၁၂၃ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်ရှိပြီး ဧည့်မထ ၅ မှတ်နဲ့ ၁၀မှတ်စူပါတစ်အိတ်ကို တစ်ယွမ်ခန့်နဲ့သုခ ၁၅မှတ်တစ်အိတ်ကို နှစ်ယွမ်ခန့်စျေးတက်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် မူဆယ်သို့ ဆန်အဝင်မှာ ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ၄၅၅၅၆ တန်ရှိပြီး ယခင်တစ်ပတ်အဝင်ထက် ၇၃၅၆တန်ပိုမိုကြောင်း သိရပါတယ်။ ဆန်အရောင်းအဝယ်လည်း ပုံမှန်ရှိနေတယ်လို့ မူဆယ်မှ သတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၂-၁၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၅ | □ | ၃၈၈ | ၃၈၇ | ▽ | ၄၁၀ | ၄၀၅ | ▽ | ၃၆၇ | ၃၇၅ | △ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၃ | □ | ၃၈၃ | ၃၈၂ | ▽ | - | - | - | ၃၆၃ | ၃၇၁ | △ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၆ | □ | ၃၇၉ | ၃၇၈ | ▽ | - | - | - | ၃၅၉ | ၃၆၇ | △ |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၀ | □ | ၃၆၅ | ၃၆၅ | □ | ၃၇၀ | ၃၇၅ | △ | ၃၃၇ | ၃၄၂ | △ |
| ပေါင်းဆန် | ၄၃၇ | ၄၃၂ | ▽ | - | - | - | ၄၁၀ | ၄၁၅ | △ | ၄၂၀ | ၄၁၈ | ▽ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၂၂-၁၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၈၂၈၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၂၄၀ | △ | ၂၁၀၀၀ | △ | ၇၆၂၀ | △ | ၃၁၅၀၀ | △ |
| ပဲခူး | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၄၈၀၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၉၀၀၀ | □ | ၇၂၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | △ | ၂၁၀၀၀ | △ | - | - | ၄၇၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၀၅၀၀ | ▽ | - | - | ၅၈၀၀၀ | △ |
| မန္တလေး | ၅၇၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၂၅၀၀၀ | □ |
| လှိုင်ကော် | ၆၉၀၀ | □ | ၃၂၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | △ | ၁၉၅၀၀ | ▽ | - | - | ၃၉၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

# ရက်သတ္တပတ်အတွင်း ဆန်တန်ချိန်ခုနစ်သောင်းကျော်တင်ပို့

ဒီဇင်ဘာ ၉ ရက်မှ ၁၅ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၇၂ သန်းတန်ဖိုးရှိဆန်နဲ့ကောက်ညှင်းဆန် ၅၃၃၃၄ တန်နီးပါးကို မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၃၉၃ တန်နီးပါး၊ ဧည့်မထဆန် ၄၁၁၁၆ တန်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၃၉ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်ချိန် ၇၈၄၀နဲ့ ဧည့်မထဆန် ၉၉၆၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၂၅ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက နယ်စပ်စခန်းများမှ ယခုတစ်ပတ်မှာ ၇၄၃၉ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာသုည ဒသမ ၃၈၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၂၇၁ တန်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၉၅၂တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၁၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၆၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တင်ပို့မှု ၄၉၃တန်လျော့နည်းခဲ့ပါတယ်။

ဒီဇင်ဘာ ၁၀ ရက်မှ၁၆ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၂၃သန်းတန်ဖိုးရှိဆန်၁၉၉၉၃ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ့ဆန်တန်ချိန်သုံးသိန်းဝယ်ယူရန် MOU ရေးထိုးထားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဆန် ၁၂၆၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၀နဲ့ငစိန်ဆန် ၃၈၅ တန်၊ စင်ကာပူနိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန်ချိန် ၁၃၀၀နဲ့ ပေါင်းဆန်တန်ချိန် ၃၀၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၁၅၈၃ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၁၂၅၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဆန် ၁၄၆၈၃ တန်ပိုမို တင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုပိုမိုသော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၇၀၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၆၀၄ တန်ကိုတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်း ယှဉ်ပါက ယခုတစ်ပတ်မှာ ၂၈၂၆ တန်လျော့ကျခဲ့ပါတယ်။ တစ်ပတ်အတွင်းဆန်တင်ပို့မှုအခြေအနေမှာနယ်စပ်နဲ့ ရေကြောင်းမှ ဆန် ၇၃၃၂၇ တန်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ကာ ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၁၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၉၃ | ၉၇၂ | ▲ | ၉၀၀ | ၉၈၃ | ▲ | ၉၁၀ | ၉၇၅ | ▲ | ၈၅၀ | ၈၉၀ | ▲ |
| ပဲစင်းငုံ | ၆၂၁ | ၆၇၀ | ▲ | ၅၆၇ | ၆၀၀ | ▲ | ၅၉၀ | ၆၁၀ | ▲ | ၆၉၀ | ၆၇၅ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၃၀၀ | ▼ | ၁၄၄၀ | ၁၃၈၇ | ▼ | ၁၄၂၁ | ၁၂၆၃ | ▼ | ၁၃၆၀ | ၁၂၈၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၀၂၅ | ၂၀၂၅ | ■ | ၁၇၉၉ | ၁၇၄၇ | ▼ | ၁၇၈၉ | ၁၆၈၄ | ▼ | ၁၅၈၀ | ၁၅၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၄၈၀ | ၁၃၈၀ | ▼ | ၁၅၀၀ | ၁၅၀၀ | ■ | ၁၅၀၀ | ၁၅၀၀ | ■ | ၁၄၉၀ | ၁၄၉၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၃၀၀ | ▼ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၂-၁၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၄/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၄/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၀၀ | ၄၂၀ | ▲ | ၆၂၂ | ၆၇၁ | ▲ | ၅၉၁ | ၆၂၅ | ▲ |
| ပဲစင်းငုံ | ၂၈၀ | ၂၉၅ | ▲ | ၅၅၆ | ၆၆၀ | ▲ | ၅၉၉ | ၆၈၇ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၈၀၉ | ၈၂၈ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၇၀ | ၈၆၀ | ■ | ၆၄၆ | ၇၃၄ | ▲ | ၆၆၉ | ၇၆၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၉.၁၂.၁၇)ထိ | (၁၀.၁၂.၁၇)ထိ | (၁၀.၁၂.၁၇) ထိ |
| မတ်ပဲ | ၄၇၂၆၄၅ | ၆၃၈၃ | ၄၇၉၀၂၈ |
| ပဲတီစိမ်း | ၁၁၅၉၉၈ | ၁၁၁၃ | ၁၁၇၁၁၁ |
| ပဲစင်းငုံ | ၂၁၉၅၇၅ | ၁၂၅၄ | ၂၂၀၈၂၉ |
| ကုလားပဲ | ၃၉၅၇၆ | ၄၁၂ | ၃၉၉၈၈ |
| ပဲလွန်းဖြူ | ၁၂၈၇၉ | ၂၈ | ၁၂၉၀၇ |
| မြေထောက်ပဲ | ၁၀၅၄၃ | ၃ | ၁၀၅၄၇ |

## ပြည်ပဲနီပြား ပဲဟောင်းလက်ကျန်ဈေးကောင်းရနေ

ပြည်ဈေးကွက်အတွင်း ပဲနီပြားသီးနှံဟာ လက်လီသာရောင်းဝယ်ခဲ့ကြတဲ့အတွက် အိတ်အနည်းငယ်သာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ပဲဈေးမှာတော့ တစ်တင်း ကျပ် ၃၇၅၀၀ဖြင့် ဈေးကောင်းရနေတဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ဘိုကိတ်ပဲ၊ ပဲလွန်းဖြူ ထောပတ်ပဲသီးနှံများရဲ့ ပဲအသစ်ဈေးမှာ ဈေးလျော့နေကြောင်းသိရပါတယ်။ ပဲဟောင်းလက်ကျန်များရှိနေတဲ့ ပဲနီပြားသီးနှံဟာဈေးကောင်းရနေတာကြောင့် လက်လီပဲဈေးကွက်အတွင်း အဆိုပါပဲများနှင့်ယှဉ်လျှင်ဈေးအမြင့်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံသစ် ဝင်ရောက်သော်လည်း ပဲဟောင်းလက်ကျန်သာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ပဲစင်းငုံသစ်များအိတ်အနည်းငယ်သာဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲသစ်များအရောင်းအဝယ်မဖြစ်သေးဘဲ ပဲဟောင်းလက်ကျန်များသာ ရန်ကုန်ဝယ်လက်ဝယ်ယူလို့ရောင်းချခဲ့ရပြီး တစ်ခါတစ်ရံ အိတ် ၂၀၀-၃၀၀ ကျော်ထိ ရောင်းချခဲ့ပါတယ်။ ပဲဈေးမှာလည်း တစ်တင်းကျပ်၁၀၅၀၀ဖြင့်ယခင်တစ်ပတ်က ပဲဈေးနှုန်းထက် လျော့နည်းခဲ့ပါတယ်။ ပဲသစ်စဝင်ချိန်က အဖွင့်ဈေးမှာ တစ်တင်းလျှင် ကျပ် ၁၁၀၀၀ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် တစ်တင်းကျပ် ၁၂၈၀၀ ထိ ဈေးမြင့်လာခဲ့ပါတယ်။ ဒါပေမယ့် ယခုတစ်ပတ်မှာတော့ ဈေးပြန်အေးသွားခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံဈေးမှာ အခြားပဲများနှင့်ယှဉ်လျှင်ဈေးအနိမ့်သာရရှိခဲ့တဲ့ အတွက် ပဲစင်းငုံသီးနှံက မတ်ပဲသီးနှံထက်ဈေးနိမ့်နေသလို ဈေးကွက်အတွင်းမှာလည်း ဈေးအနိမ့်ဆုံးဖြစ်နေတဲ့ပဲသီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

# မန်းကုန်စည်ဒိုင်၏ ဒီဇင်ဘာလလယ်အရောင်းအဝယ်ဖြစ်မှု

မန္တလေးကုန်စည်ဒိုင်(ပွဲစား၊ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)သို့ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များနှင့် ၎င်းတို့၏ကိုယ်စားလှယ်များမှ ဝယ်ယူသိုလှောင်ထားရှိသည့် လယ်ယာထွက်ကုန်သီးနှံများကို လာရောက်အရောင်းအဝယ် ပြုလုပ်ကြောင်းသိရပါတယ်။ မန္တလေးကုန်စည်ဒိုင်ရဲ့အရောင်းအဝယ်ဖြစ်မှု၏ သုံးပုံနှစ်ပုံခန့်သည် ပြည်ပ(တရုတ်) ဝယ်လက်များက ဝယ်ယူတာကြောင့် ၎င်းတို့ဝယ်ယူသည့်သီးနှံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်နှင့် တတိယပတ် အတွင်း မန်းကုန်စည်ဒိုင်မှာဖြစ်ပေါ်နေသောဈေးနှုန်းများမှာ-

| စဉ် | အမျိုးအမည် | ဒီဇင်ဘာလ ဒုတိယပတ် | ဒီဇင်ဘာလ တတိယပတ် | ဈေးနှုန်းကွာခြားချက် |
|---|---|---|---|---|
| ၁ | နှမ်းဖြူ | ၃၀၂၂ | ၃၀၂၂ | |
| ၂ | နှမ်းညို | ၂၄၄၄ | ၂၄၀၀ | ၄၄ |
| ၃ | နှမ်းနက် | ၂၄၄၄ | ၂၃၃၃ | ၁၁၁ |
| ၄ | နှမ်းနက် (စမုံ) | ၃၀၀၀ | ၂၈၄၄ | ၁၅၆ |
| ၅ | ပြောင်း (CP) | ၄၆၃ | ၄၇၂ | ၉ |
| ၆ | ပဲတီစိမ်း | ၁၄၅၈ | ၁၄၂၂ | ၃၆ |
| ၇ | မတ်ပဲ | ၈၃၃ | ၉၇၅ | ၄၂ |
| ၈ | ပဲစင်းငုံနီ | ၅၃၃ | ၅၆၈ | ၃၅ |

ဒီဇင်ဘာလတတိယပတ်အတွင်း ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၃၀၂၂ ကျပ် (တစ်တန် ၁၈၅၀၆၄၃ကျပ်)၊ နှမ်းညိုတစ်ပိဿာကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)ဖြင့် ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၄၄ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန်ကျပ် ၁၄၂၈၇၀)ဖြင့် ယခင်တစ်ပတ် ဈေးအောက်တစ်ပိဿာ ၁၁၁ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၂၈၄၄ကျပ် (တစ်တန် ၁၇၄၁၆၃၇ကျပ်) ယခင်တစ်ပတ် ဈေးအောက်တစ်ပိဿာ ၁၅၆ ကျပ် ဈေးကျသွားပြီး နေ့စဉ်သုံးတင်းဝင်အိတ် ၂၀၀၀ ကျော်ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်မှာ အခြားသီးနှံများဖြစ်တဲ့ပြောင်း(CP) တစ်ပိဿာ ၄၇၂ ကျပ်(တစ်တန် ၂၈၉၀၄၈ကျပ်)ဖြင့်ယခင်တစ်ပတ်ဈေးထက် ကိုးကျပ်ခန့်မြင့်တက်လာပြီး နေ့စဉ်သုံးတင်းဝင်အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ပိဿာ ၁၄၂၂ ကျပ် (တစ် တန် ၈၇၀၈၁၉ကျပ်)ဖြင့် ယခင်တစ်ပတ် ဈေးအောက် ၃၆ကျပ်ခန့်ကျဆင်းလာပြီး နေ့စဉ်သုံးတင်းဝင်အိတ် ၆၀၀ ကျော်ခန့်ဈေးအေး၊ အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရှိရပါတယ်။

ရန်ကုန်ဝယ်လက်နှင့်ဒေသတွင်းဝယ်လက်များအဆွဲများသည့် မတ်ပဲ တစ်ပိဿာလျှင် ၉၇၅ ကျပ်(တစ်တန် ကျပ် ၅၉၇၀၈၀)ဖြင့် ယခင်တစ်ပတ် ထက် ၁၄၂ ကျပ်ဈေးမြင့်လာပြီး နေ့စဉ် သုံးတင်းဝင်အိတ် ၅၀၀ခန့်နဲ့ ပဲစင်းငုံနီမှာ တစ်ပိဿာ ၅၆၈ ကျပ်ဖြင့်(တစ်တန် ၃၄၇၈၃၈ကျပ်)ဖြင့်ယခင်တစ်ပတ်ထက် ၃၅ ကျပ်မြင့်တက်ခဲ့ပြီး နေ့စဉ်သုံးတင်းဝင်အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း နှမ်းရောင်စုံနှင့် ပြောင်းဖူးစေ့တို့ကို တရုတ်ဝယ်လက်က အဝယ်ပုံမှန်ရှိသော်လည်း၊ ပစ္စည်းအရည်အသွေးပေါ်မူတည်၍ ဈေးနိမ့်နေကြောင်း၊ ပဲတီစိမ်းမှာ ဈေးအတက်အကျအနည်းငယ်ရှိသော်လည်း တရုတ်ဝယ်လက်အနည်းငယ်ရှိကြောင်းနှင့် မတ်ပဲ၊ ပဲစင်းငုံတို့မှာ ရန်ကုန်ဝယ်လက် နှင့်ဒေသတွင်းဝယ်လက်များအဝယ်ရှိခြင်းကြောင့် ဈေးမြင့်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရှိရပါတယ်။

**အာကာကျော်(မန္တလေး)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်နေသော်လည်း အဝယ်ရှိလို့အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပြည်၊ အောင်လံကြားရှိ ကျေးရွာများ၊ မြန်အောင်၊ ကြံခင်းနှင့် ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် မြေပဲဆန် အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာပါတယ်။ မြေပဲဆန် ဝယ်လိုအားရှိပေမယ့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ရန်ကုန်နှင့် မကွေးဘက်မှ ဝယ်ယူခြင်း၊ လုံးဆန်(အဖြူ)ကို မြဝတီဘက်မှ ဝယ်ယူနေသော်လည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

ယခုတစ်ပတ်ဈေးနှုန်းများမှာ ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀၊ (အနီ) တစ်ပိဿာလျှင်ကျပ် ၁၉၅၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၀၀ နှင့် လုံးဆန် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး မြေပဲဆီဈေးမှာ တစ်ပိဿာလျှင်ကျပ် ၄၈၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ **ဝေဝေမင်း**

## ပြည်ဈေးကွက်၌ ၂၀၁၇ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော ဆီဈေးနှုန်းများ



၂၀၁၇ ခုနှစ်၊ နှစ်စပိုင်းမှစ၍ နှစ်ကုန်ပိုင်းအထိ ပြည်ဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သော ဆီဈေးနှုန်းများကို လေ့လာကြည့်မည်ဆိုလျှင် ဇန်နဝါရီလတွင် စားအုန်းဆီဈေးမှာ တစ်ပိဿာလျှင်ကျပ် ၂၁၀၀ ဖြစ်ပြီး ဖေဖော်ဝါရီလတွင် တစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြစ်သဖြင့် ကျပ် ၁၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ မတ်လ၊ ဧပြီလနှင့် မေလတို့တွင် တစ်ပိဿာလျှင်ကျပ်၁၉၅၀ဖြင့်ဈေးထပ်ကျလာပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် တစ်ပိဿာလျှင်ကျပ် ၁၉၀၀ ဖြင့်ယခင်လတို့ထက် ဈေးထပ်မံကျဆင်းလာတာ တွေ့ရပါတယ်။

စက်တင်ဘာ၊ အောက်တိုဘာနှင့်နိုဝင်ဘာလတွင် တစ်ပိဿာလျှင်ကျပ် ၁၉၅၀ ဖြင့် ဈေးအနည်းငယ် ပြန်တက်လာပေမယ့် ဒီဇင်ဘာလတွင် ကျပ် ၁၈၅၀ ဖြင့် ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ ၂၀၁၇ခုနှစ်နှစ်စတွင် စားအုန်းဆီဈေး မြင့်ခဲ့သော်လည်း နောက်ပိုင်းတွင်ဈေးဆက်တိုက်ကျလာတာတွေ့ရပြီး ယခုဒီဇင်ဘာလ တတိယ ပတ်ထိ ဈေးဆက်လက်ကျဆင်းလာတာ တွေ့ရပါတယ်။

နှမ်းဆီဈေးမှာ ၂၀၁၇ ခုနှစ် နှစ်စဖြစ်သော ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် ဧပြီလအထိ ဈေးငြိမ်နေပြီး မေလတွင်မိုးနှမ်းစိုက်ပျိုးချိန်ဖြစ်လို့ ဈေးကွက်တွင်နှမ်းလက်ကျန်နည်းလာပြီးနှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၈၀၀ ဖြင့် ဈေးတက်လာတာ တွေ့ရပါတယ်။ ဇွန်လမှ နိုဝင်ဘာလအထိ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၆၀၀ ဖြင့် နှမ်းပေါ်ချိန်ဖြစ်လို့ ဈေးပြန်ကျလာသော်လည်း ယခုဒီဇင်ဘာလ တတိယပတ်တွင် နှမ်းလက်ကျန် ရှားပြီး နှမ်းအဝယ်လိုက်လာလို့ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင်ကျပ် ၅၀၀၀ ဖြင့် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။

မြေပဲဆီဈေးမှာလည်း ၂၀၁၇ခုနှစ် နှစ်စတွင်တစ်ပိဿာလျှင်ကျပ် ၄၃၀၀ ဖြစ်ခဲ့ပြီး မေလမှစ၍ ဒီဇင်ဘာတတိ ယပတ်အထိ တစ်ပိဿာလျှင်ကျပ် ၄၅၀၀ ဖြင့်ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ယခုအချိန်ထိ မြေပဲဆီဈေးမှာ ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း (ပြည်)**

Vol: 17, No.50 Monday December 25 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၂၁ .၁၂ .၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - SINAR BANDA | ကုန်သေတ္တာ ၅၁၇ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - CAPE FLORES | ကုန်သေတ္တာ ၄၁၅ ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - MAENAM-1 | ကုန်သေတ္တာ ၄၇၇ ကုန်ချ ၃၁၄ ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - KUO HSIUNG | ကုန်သေတ္တာ ၄၉၆ ကုန်ချဆဲ |
| အလုံဆိပ်ကမ်း (၁) | - DA YANG BAILI | Steel Bar ၇၈၀၀ တန်ကုန်ချဆဲ |
| အလုံဆိပ်ကမ်း (၂) | - FSL SANTOS | ကုန်သေတ္တာ ၃၇၁ ကုန်ချ ၄၆၃ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၃) | -SOUL OF LUCK | ကုန်သေတ္တာ ၄၆၃ ကုန်ချ ၈၈၁ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC MERGUI | ကုန်သေတ္တာ ၅၁၃ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - VANTAGE REEF | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၁) | - KYAUK PYU | Steel Bar ၅၉၉၉ တန်ကုန်ချဆဲ |
| Myanmar Integrated Port Ltd | - VIKING OCEAN | Units Vehicle(RO/RO) ၁၃၆၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - XIN SI LU | 2 Nos Quayside Cranes & 5 Nos RTG CRANE ၄၀၇၃ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - LE MANS EXPRESS | Units Vehicle(RO/RO) ၁၂၀၇ တန်ကုန်ချရန် |
| MMTM JETTY | - MT.OCEAN VICTORY | MOGAS 92 Ron+Diesel Oil ၂၆၃၇၂ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MIDWEST ANGELA II | PKGS G/C ၂၀ ကုန်ချရန် | SINGAPORE | ၂၁.၁၂.၂၀၁၇ |
| JIN SHENG | Steel Equipment ၂၅၀၀၀ တန်ကုန်ချရန် | CHINA | ၂၁.၁၂.၂၀၁၇ |
| U THAR | Steel Product ၁၃၉၉၈ ကုန်ချရန် | - | ၂၁.၁၂.၂၀၁၇ |
| ANNITA | Steel& G/C ၂၉၈၇၅ တန်ကုန်ချရန် | CHINA | ၂၃.၁၂.၂၀၁၇ |
| NCC NAPALI | Cement (In Bulk) ၁၇၅၀၀တန်ကုန်ချရန် | MALAYSIA | ၂၆.၁၂.၂၀၁၇ |
| SKY HIGH SW | Steel ၂၀၂၆ တန်ကုန်တင်ရန် | JAPAN | ၂၇.၁၂.၂၀၁၇ |
| BELOCEAN | Steel Equipment ၂၅၀၀၀ တန်ကုန်ချရန် | CHINA | ၂၇.၁၂.၂၀၁၇ |
| HANDE | Equipment ၅၁၀ တန်ကုန်ချရန် | SINGAPORE | ၂၇.၁၂.၂၀၁၇ |
| LOTUS LEADER | Units Vehicle(RO/RO) ၃၉၃ တန်ကုန်ချရန် | JAPAN | ၂၈.၁၂.၂၀၁၇ |
| OCEAN LADY | Coal (In Bulk) ၂၈၀၀၀ တန်ကုန်ချရန် | RUSSIA | ၂.၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၁၂.၂၀၁၇ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၁၂.၂၀၁၇ |
| SIMA PRFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၂.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၂.၂၀၁၇ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅.၁၂.၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၃.၁၂.၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၃.၁၂.၂၀၁၇ |
| SEA PEARL | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၃.၁၂.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၁၂.၂၀၁၇ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၁၂.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEN AUTUMN | ဒီဇယ်ဆီ/MOGAS 92 Ron | - | ၂၁.၁၂.၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | - | ၂၂.၁၂.၂၀၁၇ |
| MT.ROYAL-36 | P.Oil (In Bulk) | INDINESIA | ၂၃.၁၂.၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၂၃.၁၂.၂၀၁၇ |
| MT.OCEAN DOLPHIN | ဒီဇယ်ဆီ | SINGAPORE | ၂၃.၁၂.၂၀၁၇ |
| MT.AMAZONA | ဒီဇယ်ဆီ | INDINESIA | ၂၃.၁၂.၂၀၁၇ |
| MT.TROMOS | ဒီဇယ်ဆီ | SINGAPORE | ၂၃.၁၂.၂၀၁၇ |
| MT.OCEAN LARK | ဒီဇယ်ဆီ | SINGAPORE | ၂၃.၁၂.၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၅.၁၂.၂၀၁၇ |
| MT.AU VIRGO | P.Oil (In Bulk) | INDINESIA | ၂၅.၁၂.၂၀၁၇ |
| MT.SENNA- 2 | LPG GAS | SINGAPORE | ၂၅.၁၂.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၂၇.၁၂.၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၉.၁၂.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၃၁.၁၂.၂၀၁၇ |

# ဒီဇင်ဘာ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံ ဈေးလျော့သွားပေမယ့် ဝယ်လိုအားရှိသလောက် အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဆောင်းပဲသစ်အချို့ ဝင်ရောက်မှုရှိသလို လက်ကျန်ပဲဟောင်းများလည်းရှိတဲ့အတွက် ပဲဟောင်း၊ပဲသစ်နှစ်မျိုးစလုံးအရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံများမှာ ပဲအထွက်လှိုင်ချိန်ဖြစ်တာကြောင့် ဈေးကွက်အတွင်း အိတ် ၆၀၀- ၇၀၀ ကျော်ထိ အဝင်များခဲ့သလို မန္တလေးလိုင်းသမားများဝယ်လိုအား ကောင်းတဲ့အတွက် ဝင်ရောက်လာသမျှ ရောင်းချရတယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် ယခင် တစ်ပတ်ကထက် ဈေးလျော့သွားပေမယ့် မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးကောင်းရခဲ့ပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသစ်တစ်တင်းကျပ် ၂၉၀၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ဈေးကို မမီခဲ့ဘူးလို့သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲလက်ကျန်များ နေ့စဉ်အရောင်းအဝယ် မဖြစ်ပေမယ့် တစ်ခါတစ်ရံမှာ အိတ် ၃၀၀ကျော်ထိ အရောင်းအဝယ် ဖြစ်ခဲ့တာကိုတွေ့ရပါ တယ်။ ပဲဈေးနှုန်းမှာလဆန်းရက်ကထက် ဈေးပိုရလာလို့ တစ်တင်းကျပ်နှစ်သောင်းနီးပါးထိ ရရှိလာခဲ့ပါတယ်။ ဒါကြောင့် ယခုလအတွင်း မတ်ပဲသီးနှံ ဈေးနှုန်းမြင့်တက်လာတယ်လို့ဆိုရမှာဖြစ်ပြီး လှောင်လက်သမားအချို့လည်း ထုတ်ရောင်းချလာခဲ့တာကြောင့် ယခင်လတွေကထက် အရောင်းအဝယ် ပိုလာခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ် ကာလတူက မတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ် ၃၆၀၀၀ ထိရရှိခဲ့ပြီး ပဲတီစိမ်းသီးနှံထက် ဈေးပိုရလာခဲ့သော်လည်း ယခုနှစ်မှာတော့ပဲတီစိမ်းသီးနှံတစ်မျိုးသာ ပြည်ပဝယ်လိုအားရှိတဲ့ပဲထဲမှာ ဈေးကောင်းခဲ့ကာ ကျန်ပဲနှစ်မျိုးဖြစ်သော မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးအေး၊အရောင်းအဝယ်အေးခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်အတွင်း ကုလားပဲသီးနှံမျိုးပဲ အဝယ်ဆက်ရှိခဲ့တယ်လို့သိရပြီး ပန်းတောင်းနှင့် ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှ ဝယ်ယူခဲ့ကြလို့ မျိုးပဲအိတ် ၂၀ ကျော် ၃၀ အရောင်းအဝယ်ဖြစ်ခဲ့ကာ မျိုးပဲဈေး တစ်တင်းကျပ်၃၆၀၀၀ဖြင့်ရောင်းဝယ်ခဲ့သလို ပဲခွဲစက်သမားဝယ်ယူသည့် ဈေးကတော့ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ခွဲစက်သမားများဖြင့် ရောင်းဝယ်သည့် အိတ်ပမာဏကတော့ အိတ် ၂၀၀ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။

လက်လီအရောင်းအဝယ်များတဲ့ ပဲများဖြစ်သော ဘိုကိတ်၊ ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲပုပ်သီးနှံများမှာ ပဲသစ်များဝင်ရောက်ခဲ့ပြီး ဘိုကိတ်ပဲသစ်မှလွဲ၍ ကျန်ပဲများအားလုံး အိတ်အနည်းငယ်သာဝင်ရောက်ခဲ့တာကြောင့် လက်လီအရောင်းအဝယ်သာဖြစ်ခဲ့ပါတယ်။ ဘိုကိတ်ပဲသစ်မှာ တစ်ရက်လျှင် အိတ် ၁၀၀ကျော်အထိ ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့သလို အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ရန်ကုန်ဝယ်လက်သမားရော လက်လီသမားများပါ ဝယ်ယူတဲ့အတွက် အရောင်းအဝယ်သွက်နေခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ်၂၅၅၀၀ ဖြင့်ဈေးငြိမ်လျက်ရှိပြီး ယခင်နှစ်ပဲသစ်ပေါ်ချိန်က တစ်တင်း ကျပ်၂၇၀၀၀ ထိရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ် ဈေးကို မမီခဲ့ဘူးလို့သိရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် လလယ်က ဈေးထက်ဈေးလျော့သွားသလို ထောပတ်ပဲနှင့် ပဲပုပ်သီးနှံဈေးများကတော့ ယခင်တစ်ပတ် အတိုင်းထောပတ်ပဲ တစ်တင်းကျပ် ၃၁၂၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၂၀၅၀၀ တို့ဖြင့် ဈေးဆက်ငြိမ်လျက် လက်လီသမားများ အိတ်အနည်းငယ်စီ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ယခုတစ်ပတ်အတွင်း ပြည်ပဝယ်လက်ပဲများထဲမှာ ပဲတီစိမ်းသီးနှံအရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပြီး ကျန်ပဲများအားလုံး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ဒီဇင်ဘာတတိယပတ်အတွင်းပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီအသစ်များစတင်ဝင် ရောက်နေပြီဖြစ်ပါတယ်။ ပဲစင်းငုံနီအသစ်မှာ တစ်တင်းလျှင် ကျပ် ၁၄၂၀၀ ဖြင့် ၁၅ အိတ်နှင့် ပဲစင်းငုံနီ အဟောင်းဈေးမှာလည်း တဖြည်းဖြည်း မြင့်တက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၂၀၀၀ဖြင့်တင်း၅၀မှ၂၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်သို့အိတ် ၅၀၀ ခန့်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးကွက်မှာ ပြည်ပဝယ်လက်မရှိခြင်း အနယ်နယ်အရပ်ရပ်မှ ဈေးကွက်များကျဆင်းနေခြင်းတို့ကြောင့် ကုလားပဲဈေးမှာ တဖြည်းဖြည်းနှင့်ကျဆင်းနေကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ယခင်လက ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၄၂၀၀၀ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ထိ ကျဆင်းနေပါတယ်။ ထို့ပြင် ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၈၀၀၀၊ ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၈၀၀၀ထိကျဆင်းနေခဲ့ပြီး အိတ် ၁၀၀ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲတီစိမ်းအသစ် တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် တင်း ၅၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက်ဖြစ်သည့် နှမ်းဈေးကွက်မှာ ပြည်ပမှအဝယ်လိုက်လာခြင်းတို့ကြောင့် တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းညိုတစ်တင်းကျပ်၃၀၈၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၃၀၀၀ ဖြင့် အိတ် ၅၀၊နှမ်းနက်(စမုံ)မှာလည်း ဈေးကောင်းရလျက်ရှိပြီး တစ်တင်းလျှင်ကျပ်၃၅၀၀၀ မှ၃၉၅၀၀ဖြစ်ပြီးအိတ်၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဂန့်ဂေါခရိုင်ယောဒေသထွက်ဖြစ်သည့်နှမ်းဝါမှာ အရည်အသွေးကောင်းမွန်၍ ဈေးကောင်းရရှိနေပြီးအိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်း(ဂ္ဂ)နက်ပါ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၃၀၀၀ဖြင့်အိတ် ၅၀ခန့်ပခုက္ကူကုန်စည်ဒိုင် တွင် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တိရစ္ဆာန်အစာဖြစ်သည့် ပြောင်းဖူးစေ့ (CP)တစ်တင်းလျှင်ကျပ် ၇၅၀၀ဖြင့်အိတ်၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်စားတော်ပဲ ဒုတိယဈေးအမြင့်ဆုံးရနေ

ဒီဇင်ဘာတတိယပတ်မှာ ပြည်ပဲ ဈေးကွက်အတွင်း ဒုတိယဈေးအမြင့်ဆုံးရနေတဲ့ စားတော်ပဲသီးနှံ ဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံမှာ လက်လီသမားများသာ နေ့စဉ်အိတ်အနည်းငယ်သာ ရောင်းချခဲ့တယ်လို့ သိရပါတယ်။

ပဲဈေးအနေဖြင့် အရည်အသွေးပေါ်လိုက်၍ ဈေးကွာခြားခဲ့တာကြောင့် ဒေသထွက်မင်းတုန်းပဲ အမျိုးအစားမှာ တစ်တင်းကျပ် ၅၀၀၀၀၊ ပြည်ပမှဝင်ရောက်လာသော ကနေဒါ ပဲအမျိုးအစားမှာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေခဲ့သော်လည်း ပဲဈေးကွက်အတွင်း ပြည်ပဝယ်လိုအားရှိသော ပဲများထက်ပင် ဈေးကောင်းရနေခဲ့သလို နှစ်စဉ်ဈေးကောင်းရတဲ့ ပဲသီးနှံဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ကြက်သွန်

### ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနံ့အရောင်းအဝယ်အေး

ပြည်ဈေးကွက်သို့ ကြက်သွန်နီအသစ်များသာ ဝင်ရောက်လျက်ရှိပြီး ရေနံချောင်း၊ ပခုက္ကူဘက်မှ အများဆုံးဝင်ရောက်နေတာ တွေ့ရပါတယ်။ နေ့စဉ်ပိဿာချိန် ၆၅၀၀ ခန့် ဝင်ရောက်နေပြီး ဝင်ရောက်လာသော ကြက်သွန်နီများမှာ အစိုဓာတ်များရှိကာ အရည်အသွေးမကောင်းဘဲ ကြာကြာအထားမခံသဖြင့် ပြည်ပွဲရုံလုပ်ငန်းရှင်များက ချင့်ချိန်မှာယူရောင်းချနေရကြောင်းလည်းသိရပါတယ်။ ဈေးကောင်းရရန်တောင်သူများက မရင့်မီတူးဖော်ရောင်းချနေသဖြင့် အရည်အသွေးပေါ် မူတည်၍ အိတ်ဆွဲဝယ်ရောင်းသမားများ၊ လှောင်လက်သမားများက လိုအပ်သလောက်သာ ဝယ်ယူကြတဲ့အတွက် အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီအသစ်ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၂၆၀၀၊ (လတ်) ကျပ် ၂၄၀၀-၂၅၀၀၊ (သေး) ကျပ် ၂၂၀၀-၂၃၀၀ တို့ရှိ၍ လက်လီ ဈေးများတွင်(ကြီး) ကျပ် ၂၈၀၀-၃၀၀၀၊ (လတ်)ကျပ် ၂၆၀၀-၂၇၀၀၊(သေး)ကျပ် ၂၃၀၀-၂၅၀၀နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း မပြောင်းလဲဘဲရှိနေတာတွေ့ရပါတယ်။ စိုက်ပျိုးတောင်သူများအနေဖြင့် ယခုကာလအတွင်း ဈေးကောင်းရကာ တွက်ခြေကိုက်လျက် ရှိနေပေမယ့် ပြည်ဈေးကွက်အတွင်းရှိ စားသုံးသူ ပြည်သူများမှာတော့ မီးဖိုချောင်တွင် မရှိမဖြစ်သုံးစွဲနေရသည့် ကြက်သွန်နီသီးနှံနှင့်ပတ်သက်ပြီး ဈေးနှုန်းလည်းကြီးမြင့်သလို အစိုဓာတ်များရှိကာ အရည်အသွေးမကောင်းသည့်အတွက် ချင့်ချိန်ဝယ်ယူစားသောက်နေရကြောင်း တွေ့ရပါတယ်။ ယခင်နှစ်ကာလတူဈေးနှုန်းများနှင့် ယခုဖြစ်ပေါ် လျက်ရှိတဲ့ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခု နှစ်မှာ ကြက်သွန်နီများ ဈေးကောင်းလျက်ရှိနေတာကို အောက်ပါဇယားအရ သိရှိနိုင်ပါတယ်။

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း (ကျပ်) | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| အောက်တိုဘာ | ၆၀၀ | ၇၅၀ | ၂၃၀၀ | ၂၆၀၀ |
| နိုဝင်ဘာ | ၁၁၀၀ | ၁၃၀၀ | ၂၆၀၀ | ၂၈၀၀ |
| ဒီဇင်ဘာ (တတိယပတ်) | ၉၀၀ | ၁၂၀၀ | ၂၄၀၀ | ၂၆၀၀ |

ဝင်းလဲ့ဝါ(ပြည်)

### ပြည်ကြက်သွန်ဖြူဈေးအကျနှင့်ငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ကြက်သွန်ဖြူ(ပွဲရုံ)များတွင် တောင်ကြီးနှင့် တရုတ်စများ ပုံမှန်ဝင်ရောက်နေပါတယ်။ ယခုနှစ်မှာ ကြက်သွန်ဖြူဈေးအကျနဲ့ ငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ရှမ်းစတစ်ပိဿာ(ပွဲရုံဈေး)ကျပ် ၂၃၀၀၊ (ကြူကုတ်စ)ကျပ် ၁၇၅၀တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ဒေသတွင်းဈေးကွက်တွင် လက်လီဈေးများမှာ(ရှမ်းစ)ကျပ် ၂၇၀၀မှ ကျပ် ၃၀၀၀ ၊ (ကြူကုတ်စ) ကျပ် ၁၉၀၀ မှ ၂၀၀၀တို့ဖြင့် ရောင်းချနေပါတယ်။ ပြည်ပွဲရုံများတွင် (ကြူကုတ်)အိတ်ဆွဲဈေး ကျပ် ၁၆၅၀ ဖြင့် ရောင်းချလျက်ရှိပြီး နေ့စဉ်ပုံမှန်အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

## နနွင်း

### ရေကြောင်းလမ်းမှ နနွင်း ပိုမိုတင်ပို့

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း နနွင်း(ရှမ်းစ)အသစ် ၁၆၃ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၅၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၅၃ ဒသမ ၅တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၇၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၂၀-၇၄၀ အတွင်း ရရှိခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၉၃၉၂၀ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

## ချင်း

### တရုတ်နိုင်ငံသို့ ချင်းခြောက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၉ရက်မှ ၁၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၃၅၀ တန်ဖိုးရှိ ချင်းခြောက်တန် ၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းတင်ပို့မှုမရှိဘဲ နိုဝင်ဘာလဆန်းပိုင်းက ၁၁ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေးမှာ ၁၆၉၁၉၅၅ ကျပ်ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းများမှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၆၂၀တန်ဖိုးရှိ ချင်းစို ၂၇ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေကုန်သွယ်ရေးမှ ၇တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှတန် ၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေကုန်သွယ်ရေးစခန်းမှ ချင်းတင်ပို့မှုမရှိဘဲ မောင်တောကုန်သွယ်ရေးစခန်းမှ ၁၄တန်နီးပါးတင်ပို့ခဲ့ကြောင်း၊ စစ်တွေတွင် ချင်းစိုတစ်တန်ရဲ့မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ) ၁၀၃၇၂၄၈ကျပ်ရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**

### ဒီဇင်ဘာတတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင်ကျပ် ၂၁၀၀ မှ ၂၁၅၀၊ ကျွန်းဆန် တစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ S1(မြေပဲဖြူလုံးဆန်) ကျပ် ၂၁၀၀ မှ ၂၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက်မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်တက်နေပြီး အရည်အသွေးကိုလိုက်၍ ဈေးကောင်းလျက်ရှိပါတယ်။ မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၇၅၀၀မှ ၁၈၀၀၀ထိဖြစ်ပါတယ်။ ရေစကြိုကုန်စည်ဒိုင်တွင် ပဲပိစပ် တစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရပါတယ်။ယခုတစ်ပတ်တွင် ရေစကြိုကုန်စည်ဒိုင်၌ ဆောင်းရာသီ သီးနှံဖြစ်သည့် ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ထက် ဈေးကောင်းရရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။ ပဲလွန်းဖြူတစ်တင်းလျှင်ကျပ် ၃၀၀၀၀ ဖြစ်ပါတယ်။ ပဲလွန်းပြာမှာလည်း ပဲလွန်းဖြူနှင့် အတူဈေးကောင်းရရှိနေပါတယ်။ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၂၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ကုလားပဲများဖြစ်သော HL တစ်တင်းလျှင် ကျပ် ၂၈၀၀၀၊ 929 တစ်တင်းလျှင်ကျပ် ၂၈၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဖြူသန့်မှာလည်း ဈေးကောင်းရနေပြီး တစ်တင်းလျှင်ကျပ် ၄၂၀၀၀မှ ၄၂၅၀၀ထိ အရည်အသွေးကိုလိုက်၍ ဈေးကောင်းရရှိနေကြောင်း ရေစကြိုကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မန်ကျည်း

### ရေလမ်းမှ မန်ကျည်းတန်ချိန် ၁၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက် အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၁၂ ဒသမ ၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၃၇ ဒသမ ၆ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၁၀၀ နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၂တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၃၀၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် Myanmar Business Forum နှင့် Business Matching ကျင်းပ

မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်သည့်ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့်ဂျပန်-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြင့်တင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များနှင့် ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များ တွေ့ဆုံသည့် Myanmar Business Forum နှင့် Business Matching ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ကျင်းပခဲ့ပါသည်။

တိုကျိုမြို့ရှိ မြန်မာသံရုံးနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ Myanmar Business Forum အား Bellessalle Onarimon Hall၌လည်းကောင်း၊ Business Matchingအား ASEAN Hall ၌ လည်းကောင်း နိုဝင်ဘာ ၂၂ ရက်ကကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် ဂျပန်လုပ်ငန်းများမှ ကိုယ်စားလှယ် ၁၅၅ ဦးနှင့် မြန်မာနိုင်ငံ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နာယက ဦးအောင်ကိုဝင်းနှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူများဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Investors Development Association – MIDA) ဥက္ကဋ္ဌဦးခင်မောင်အေးတို့ ခေါင်းဆောင်သည့် ကုမ္ပဏီ ၂၆ခုမှ စီးပွားရေးကိုယ်စားလှယ် ၅၀ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၂၀၀ ကျော်တက်ရောက်ခဲ့ပါသည်။

Myanmar Business Forum ဖွင့်ပွဲအခမ်းအနားတွင် အစီအစဉ်အရအာဆီယံ-ဂျပန်စင်တာအတွင်းရေးမှူးချုပ်Mr. Masataka Fujita က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ထို့နောက် မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်က Myanmar Business Forum နှင့် Business Matching ကျင်းပရသည့်ရည်ရွယ်ချက်၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊မြန်မာ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုရှင်းလင်းပြောကြားခဲ့ပါသည်။ အစီအစဉ်အရ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ကိုယ်စား Myanmar Investors Development Association ဥက္ကဋ္ဌဦးခင်မောင်အေးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးသံမှူးက တက်ရောက်လာသည့် မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ အစီအစဉ်အရ မြန်မာနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ ၁၀ ဖွဲ့ဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဂျပန်နိုင်ငံမှလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းများကိုဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့ပြင် Myanmar Business Forum ကျင်းပသည့် BellessalleOnarimon Hall ၌ မြန်မာနိုင်ငံမှ တက်ရောက်သည့် ကုမ္ပဏီ ၂၆ခုအတွက် စီးပွားရေးလုပ်ငန်းသတင်းအချက်အလက်များဖြန့်ဝေထားရှိသည့်နေရာများတွင် ဖိုရမ်သို့ တက်ရောက်လာသည့် ဂျပန်လုပ်ငန်းရှင်များက စိတ်ဝင်စားစွာမေးမြန်းစုံစမ်းခဲ့ပါသည်။ထို့နောက် Business Matching အား ASEAN Hall ၌ ဆက်လက်ကျင်းပခဲ့ရာမြန်မာနိုင်ငံမှ လာရောက်သည့် စီးပွားရေးလုပ်ငန်း ၂၆ခုနှင့်ဂျပန်နိုင်ငံမှလုပ်ငန်းများတစ်ဦးချင်း(One to One) တွေ့ဆုံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးမှု စုစုပေါင်း ၅၈ ခုကိုအခန်း ၁၄ခန်းဖြင့် ကျင်းပခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုကြောင့် ဂျပန်နိုင်ငံမှလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းများအကြား နားလည်မှုနှင့် ရင်းနှီးမှုပိုမိုရရှိခဲ့ပြီး၊ နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် များစွာအထောက်အကူပြုနိုင်ခဲ့ပါသည်။

ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများ၏ အခြေအနေနှင့်ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လိုခြင်းများကို ပိုမိုသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံမှလုပ်ငန်းများနှင့် ဂျပန်နိုင်ငံမှ မီဒီယာများတွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုကျင်းပခဲ့သည့် Myanmar Business Forum နှင့် One to One Business Matching ကို ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ Forum နှင့် Business Matching မှရရှိခဲ့သည့်ဂျပန်-မြန်မာစီးပွားရေးလုပ်ငန်းချိတ်ဆက်မှုများသည် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်ခြင်း၊နှစ်နိုင်ငံအကြားကုန်သွယ်မှု မြင့်တင်ခြင်းနှင့်ခရီးသွားလုပ်ငန်းတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်လာကြောင်းသတင်းရရှိပါသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

Vol: 17, No.50 Monday December 25 2017

# ပြည်ပလိုအပ်ချက်ရှိသည့် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးပြီး ပဲဈေးကွက် ပြောင်းလဲနိုင်ဖို့

[ ကေခိုင်ကျော် ]

မြန်မာနိုင်ငံသည် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံတို့အား အဓိကသီးနှံများအဖြစ် စိုက်ပျိုးလျက်ရှိပြီး တစ်နိုင်ငံလုံးစိုက်ဧရိယာ စုစုပေါင်း၏ ၃၄ရာခိုင်နှုန်းကို စပါးစိုက်ပျိုးပြီး ၂၁ ရာခိုင်နှုန်းကို ပဲမျိုးစုံစိုက်ပျိုးကြောင်း သိရပါတယ်။

ဒါ့အပြင် ၁၆ ရာခိုင်နှုန်းကို ဆီထွက်သီးနှံများ စိုက်ပျိုးပြီး ကျန်စိုက်ဧရိယာများကိုတော့ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးကြကြောင်း သိရှိရပါတယ်။

ပဲမျိုးစုံစိုက်ဧကအနက် ၆၆ ရာခိုင်နှုန်းတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တို့ကို စိုက်ပျိုးကြပြီး ကျန် ၃၄ ရာခိုင်နှုန်းမှာ ပဲတီစိမ်း၊ ပဲလွန်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနဲ့ အခြားပဲများစိုက်ပျိုးကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့တွင် ပဲမျိုးစုံစုစုပေါင်းစိုက်ဧက၏ ၅၄ ရာခိုင်နှုန်းကို စိုက်ပျိုးကြပါတယ်။

ပဲမျိုးစုံကဏ္ဍဟာ ပြည်ပပို့ကုန် အများဆုံးကဏ္ဍတစ်ခုဖြစ်ပြီး ပြည်ပပို့ကုန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ကို တင်ပို့လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံသို့ ပဲအများဆုံး တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံသို့လည်း တင်ပို့လျက်ရှိပါတယ်။ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၁၅ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း၁၄၀၀ ခန့် တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပြည်တွင်းပဲဈေးကွက်မှာ ပဲမျိုးစုံဈေးနှုန်းများ အနေဖြင့် ရန်ကုန် FOB တစ်တန်ဈေးနှုန်းမှာ (၂၀-၁၀-၂၀၁၇) ရက်တွင် မတ်ပဲ အမေရိကန်ဒေါ်လာ ၃၅၀၊ ပဲစင်းငုံ အမေရိကန်ဒေါ်လာ ၂၈၀၊ ပဲတီစိမ်း အမေရိကန်ဒေါ်လာ ၆၈၀ ဖြစ်ပြီး၊ (၁-၁၁-၂၀၁၇) ရက်တွင် မတ်ပဲ အမေရိကန်ဒေါ်လာ ၃၅၀၊ ပဲစင်းငုံ အမေရိကန်ဒေါ်လာ ၂၄၅၊ ပဲတီစိမ်း အမေရိကန်ဒေါ်လာ ၆၈၀ ရှိရာ မတ်ပဲနဲ့ပဲတီစိမ်းမှာ ဈေးနှုန်းတည် ငြိမ်လျက်ရှိပြီး ပဲစင်းငုံမှာ အမေရိကန် ဒေါ်လာ ၃၅ ဈေးကျဆင်းလာခဲ့ကြောင်း သိရှိရပါတယ်။

အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းဈေးကွက်ရဲ့ တစ်တန်ဈေးနှုန်းမှာ (၁၈-၁၀-၂၀၁၇)ရက်တွင် မတ်ပဲ အမေရိကန်ဒေါ်လာ ၆၁၅၊ ပဲစင်းငုံ အမေရိကန်ဒေါ်လာ ၅၈၄ ရှိပြီး၊ (၁-၁၁-၂၀၁၇) ရက်တွင် မတ်ပဲ အမေရိကန်ဒေါ်လာ ၅၇၇၊ ပဲစင်းငုံ အမေရိကန်ဒေါ်လာ ၅၆၆ ရှိရာ မတ်ပဲတွင် အမေရိကန်ဒေါ်လာ ၃၈ နဲ့ ပဲစင်းငုံတွင် အမေရိကန်ဒေါ်လာ ၁၈ အသီးသီး ဈေးနှုန်း ကျဆင်းလာကြောင်း သိရှိရပါတယ်။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၂၂ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထုတ်လုပ်မှု တန်ချိန် ၁၆ ဒသမ ၃၅ သန်းထက် ကျော်လွန် ထုတ်လုပ်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံရဲ့ သတင်းထုတ်ပြန်ချက်များအရ သိရပါတယ်။ အိန္ဒိယနိုင်ငံမှာ ပဲမျိုးစုံအထွက်နှုန်းကောင်း၍ ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းလာတဲ့အတွက် အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့အား ပြည်ပတင်သွင်းရာတွင် တန်ချိန်အရေအတွက်ကို ကန့်သတ်တင်သွင်းရန် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့သည့်အပြင် ၂၀၀၆ ခုနှစ်ကတည်းက ချမှတ်ခဲ့သည့် အဆိုပါပဲသုံးမျိုးအားပြည်ပသို့ တင်ပို့ခွင့်တားမြစ်ချက်ကို ယခုနှစ် စက်တင်ဘာလမှစတင်၍ ဖယ်ရှားပေးခဲ့ပါတယ်။ ဒါကြောင့် အိန္ဒိယ ကုမ္ပဏီများဟာ နီပေါ၊ ကနေဒါနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ပဲတင်ပို့ခွင့်လျှောက်ထားလျက်ရှိနေကြောင်း သိရှိရပါတယ်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ယခင်နှစ်ပဲမျိုးစုံထုတ်လုပ်မှုထက် တန်ချိန် ၆ သန်း ကျော် ပိုမိုထုတ်လုပ် နိုင်ခဲ့ကြောင်း၊ နောင်နှစ်နှစ်ကြာပါက ပြည်ပမှ ပဲတင်သွင်းရန် လိုအပ်တော့မည်မဟုတ်ဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးစကားဝိုင်းဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး ရာဒါမိုဟန်ဆင်းဂ်က ပြောကြားခဲ့ပါတယ်။



၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကနေဒါနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပဲညီလာခံမှာ ပညာရှင်များရဲ့ သုံးသပ်ချက်အရ အိန္ဒိယနိုင်ငံဟာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့အတွက် အဓိကဈေးကွက်မောင်းနှင်သူဖြစ်ကြောင်း၊ ယခုနှစ် kharif ရာသီတွင် မတ်ပဲကို ၆ရာခိုင်နှုန်း တိုးမြှင့်စိုက်ပျိုးနိုင်သော်လည်း ပဲတီစိမ်းကို ၂၅ ရာခိုင်နှုန်း လျော့နည်းစိုက်ပျိုးခဲ့ပြီး ပဲစင်းငုံကိုလည်း ၇၀ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ မတ်ပဲစိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနဲ့ ပါကစ္စတန်တို့ဖြစ်ကြောင်း၊ ပဲစင်းငုံ စိုက်ပျိုး သောနိုင်ငံများမှာ အိန္ဒိယ၊ မြန်မာ၊ မာလာဝီ၊ တန်ဇန်းနီးယားနဲ့ ကင်ညာ နိုင်ငံတို့ဖြစ်ပြီး ပဲတီစိမ်းစိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်နဲ့မိုဇမ်ဘစ်နိုင်ငံတို့ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

အဆိုပါပဲသုံးမျိုးအနက် မတ်ပဲနဲ့ ပဲစင်းငုံကို အများဆုံးတင်ပို့တဲ့နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ပဲတီစိမ်းအများဆုံး တင်ပို့တဲ့နိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ပါတယ်။ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့ကို အဓိကတင်သွင်းတဲ့နိုင်ငံကတော့ အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းသာ ဖြစ်ပြီး တရုတ်နိုင်ငံကတော့ ဒုတိယအများဆုံး တင်သွင်းတဲ့နိုင်ငံဖြစ်ပါတယ်။ ပညာရှင်ဘိုရက်ချ်၏ သုံးသပ်ချက်အရ အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ဟာ အတက်အကျတွင်သာရှိနေပြီး ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်အတွင်း အိန္ဒိယသို့ ပဲအဓိကတင်ပို့သူသည် မြန်မာနိုင်ငံ ဖြစ်ခဲ့သော်လည်း ဩစတြေးလျ၊ တန်ဇန်းနီးယားနဲ့ ကင်ညာနိုင်ငံတို့က အိန္ဒိယနိုင်ငံသို့ ဈေးကွက်ထိုးဖောက်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဈေးကွက်ရရှိမှုဟာ ၇၆ ရာခိုင်နှုန်းကနေ ၆၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့တယ်လို့ ဆိုပါ တယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယသို့ ပဲတီစိမ်း အဓိကတင်ပို့သူအဖြစ် ရပ်တည်နေရာမှ တန်ဇန်းနီးယားနဲ့ မိုဇမ်ဘစ်နိုင်ငံသို့ ဈေးကွက်ဝေစုများ ခွဲဝေပေးခဲ့ရသဖြင့် တင်ပို့ခွင့်ဆုံးရှုံးခဲ့ရကြောင်း၊ မြန်မာနိုင်ငံဟာ ပဲစင်းငုံတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၀ နဲ့ရောင်းချနေချိန်မှာ အာဖရိကနိုင်ငံများက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၉၀ နဲ့ရောင်းချခဲ့တဲ့အတွက် မြန်မာနိုင်ငံဟာ အိန္ဒိယဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုလျော့ကျခဲ့ပါတယ်။ ယခုအခါ အာဖရိကနိုင်ငံများရဲ့ ပဲစင်းငုံထုတ်လုပ်မှုဟာ ယခင်နှစ်များက တန်ချိန် ၄၀,၀၀၀ မှ ၅၀,၀၀၀ အထိသာ ထုတ်လုပ်နိုင်သော်လည်း ယခုနှစ်မှာတော့ တန်ချိန် ၁၂၀,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်လာနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ပဲထုတ်လုပ်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂ ဒသမ ၄ သန်းအထိ စံချိန်တင် ထုတ်လုပ်နိုင်ခဲ့သော်လည်း နိုင်ငံရဲ့စားသုံးမှုလိုအပ်ချက်ဟာ တန်ချိန် ၂၉ သန်းခန့်ရှိတဲ့အတွက် တန်ချိန် ၆ဒသမ ၄ သန်း လိုအပ်နေတယ်လို့ ဆိုပါ တယ်။

ကမ္ဘာ့ပဲအစည်းအဝေးတွင် ပညာရှင် Boersch က အခြားပဲများနဲ့ပတ်သက်ပြီး တင်ပြရာမှာ dry pea ထုတ်လုပ်မှုဟာ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တိုးတက်ခဲ့ကြောင်း၊ ကနေဒါတွင် ၄၈ ရာခိုင်နှုန်း၊ အမေရိကန်တွင် ၂၅၀ ရာခိုင်နှုန်းနှင့် ရုရှားနိုင်ငံတွင် ၂၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်အတွင်း ရာသီ ဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ၁၁ ရာခိုင်နှုန်း လျော့ကျလာနိုင်ကြောင်း သုံးသပ်တင်ပြထားပါတယ်။ Dry pea အဓိက ထုတ်လုပ်သောနိုင်ငံများမှာ ကနေဒါ၊ ရုရှား၊ ယူကရိန်း၊ အမေရိကန်၊ အိန္ဒိယ၊ ပြင်သစ်နဲ့ ဩစတြေးလျနိုင်ငံတို့ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ လွန်ခဲ့တဲ့ ငါး နှစ်အတွင်း dry pea လိုအပ်ချက် ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက ၄၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၅၀ ရာခိုင်နှုန်းအထိမြင့်မားခဲ့ကြောင်း၊ ပျမ်းမျှအားဖြင့် ကမ္ဘာ့ dry pea လိုအပ်ချက်သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တန်ချိန်အားဖြင့် ၂ ဒသမ ၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၅၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း ဘိုရက်ချ်က သုံးသပ်ခဲ့ပါတယ်။

ကမ္ဘာ့ပဲတင်သွင်းမှုကိုကြည့်ပါက နိုင်ငံများရဲ့ တင်ပို့နိုင်မှု အကန့်အသတ်ကြောင့် ၂၀၁၇ ခုနှစ်မှာ ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ပဲတင်ပို့သော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ကျူးဘား၊ မြန်မာ၊ ယူအေအီး၊ ဖိလစ်ပိုင်နဲ့ မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း၊ ကမ္ဘာ့ dry pea လိုအပ်ချက်သည် ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်အစားအစာနဲ့ အာဟာရပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ တိုးတက်လာပြီး ဈေးကွက်လိုအပ်ချက် မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ဥပမာ တရုတ်နိုင်ငံမှ စားသုံးသူများသည် တိရစ္ဆာန်မှရသော ပရိုတိန်းထက်အပင်မှရသော ပရိုတိန်းကို ပိုမိုစားသုံးရန် ရွေးချယ်လာကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ပဲတင်သွင်းမှုလိုအပ်ချက် မြင့်တက်လာနိုင်ကြောင်း ဘိုရက်ချ်က သုံးသပ်ထားပါတယ်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းမှာ ထုတ်လုပ်မှုလုံလောက်လျက်ရှိပြီး တူရကီနိုင်ငံ(ပင်လယ်နက်ဒေသ)မှ ဈေး ပေါပေါဖြင့် တင်သွင်းနိုင်မှုတို့ကြောင့် ကနေဒါနိုင်ငံမှ ပဲတင်သွင်းမှု လျော့ကျသွားနိုင်မယ်လို့ Eric Fossay က သုံးသပ်ထားပါတယ်။

တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်မှာ dry pea တန်ချိန် ၄၆၇,၀၀၀ တန်အထိ တင်သွင်းခဲ့တဲ့အတွက် ယခင်နှစ်ထက် တန်ချိန် ၁၀၀,၀၀၀ ပိုမိုတင်သွင်း ခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေနဲ့ dry pea တင်သွင်းမှုတန်ချိန် ၁ ဒသမ ၁ သန်းအထိ မြင့်တက်လာနိုင်ကြောင်း Zhang Baosheng က သုံးသပ်ထားပါတယ်။

၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြေထောက်ပဲ (red kidney bean) လိုအပ်ချက်သည် တန်ချိန် ၁၅၀,၀၀၀ ကျော် ၂၀၀,၀၀၀ ဝန်းကျင်အထိရှိခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်တွင် တရုတ်နိုင်ငံ၏ speckled kidney bean ထုတ်လုပ်မှုသည် ၂၀၀၈ခုနှစ်တွင် တန်ချိန် ၃၅၀,၀၀၀ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၅၀,၀၀၀ အထိကျဆင်းခဲ့ ကြောင်း၊ ထို့ကြောင့် အိန္ဒိယ၊ ယီမင်၊ ပါကစ္စတန်နဲ့ တောင်အာဖရိကနိုင်ငံတို့အနေဖြင့် တရုတ်ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်တော့မှာဖြစ်ပါတယ်။

ဘရာဇီးနိုင်ငံရဲ့နှစ်စဉ် dry beans စားသုံးမှုမှာ တန်ချိန် ၃ ဒသမ ၄ သန်းအထိရှိကြောင်း၊ အဓိကစားသုံးတဲ့ပဲမှာ black beans ဖြစ်ပြီး အခြား red kidney beans, speckled kidney beans နဲ့ alubias ပဲများကို လည်းစားသုံးကြောင်း၊ ဘရာဇီးနိုင်ငံဟာ အစိုဓာတ်လွန်ကဲ၍ black beans သီးနှံများ ထိခိုက်သဖြင့် အာဂျင်တီးနားနိုင်ငံမှ အမြောက်အမြား တင်သွင်းနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံဟာ အမေရိကန်နဲ့ အာဂျင်တီးနားနိုင်ငံသို့ black beans အဓိက တင်ပို့တဲ့နိုင်ငံဖြစ်သလို ကျူးဘားနဲ့ ဗင်နီဇွဲလားနိုင်ငံသို့လည်း တရုတ်နိုင်ငံရဲ့ black beans ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ပုံမှန်တင်ပို့ ရောင်းချလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ တရုတ်နိုင်ငံဟာ black beans တန်ချိန် ၁၀၀,၀၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။

မြောက်အမေရိက၊ အာဂျင်တီးနားနဲ့ တရုတ်နိုင်ငံတို့ဟာ white beans အဓိကတင်ပို့တဲ့ နိုင်ငံများဖြစ်ပြီး အဓိကအားဖြင့် ဥရောပ၊ အာဖရိကနဲ့ အာရှတိုက်နိုင်ငံများသို့တင်ပို့ကြောင်း၊ white beans စုစုပေါင်း တန်ချိန် ၅၀၀,၀၀၀ အထိတင်ပို့လျက်ရှိကြောင်း သိရပါတယ်။

အီဂျစ်နိုင်ငံရဲ့ ၉၃ သန်းသော စားသုံးသူများမှာ နှစ်စဉ် faba beans မက်ထရစ်တန် ၇၅၀,၀၀၀ အထိ စားသုံးကြောင်း၊ အီဂျစ်နိုင်ငံဟာ faba beans ကို ထုတ်လုပ်ပေမယ့်လည်း ပိုးကျရောက်ခြင်း၊ တန်ဖိုးနည်း တင်သွင်းခြင်းများကြောင့် နှစ်စဉ် တန်ချိန် ၇၀,၀၀၀ မှ ၁၀၀,၀၀၀ အထိသာ ထုတ်လုပ်နိုင်ကြောင်း၊ ကျန်လိုအပ်ချက်အား ပြည်ပတင်သွင်းမှုအပေါ်တွင်သာ

**စာမျက်နှာ ၁၇ သို့**

## ခာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ခာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဒီဇင်ဘာ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၉၀၂၉၈၁၉ တန်ဖိုးရှိ ခာတ်ဆီ ၃၆၇၉၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၂၇၁၃၄၇ တန်ဖိုးရှိ ဒီဇယ် ၄၃၅၇၇ ဒသမ ၄၃ တန်၊ စုစုပေါင်း ၈၀၃၇၁ ဒသမ ၄၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန်၁၅၃၉၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ် တန်ချိန်၁၁၀၃၂၀ ကျော် တင်သွင်းမှုလျော့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၁၄၉၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခာတ်ဆီတန်ချိန် ၂၁၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ် အဝင်လျော့ပြီး ခာတ်ဆီအဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၈၄၉၉၈၇ တန်ဖိုးရှိ ဒီဇယ် ၃၄၈၂ ဒသမ ၁၄ တန်ကို လည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၆၇၈၆၈၄ တန်ဖိုးရှိ ဒီဇယ်၁၂၇၂ ဒသမ ၅၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၈၆၈၈၉ တန်ဖိုးရှိ ခာတ်ဆီ ၁၇၀ ဒသမ ၈၆ တန်ကိုလည်းကောင်း တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၂၄ တန်ဖိုးရှိ Re-export ဒီဇယ် ၂၀၀ ဒသမ ၇၁၇ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိန်း (92 )၊(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၇၈၅ ကျပ်၊ အောက်တိန်း (92) ၇၈၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၁၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေး ကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၃၀၀၀ ၊ရောင်းဈေး ကျပ် ၁၆၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလ ၁၉ ရက်မှာ ခာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ်၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ်မြင့်ခဲ့ပြီး ခာတ်ဆီဈေး အနည်းငယ်ကျခဲ့တယ်လို့ သိရပါ တယ်။

**မန္တလေးဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အောက်တိန်း(92)တစ်လီတာ ၈၆၅ ကျပ်၊ ခာတ်ဆီတစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၁၉ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၆၈၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဒီဇင်ဘာ ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေးကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ခာတ်ဆီပါဈေးငြိမ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၈၄၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၃၀၊ အောက်တိန်း (95) ကျပ် ၈၇၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၇၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

## ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အကျဈေးဖြင့် ဈေးငြိမ်ခဲ့သည့်ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က ပြည်တွင်းရွှေဈေးများသည် ကျပ် ၉၁၆၀၀၀ တွင်သာတန်းနေခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ကျပ် ၉၂၀၀၀၀ နီးပါးသို့ မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

"ပြီးခဲ့တဲ့တစ်ပတ်တုန်းကတော့ ပြည်တွင်းရွှေဈေးရော ကမ္ဘာ့ရွှေဈေးပါ တန်းနေတယ်။ ဈေးတန်းနေတဲ့အတွက် ဈေးကွက်ကို စောင့်ကြည့်နေကြတယ်။ ပြန်တက်လာမယ်လို့ အားလုံးကမျှော်နေကြတယ်။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မမြှင့်တော့ဘူးဆိုတဲ့အတွက် ကမ္ဘာ့ရွှေဈေးကွက်ပြန်လှုပ်လာတယ်။ ကမ္ဘာ့ရွှေဈေးကွက် ပြန်လှုပ်လာရင် ပြည်တွင်းရွှေဈေးကွက်လည်း ပြန်လှုပ်လာမှာပဲ။ ဒါပေမယ့် နှစ်သစ်ကူးကာလ စပ်ကူးမတ်ကူးဖြစ်နေတော့ ဈေးကွက်ကို စောင့်ကြည့်နေကြတဲ့ သဘောမျိုးဖြစ်နေတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၈ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၁၆၀၀၀ရှိခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ကျပ် ၉၁၇၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၂၂ ရက်တွင် ကျပ် ၉၁၉၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၈ ရက်က တစ်အောင်စလျှင် ၁၂၅၄ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ၁၂၆၈ အမေရိကန်ဒေါ်လာ သို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအမြင့်ဖြင့် ဈေးငြိမ်နေခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်ကျဆင်းလာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၅ ကျပ်မှ ၁၃၆၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ သည်။

နှစ်ကုန်ခါနီးပြီဖြစ်၍ မော်တော်ယာဉ်တင်သွင်းသူများမှာ ယာဉ်တင်သွင်းခွင့်လိုင်စင်အတွက် နိုင်ငံခြားငွေဝယ်ယူမှုကို ရပ်ဆိုင်းထားသဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားများ ကျဆင်းလျက်ရှိကြောင်း၊ ဝယ်လိုအားများ ကျဆင်းလျက်ရှိသဖြင့် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် နှစ်သစ်ကူးကာလ နီးကပ်ချိန်တွင် အရောင်းအဝယ်များအေးနေသည့်အတွက် ငွေလဲနှုန်းများကျဆင်းရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်နှုန်းများ ကျဆင်းနေသဖြင့် ပြည်တွင်းဈေးကွက်တွင်လည်း ဆက်လက်ကျဆင်းလာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။ ပြည်တွင်းငွေလဲဈေးကွက်တွင် ဒီဇင်ဘာ ၁၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၉ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်သို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## MTSH အစုရှယ်ယာဈေးများ ကျဆင်းလျက်ရှိ

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများအနက် MTSH ၏ အစုရှယ်ယာ ဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက MTSH ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၁၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၀၀၀ သို့ ကျဆင်းခဲ့သည်။ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းနေသည်မှာ ကာလရှည်ကြာနေပြီဖြစ်သည်။

ဈေးကွက်အတွင်း အစုရှယ်ယာဈေးနှုန်းများ အဆမတန်ကျဆင်းနေမှုကြောင့် ပြည်သူများမှာ အစုရှယ်ယာများပေါ်တွင် စိတ်ဝင်စားမှုများကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယင်းကဲ့သို့ အစုရှယ်ယာဈေးနှုန်းများကျဆင်းနေသော်လည်း အစုရှယ်ယာဈေးကွက်အတွင်းသို့ TMH Telecom Public Co., Ltd. ဝင်ရောက်လာပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကာ လာမည့်နှစ် ဇန်နဝါရီလမှစတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

**December 22, 2017**
**Base Currency is United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 83.12 |
| CAD | Canada Dollars | 1.28 |
| CNY | China Yuan Renminbi | 6.59 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 64.10 |
| I DR | Indonesia Rupiahs | 13557.70 |
| JPY | Japan Yen | 113.48 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 110.66 |
| PHP | Philippines Pesos | 50.24 |
| RUB | Russia Rubles | 58.53 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1081.21 |
| LKR | Sri Lanka Rupe | 152. 92 |
| THB | Thailand Baht | 32.73 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22708.95 |

*Source:xe.com*

## World Gold Price

**December-2017** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 18 | - | - | - |
| 19 | 1260 | 1265 | 1265 |
| 20 | 1267 | 1265 | 1264 |
| 21 | 1271 | 1269 | 1268 |
| 22 | 1269 | 1267 | 1267 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-12- 2017 | - | - |
| 19-12-2017 | 917.50 | 917.50 |
| 20-12- 2017 | 917.50 | 917.70 |
| 21-12-2017 | 920.00 | 919.50 |
| 22-12- 2017 | 919.00 | 919.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6.62 | 32.63 | 83.07 | 64.22 |
| 19 | 6.61 | 32.73 | 83.06 | 64.13 |
| 20 | 6.59 | 32.76 | 83.12 | 64.06 |
| 21 | 6.57 | 32.72 | 83.01 | 64.09 |
| 22 | 6.59 | 32.73 | 83.12 | 64.10 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18-December | 16.13 | 3170.67 | 2048.84 | 6826.67 | 910.00 |
| 19-December | 16.12 | 3175.74 | 2049.28 | 6837.47 | 910.00 |
| 20-December | 16.11 | 3207.70 | 2072.20 | 6887.28 | 912.00 |
| 21-December | 16.19 | 3199.11 | 2090.49 | 6989.77 | 916.00 |
| 22-December | 16.14 | 3213.65 | 2093.80 | 6983.59 | 912.00 |

## Energy NYMEX

**22-12-2017**

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.97 | -0.12 | -0.21 |
| Brent Crude Futr (USD/bbl) | 64.32 | -0.24 | 0.37 |
| Gasoline Rbob Fut (Cent/gal) | 173.40 | -0.13 | -0.07 |
| Natural Gas Futr (USD/MMBtu) | 2.64 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 194.18 | -0.24 | -0.12 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၃၈၀ကျော်တင်သွင်း

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၅၅၈၁၄ တန်ဖိုးရှိ ဘိလပ်မြေ ၃၈၇ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှ ၅၁တန်နဲ့ တရုတ်နိုင်ငံမှ ၃၃၆ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၃၆၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

ဒီဇင်ဘာ ၉ရက်မှဒီဇင်ဘာ ၁၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်၉၈၉၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင် မှာ တန်ချိန် ၆၀၈၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၈၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၅၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင်ကကျပ် ၂၀၀၊အေသုံးလုံးက ကျပ် ၁၀၀၊ မော်လမြိုင်ဆင်က ကျပ် ၃၀၀ ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀ ၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၉၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ် သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲဆင်(ထိုင်း)က ပစ္စည်းပြတ်နေပြီး ဘိလပ်မြေဈေးက အတက်အကျမရှိငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၇၀၀၊ ဆင်(ထိုင်း)ကျပ် ၆၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပွင့်လင်းရာသီနဲ့အတူ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်လာတာကြောင့်အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ နယ်ဘက်က အမှာရှိသလို ရန်ကုန်မြို့တွင်းကလည်း အဝယ်ရှိပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၈၀၀၀ကျော် တင်သွင်း

ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၃၄၄၅၆တန်ဖိုးရှိမြေသြဇာ၈၁၇၈ဒသမ ၈၆တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်၊ ဗီယက်နမ်၊ ကနေဒါ၊ ကိုရီးယား၊ ပါကစ္စတန်၊ ထိုင်းနဲ့မလေးရှားနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၅း၉း၂၀)၊အာမို၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ ပိုတက်၊ ယူရီးယားတို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၀၅၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၃၂၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာလ၉ရက် မှ ဒီဇင်ဘာ ၁၅ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၁၇၆၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၀၇၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီး၊ ရန်ကုန်နဲ့မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုလဲအသေး(ရွှေတောင်-တရုတ်)က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး၄၆%(ရွှေတုံး၊ ရွှေပျား-တရုတ်) ကျပ် ၂၄၅၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(အစိမ်း)၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ်၂၄၅၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယားက ကျပ် ၇၀၀ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၉၀၀ ၊ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၅၄၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၆၀၀၀၊ဓာတ်ဆား(တရုတ်)ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာ ကျပ် ၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဆောင်းသီးနှံများအတွက် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒီတစ်ပတ်မှာ ယူရီးယားနဲ့ တီစူပါက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ ၄၆% ကျပ် ၂၂၀၀၀၊ သီးစုံကျပ် ၁၇၀၀၀၊ အာမို ကျပ်၃၆၅၀၀၊ ကွန်ပေါင်း(၁၅း၁၅း၁၅) ကျပ် ၃၇၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန်၂၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၀၀ နီးပါးဝင်

ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၃၀၄၀၈၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၇၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၆၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၄၅၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ သုညဒသမ ၄၀၉ တန်၊ နယူးဇီလန်နိုင်ငံမှ ၇၅ ဒသမ ၅၇၅ တန်၊ အိုင်ယာလန်မှ တန်ချိန် ၁၀၀နဲ့ မလေးရှားမှ ၁ ဒသမ ၂၇၄ တန်၊ စုစုပေါင်း ၁၇၇ ဒသမ ၂၅၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၇ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁၂ မှ ၁၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၂ မှ ၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၂၂.၅၀ | (-) | ၂၂.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၅၀.၀၀ | ၅၂၅.၀၀ | (-) | ၇၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၃၆၂.၀၀ | ၁၉၂၀.၀၀ | (+) | ၄၄၂.၀၀ |
| ၅။ | တာချီလိတ် | ၇၀၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၅၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၁၆၂၀.၀၀ | (-) | ၁၆၂၀.၀၀ |
| ၈။ | မြိတ် | ၈၀.၀၀ | - | (+) | ၈၀.၀၀ |
| | စုစုပေါင်း | ၉၈၉၂.၀၀ | ၆၀၈၇.၅၀ | (+) | ၃၈၀၄.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁၂ မှ ၁၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၂ မှ ၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၂၈၈.၆၀ | ၈၈၀၁.၂၆ | (+) | ၁၄၈၇.၃၄ |
| ၂။ | လွယ်ဂျယ် | ၁၈၀.၀၀ | ၃၂.၀၀ | (+) | ၁၄၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၃.၀၀ | ၈၈၄.၇၅ | (-) | ၇၆၁.၇၅ |
| ၄။ | ကန်ပိုက်တီး | ၁၂၀.၀၀ | ၄၂၀.၀၀ | (-) | ၃၀၀.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | ၂၁.၃၈ | - | (+) | ၂၁.၃၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၀၃၀.၀၀ | ၆၀၀.၀၀ | (+) | ၄၃၀.၀၀ |
| | စုစုပေါင်း | ၁၁၇၆၂.၉၈ | ၁၀၇၃၈.၀၁ | (+) | ၁၀၂၄.၉၇ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၅ သန်းတန်ဖိုးရှိ နှမ်းနက် ၁၃၈၂ တန်၊ နှမ်းဖြူ ၃၇၈ တန်ကျော်၊ နှမ်းညို ၁၅၆ တန်ခွဲနဲ့ နှမ်းညို(အခွံချွတ်) ၁၇ တန်ခွဲ စုစုပေါင်းတန်ချိန် ၁၉၃၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၅၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၈၂ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၃ သန်းတန်ဖိုးရှိ နှမ်းဖြူ (အခွံချွတ်) တန် ၆၀နဲ့ နှမ်းနက် ၁၅တန် စုစုပေါင်း ၇၅ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၄ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၇၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်းနှမ်းဖြူတစ်တန်လျှင် ၁၈၁၇၀၆၆ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၁၉၁၉၃၇၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် ဝယ်လိုအားနည်းသွားသဖြင့် နှမ်းနီ၊ နှမ်းနက်နှင့် စမုံနက်နှမ်းဈေးများ ပြန်ကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝယ်နည်းသွားလို့ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ ဆောင်းနှမ်းနက်များကို မြန်အောင်နှင့် ပေါင်းတည်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်လာသော်လည်း ဈေးကွက်တွင် အဝယ်နည်းသွားသဖြင့် ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ဖြစ်လို့ ယခင်တစ်ပတ်ထက် ကျပ်၂၅၀၀၀ ဈေးပြန်ကျလာပြီး နှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀၀ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ စမုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့်ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၀ ဈေးပြန်ကျလာပါတယ်။ ယခုတစ်ပတ်မှာ ဝယ်လိုအားနည်းသွားသဖြင့် နှမ်းရောင်စုံဈေးများ သိသိသာသာ ကျဆင်းလာတာ တွေ့ရပါတယ်။ နှမ်းနီဈေးပြန်ကျသွားပေမယ့်ဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဖြင့် ယခင်တစ်ပတ်က အတိုင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ရင်းဂစ်ငွေကြေးခိုင်မာမှုကြောင့် မလေးရှားစားအုန်းဆီဈေးများ ကျဆင်း

စားအုန်းဆီကုန်သွယ်မှုပြုရာတွင်အသုံးပြုသည့် ရင်းဂစ်ငွေကြေးခိုင်မာနေမှုကြောင့် မလေးရှားစားအုန်းဆီ ဈေးနှုန်းများသည် ဒီဇင်ဘာ ၂၀ ရက်အထိ ဈေးကျဆင်းလျက်ရှိကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ရင်းဂစ်ငွေကြေးခိုင်မာမှုသည် အမေရိကန်ဒေါ်လာကို ကိုင်ဆောင်၍ ဝယ်ရောင်းပြုလုပ်သူများအတွက် စားအုန်းဆီဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ဒီဇင်ဘာ ၂၀ ရက် ဈေးကွက်ပိတ်ချိန်တွင် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာလျှင် ၄ ဒသမ ၀၇၁၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ ယင်းပမာဏသည် ၁၄ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် မတ်လအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ်တန်လျှင် ၂၄၉၉ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၈၅)ရှိခဲ့သည်။ တစ်နေ့တာအတွင်း စားအုန်းဆီရောင်းဝယ်မှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၄၁၁၁၂ တွဲရှိခဲ့သည်။

“ဈေးကွက်ထဲမှာဝယ်လိုအား နည်းနေတာဟာ ရင်းဂစ်တန်ဖိုးမြင့်တက်နေတဲ့အပေါ်မှာတည်မှီနေပါတယ်။ တစ်တန်ကို ရင်းဂစ် ၂၅၂၀ ကျော်အထိ ရောက်နိုင်မှာ မဟုတ်ပါဘူး” ဟု ကွာလာလမ်ပူအခြေစိုက် စားအုန်းဆီကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဒီဇင်ဘာလအတွင်း ထုတ်လုပ်မှု ကျဆင်းမည်ဟူသော ခန့်မှန်းချက်ကြောင့် စားအုန်းဆီဈေးများ ပြန်လည်မြင့်တက်လာမည်ဟု မျှော်လင့်ထားကြသည်။ ထို့ပြင် ပို့ကုန်အတွက် ဝယ်လိုအား ကျဆင်းမှုကလည်း ဈေးကွက်ကျဆင်းမှုကို အထောက်အပံ့ဖြစ်စေခဲ့သည်။

“ဒီလထဲမှာ စားအုန်းဆီထုတ်လုပ်မှုတွေ ကျဆင်းလာပါလိမ့်မယ်။ ဒါပေမယ့် ဘယ်လောက်ပမာဏအထိ ကျဆင်းမယ်ဆိုတဲ့ မေးခွန်းကိုတော့ ဘယ်သူမှ မဖြေနိုင်ကြဘူး”ဟု ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက အစောပိုင်းကာလက ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၂၀ရက်အတွင်း မလေးရှားစားအုန်းဆီသင်္ဘောတင်ပို့မှုသည် နိုဝင်ဘာလအတွင်းကာလတူနှင့်



နှိုင်းယှဉ်ပါက နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Intertek Testing Services နှင့် Societe Generale de Surveillance တို့၏ အချက်အလက်ကောက်ယူမှုများအရ သိရသည်။

တင်ပို့မှုကျဆင်းခြင်းကို နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ စားအုန်းဆီတင်ပို့မှုကျဆင်းလာခြင်းသည် ဒီဇင်ဘာလပထမပတ်အတွင်းမှာပင် သိသာလာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အခြားသော ဟင်းရွက်ဆီဈေးကွက်တွင် ဒါလီယံကုန်စည်ဒိုင်၌ မေလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆို ဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းနေချိန်တွင် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆို ဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီဈေးနှုန်း ကျဆင်းမှုကြောင့် အခြားသော ဟင်းရွက်ဆီ ဈေးကွက်များအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၁၂-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၄၅၀၀ | ၄၈၀၀ | △ | ၁၈၅၀ | ၁၉၀၀ | △ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၉၀၀ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၄၀၀ | ၄၆၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၇၀၀ | ၄၈၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၀၅၀ | ၁၉၈၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၁၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဒီဇင်ဘာဒုတိယပတ် | ဒီဇင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၆.၀၀ | ၆၀၆.၅၀ | ▽ |
| RBD P.Olein | ၆၂၁.၅၀ | ၆၁၂.၀၀ | ▽ |
| RBD P.Stearin | ၆၃၂.၅၀ | ၆၁၃.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂-၁၂-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၇၀.၉၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၇၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၇.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၁.၁၆၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၁၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၂-၁၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ၂၀၁၇ ခုနှစ် မတ်လအထိ Re-export သကြားတင်သွင်းပြီး ပြန်လည်တင်ပို့ရန်ကျန်သည့် ကုမ္ပဏီများအား စိစစ်အရေးယူမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု တိုးတက်မြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးနှင့် နိုင်ငံတော်အခွန်အခ ရရှိစေရေးတို့အတွက် တစ်ဖက်နိုင်ငံ ဈေးကွက်ရှိသော သကြားကို Re-export စနစ်ဖြင့် တင်သွင်းတင်ပို့ခြင်းအား ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ စတင်၍ခွင့်ပြုပေးခဲ့ပါသည်။

ခွင့်ပြုပေးစဉ်က Re-export လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်စေခဲ့ပါသည်။

သို့ရာတွင် အချို့ကုမ္ပဏီများသည် အမှန်တင်သွင်းခဲ့သော်လည်း တင်သွင်းသည့်ပမာဏအတိုင်း ပြန်လည်တင်ပို့မှုမပြုခြင်း၊ ပြည်တွင်းတွင် ပြန်လည်ရောင်းချခြင်းများ ပြုလုပ်နေကြောင်း စိစစ်တွေ့ရှိရသည်။

ယင်းသို့ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသော ကုမ္ပဏီများအား စိစစ်ဖော်ထုတ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၇ ခုနှစ် မတ်လအထိ Re-export လိုင်စင်လျှောက်ထားပြီး အပြည့်အဝ တင်ပို့မှုမပြုသည့် ကုမ္ပဏီများအနေဖြင့် အမှန်တင်ပို့ထားသည့် စာရင်းအချက်အလက် များနှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနတွင် တစ်လအတွင်း လာရောက်တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်းလည်း သိရှိရပါသည်။

သတ်မှတ်ချက်နှင့်အညီ တင်သွင်းတင်ပို့ထားခြင်းမရှိသည့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းပါ စည်းကမ်းသတ်မှတ်ချက်အတိုင်း ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်စိုး**

# မြန်မာပို့ကုန် တစ်ခေတ်ဆန်းသစ်ကြပါစို့

| ခမ်လျှန်စွမ်း |

ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်နှစ်ကြိမ်စလုံးမှာ နယ်မြေချဲ့ထွင်ဖို့အတွက်ချည်းကြောင့် ဖြစ်ခဲ့ပါတယ်။ နယ်မြေချဲ့ထွင်တယ်ဆိုတာလည်း အချုပ်အချာအာဏာ သက်ရောက်ဖို့ဆိုတာထက် သူတို့ရဲ့ ထုတ်ကုန်တွေရောင်းဖို့နဲ့ ကုန်ကြမ်းတွေ သူတို့ဆီကရယူဖို့ဆိုတဲ့ မဟာရည်မှန်းချက်က အဓိကဖြစ်ပါတယ်။ အတိုဆုံးပြောရရင် ကုန်သွယ်ရေးအတွက် စစ်ခင်းခဲ့ကြတာဖြစ်ပါတယ်။ ဒီဘက်ခေတ်သစ်မှာလည်း စစ်အင်အားသုံးပြီး သိသိသာသာကြီး နယ်မချဲ့တော့ပေမယ့် နည်းပညာရဲ့ ပံ့ပိုးမှုတွေနဲ့ ကြော်ငြာရဲ့အစွမ်းပကားတွေကြောင့် နယ်မြေတင်မက စားသုံးသူများရဲ့ နှလုံးသားတွေကိုပါ သိမ်းပိုက်တဲ့ခေတ်ကြီးကို ရောက်ရှိလို့နေပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကို ရွှေနိုင်ငံလို့ခေါ်ကြပါတယ်။ အဓိပ္ပာယ်ရှိရှိနဲ့ခေါ်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မထွက်တဲ့ ကုန်ကြမ်းပစ္စည်းဆိုတာ မရှိဘူးလို့ လူတိုင်းကသိထားကြတယ်။ ဒ့ါအပြင် သင်ပေးရင်တတ်လွယ်တဲ့ လူမျိုး၊ ရိုးပင်းတတ်တယ်၊ တွေးခေါ်မျှော်မြင်နိုင်စွမ်းရှိတဲ့ လူမျိုးဖြစ်တယ်။ ဒ့ါကြောင့်လည်း ရွှေမြန်မာရယ်လို့ တင်စားပြီး အခေါ်ခံခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခုအခါမှာ မြန်မာလူမျိုးများဟာ ကုန်သွယ်ရေးအပြေးပြိုင်ပွဲမှာ ရှုံးနိမ့်နေတယ်။ အိမ်နီးချင်းတွေက ကျော်တက်ကုန်တယ်။ ပိုပြီး ရင်နာစရာကောင်းတာက တစ်ချိန်တုန်းက ကျွန်တော်တို့ရဲ့ နောက်မှာရှိပြီး ယခုအခါ ကျွန်တော်တို့ရဲ့ ရဲဘော်ရဲဘက် (CLMV) လေးနိုင်ငံကအဖွဲ့ဝင်တွေဖြစ်တဲ့ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့က စီးပွားရေးဘက်မှာ ကျော်တက်နေခြင်းပါပဲ။ ကမ္ဘာ့ဘဏ်ရဲ့နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု (Doing Business) အချက် ၁၀ ချက်ကို အခြေခံတွက်ချက်ထားတဲ့ ၂၀၁၈ ခုနှစ်အတွက် အဆင့်သတ်မှတ်ချက်က ကမ္ဘာ့အဆင့် ၁၇၁ မှာရှိပါတယ်။ အာဆီယံအဆင့်မှာ အဆင့် ၉ ရှိတယ်လို့ ဆိုပါတယ်။ ဒီလိုအဆင့်တွေကြည့်ရင်တော့ ကိုယ့်နောက်မှာ ဘယ်လောက်မှမရှိတော့ဘူးဆိုတာ သင်ခန်းစာယူပြီး တက်ညီလက်ညီ တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ဖို့သာ လိုအပ်နေပြီဖြစ်ပါတယ်။ မျိုးစေ့ဥပမာကို ဒီနေရာမှာ အသုံးပြုလိုပါတယ်။ မျိုးစေ့ဟာ မြေကြီးထဲ အပင်ငယ်လေးအဖြစ် ဘဝကူးခါနီးမှာ ပုပ်ပွ ခဲ့ရပြီးမှ ရှင်သန်လန်းဆန်းတဲ့ အပင်ငယ်လေးအဖြစ် မြေကြီးပေါ် ထိုးထွက်လာခဲ့တာဖြစ်ပါတယ်။ ထို့အတူပါပဲ ကျွန်တော်တို့နိုင်ငံ အခုအချိန်တိုးတက်ဖို့ ဆောင်ရွက်နေချိန် ပုပ်ပွတဲ့ဘဝအဖြစ်ရှုမြင်ပြီး အားသွန်ခွန်စိုက်အလုပ် လုပ်ကြဖို့လိုပါလိမ့်မယ်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တတ်ဖို့ လိုအပ်သလို အလုပ်ပိတ်ရက်တွေကလည်းများ၊ အလုပ်ခွင်မှာ ခွင့်ခဏခဏယူဦးမယ်ဆိုရင်တော့ နစ်နာမှာက ကျွန်တော်တို့ နိုင်ငံသားတွေပါပဲ။

ဒ့ါကြောင့် အိမ်နီးချင်းနိုင်ငံတွေကို ပြန်ကျော်တက်ပြီး ကမ္ဘာ့အဆင့်အထိ လှမ်းတက်နိုင်သည်အထိ နေရာတစ်နေရာ ပြန်လည်ရရှိနိုင်ရေးအတွက် ကုန်သွယ်ရေးတိုးတက်ရေး ညှိနှိုင်းစေ့စပ်ပေးတဲ့သဘောနဲ့ အကြံပြုချက်များကို ဆောင်းပါးအဖြစ် တင်ပြလိုရင်း ဖြစ်ပါတယ်။

### မြန်မာ့စီးပွားရေးဘာကြောင့်နောက်ကျခဲ့ရသလဲ

ကျွန်တော်တို့နိုင်ငံ စီးပွားရေးနောက်ကျတယ် ဆိုတာ သူများနိုင်ငံတွေက ကျော်တက်နေလို့ ကျန်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့က စီးပွားရေးမူဝါဒတွေ၊ စီမံချက်တွေရေးနေတဲ့အချိန်မှာ သူများတွေက ကမ္ဘာကိုတစ်ပတ်ပတ်ပြီး မူလနေရာကနေ တာပြန်ထွက်ဖို့အသင့်ဖြစ်နေကြပါတယ်။ ကျွန်တော်တို့စီးပွားရေးမှာနောက်ကျတာက သူများနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ကမ္ဘာတစ်ပတ်ကို နောက်ကျခဲ့ရခြင်းဖြစ်ပါတယ်။ ဒီလိုနောက်ကျခဲ့ရတာကလည်း ကိုယ့်နိုင်ငံသမိုင်းကြောင်း၊ ကိုယ့်လူမျိုးရဲ့ အလေ့အထ၊ ကိုယ့်လူမျိုးရဲ့စိတ်နေစိတ်ထား၊ ကိုယ့်လူမျိုးရဲ့ဗီဇသဘော၊ ကိုယ့်လူမျိုးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်အားထက်သန်မှု၊ ကိုယ့်လူမျိုးရဲ့ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ကိုယ့်လူမျိုးရဲ့ပညာကိုပြန်ပြီး အသုံးပြုနိုင်မှုစတဲ့အချက် အလက်တွေပေါ်မှာ မူတည်မယ်လို့ ကျွန်တော့်အနေနဲ့ ခံယူထားပါတယ်။

အထက်ဖော်ပြပါအချက်တွေကြောင့် စီးပွားရေးရာဘက်မှာ နောက်ကျခဲ့ရတယ်လို့ ကျွန်တော့်အမြင်ကိုဒီနေရာကနေ တင်ပြလိုပါတယ်။ ဘယ်သူနဲ့မှမတူတဲ့ သမိုင်းကြောင်း၊ ကိုယ့်ပြည်တွင်းရေးကိစ္စတွေ၊ နှစ်ပေါင်း များစွာ စီးပွားရေးတံခါးပိတ်မူဝါဒကြောင့် သူများနဲ့ရင်ပေါင်တန်းမယှဉ်နိုင်တဲ့ အခြေအနေရောက်ခဲ့ရတာလည်း တစ်ချက်အပါအဝင် ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ အလေ့အထနဲ့ စိတ်နေစိတ်ထားဟာလည်း နောက်ကျစေတဲ့ အကြောင်းရင်းတစ်ချက်မှာ ပါမယ်ထင်ပါတယ်။ အလေ့အထကောင်းတွေ ယခုခေတ်မှာ အတော်ရှားသွားပြီ ဖြစ်ပါတယ်။ လူအတော်များများဟာ အလွယ်နည်းလမ်းက နေချမ်းသာဖို့၊ ခေတ်စကားနဲ့ပြောရရင် အကြံအဖန်တွေနဲ့ ကြီးပွားဖို့ကို ပတ်ဝန်းကျင်က လက်ဆင့်ကမ်းသင်ကြားပေးနေသလို ဖြစ်နေပါတယ်။ ယနေ့ တည်ဆောက်ရေးကန်ထရိုက်တွေကို ကြည့်ရင် အလွယ်ဆုံးမြင်တွေ့နိုင်ပါတယ်။ တင်ဒါတွေကိုခေါ်ပြီး ဟိုအလျှုငွေထည့်ခိုင်း၊ ဘာပစ္စည်းတွေကို လျှုပါစသဖြင့် အရည်အသွေးပိုင်းကို ထိခိုက်စေမယ့်တောင်းဆိုမှုမျိုးတွေ ခေတ်အဆက်ဆက်က မြင်တွေ့နေရပါတယ်။ ဖွင့်ပွဲအတွက် ဘတ်ဂျတ်ကိုတောင်းခံမထားပေမယ့် တင်ဒါရတဲ့ကုမ္ပဏီကို ဖွင့်ပွဲကုန်ကျငွေ၊ အတွင်း ပြင်ဆင်စရိတ်ကို လျှုခိုင်းလေ့ရှိတာ ဖွံ့ဖြိုးမှုကို ဟန့်တားတဲ့လုပ်ဆောင်ချက်တစ်ခုဖြစ် ပါတယ်။ နောက်အကြောင်းအရာတစ်ခုကတော့ ကျွန်တော်တို့ မြန်မာလူမျိုးများဟာ သိလွယ်တတ်လွယ်ကြပါတယ်။ ဒါပေမယ့် အကောင်းဘက်က အသုံးတာနည်းတယ်။ လူတစ်ယောက်တည်းနဲ့ လုပ်လို့ရတဲ့ အလုပ်မျိုးကို လူလေးလောက က ဝိုင်းပြီး လုပ်နေတတ်ကြတယ်။ အလုပ်လုပ်တမ်း ကစားကြတယ်။ အကုန်အကျသက်သာမယ့် နည်းလမ်းမရှာဖွေကြဘူး။ တရားဝင်ရင် ပြီးတာပဲ၊ ဘောင်ဝင်ရင် ပြီးတာပဲဆိုတဲ့ အစဉ်အလာဟာလည်း ပြည်သူ့ဘဏ္ဍာကို ဖြုန်းပစ်ရာ ရောက်ပါတယ်။ ကုမ္ပဏီတွေမှာတော့ ဒီပြဿနာမရှိသလောက်ရှားပါးပါတယ်။ ကိုရီးယားနိုင်ငံရဲ့ Kotra ကို ကမ္ဘာတစ်ဝန်းမှာ အင်အား ၆၀၀၀ ကျော် ဖြန့်ကြက်ထားတယ်လို့ဆိုပါတယ်။ သူတို့ရဲ့ ဆိုးလ်မြို့တော်ဌာနချုပ်ကနေ လူအင်အားခြောက်ယောက်တည်းနဲ့ ကမ္ဘာတစ်ဝန်းလုံးမှာ ဖြန့်ထားတဲ့ လူနဲ့လုပ်ငန်းတွေကို ထိထိမိမိနဲ့ စီမံခန့်ခွဲနိုင်ခဲ့တာကို လေ့လာသင့်တဲ့အချက်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်လခန့်က လူမှုကွန်ရက်စာမျက်နှာမှာ ဂျပန်ရောက် မြန်မာတစ်ယောက်ရေးတင်တဲ့ မြန်မာလူမျိုးတို့အကြောင်းကို အကျဉ်းပြန် ဖော်ပြလိုပါတယ်။ ဂျပန်တစ်ယောက်နဲ့ မြန်မာတစ်ယောက် စကားပြောကြပါသတဲ့။ မြန်မာနဲ့ဂျပန်တစ်ဦးချင်း ပြိုင်ကြရင် ဂျပန်က နိုင်ချင်မှနိုင်မယ်ပေါ့။ ဒါပေမယ့် အဖွဲ့လိုက် ပြိုင်ပွဲမှာ ကြိုက်တဲ့ပြိုင်ပွဲပြိုင် မြန်မာနိုင်ငံကိုမကြောက်ဘူး။ အကြောင်းကတော့ မြန်မာလူမျိုးများဟာ လူအများနဲ့လုပ်မယ်ဆိုရင် မလုပ်တတ်ကြဘူး၊ ရန်ဖြစ်တာနဲ့ ငြင်းခုံတာနဲ့ စည်းလုံးမှုမရှိကြတော့ဘူး။ ဒီတော့ပြိုင်ဖက်က အလွယ်တကူ အနိုင်ယူလေ့ရှိတယ်တဲ့။ ဒ့ါကြောင့် အဖွဲ့လိုက်ပြိုင်ပွဲဆိုရင် မြန်မာလူမျိုးကို ကြောက်ကိုမကြောက်ဘူးလို့ ထိုဂျပန်ကြီးက ပြောခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးများ အတုယူသင့်ပါတယ်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းမှာ ကုန်သည်အချင်းချင်း၊ လုပ်ငန်းရှင်နဲ့အစိုးရ ဘယ်မှာမှ တစ်သံတည်း ထွက်တာမကြားခဲ့ဖူးပါဘူး။ ပြုပြင်သင့်တဲ့အချက်လို့ မြင်ပါတယ်။ ဒ့ါကြောင့် ကမ္ဘာကျော် ရှေးဘုရင်ရှောလမုန်ရဲ့ အဆိုအမိန့်စကားမှာ“ညီ ညီညွတ်ညွတ်နဲ့ စုပေါင်းအလုပ်လုပ်တတ်ဖို့အတွက် ပုရွက်ဆိတ်ထံက ပညာသင်လော့”လို့ မှာခဲ့တယ် လို့မှတ်သားထားပါတယ်။ မြန်မာလူမျိုးတွေအတွက်ဖွံ့ဖြိုးတိုးတက်ဖို့က နည်းပညာနဲ့ အရင်းအနှီးတို့ထက် စိတ်ဓာတ်၊ စိတ်ထားကို အရင်ပြုပြင်ဖို့လိုမယ်ထင်ပါတယ်။ ကျွန်တော်ပါဝင်တဲ့သင်တန်းသား ၂၅ ဦးတို့ဟာ ၂၀၁၅ ခုနှစ်မှာ နိုင်ငံတော်ရဲ့စီစဉ်ပေးမှုနဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ပညာသင်သွားခွင့်ရခဲ့ပါတယ်။ သင်ပေးတဲ့ သင်ခန်းစာတွေက ကျွန်တော်တို့ ဌာနတွင်းမှာ သင်ပေးလိုက်တဲ့ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ နည်းနည်းပိုတာက ပညာရှင်တွေရဲ့အတွေ့အကြုံပြောပြတာပဲ ဖြစ်ပါတယ်။ ဒ့ါကြောင့်တိုးတက်ဖို့က အပြင်ကလာတာထက် အတွင်းက အင်အားဟာ အရေးအကြီးဆုံးလို့ တန်ဖိုးကြီးမားတဲ့သင်ခန်းစာကို အဓိကဝေမျှလိုပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စားသောက်ကုန်ထုတ်လုပ်သည့် SC ကုမ္ပဏီက CLMV နိုင်ငံများ၌ လုပ်ငန်းတိုးချဲ့မည်

ထိုင်းနိုင်ငံရှိTiffyအမှတ်တံဆိပ်ဖြင့် ဆေးဝါးများထုတ်လုပ်သည့် Thai NakornPatana ကုမ္ပဏီနှင့် အဆာပြေမုန့်အမျိုးမျိုးထုတ်လုပ်သည့် Srinanaporn Marketing ကုမ္ပဏီတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများကိုတိုးချဲ့မည်ဖြစ်ပါသည်။

SC ကုမ္ပဏီ(SC Food Product Co., Ltd.)သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စသည့် CLMV နိုင်ငံများတွင် လုပ်ငန်းတိုးချဲ့ရန် အတွက် ဘတ်သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ SC ကုမ္ပဏီသည် အစုစပ်လုပ်ငန်းတစ်ခုဖြစ်ပြီးSrinanaporn Marketing ကုမ္ပဏီက ၆၀ ရာခိုင်နှုန်းနှင့် Thai Nakorn Panata ကုမ္ပဏီက ၄၀ ရာခိုင်နှုန်းဖြင့် အစုရှယ်ယာထည့်ဝင်ထားကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ၁၀ ရိုင်(1 Rai = 0.395 Acre)အကျယ်အဝန်းရှိသည့်နေရာ၌ စားသောက်ကုန်နှင့်အချိုရည်စက်ရုံကို တည်ဆောက်မည်ဖြစ်ရာ ဘတ်သန်း ၃၀၀ ကိုရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများရရှိရေးအတွက်လည်း ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့နှင့် ညှိနှိုင်းလျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းအား အပိုင်းနှစ်ပိုင်းခွဲ၍ အကောင်အထည်ဖော်မည်ဖြစ်ရာ ပထမအဆင့်တွင် Lotus အမှတ်တံဆိပ်ဖြင့် အဆာပြေမုန့်အမျိုးမျိုး၊ Chocky ဝေဖာအမျိုးမျိုးနှင့် ဂျယ်လီအမျိုးမျိုးကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်လုပ် ပြီး ဒုတိယအဆင့်ကို ၂၀၁၉ ခုနှစ်တွင် ဘီစကစ်မုန့် အမျိုးမျိုးကို ထုတ်လုပ်မည်ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် စက်ရုံအသစ် တည်ဆောက်ရန်အတွက် ဘတ်သန်း ၃၀၀ နှင့် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူရန်အတွက် ဘတ်သန်း ၅၀၀ စုစုပေါင်း ဘတ်သန်း ၈၀၀ ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ အဆိုပါစက်ရုံအသစ်အား ဟိုချီမင်းမြို့ရှိစက်မှုဇုန်၌ မြေဧရိယာ ခြောက်ရိုင်ပေါ်တွင် တည်ဆောက်၍ ဂျယ်လီအမျိုးမျိုးကို ထုတ်လုပ်မည်ဖြစ်ပါသည်။ စတင်ထုတ်လုပ်သည့်နှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ရောင်းချမည်ဖြစ်ပြီး ဝင်ငွေဘတ်သန်း ၅၀၀ စီရရှိရန်မျှော်မှန်းထားပါသည်။

Srinanaporn Marketing ကုမ္ပဏီသည် ယခင်ကတည်းက CLMV နိုင်ငံများသို့ စားသောက်ကုန်နှင့် အချိုရည်အမျိုးမျိုးကို တင်ပို့ရောင်းချလျက်ရှိပြီး တစ်နှစ်လျှင် ဘတ်သန်း ၁၀၀ ခန့်ရရှိပါသည်။ Srinanaporn Marketing ကုမ္ပဏီအနေဖြင့် ယခုနှစ်တွင် စုစုပေါင်းအရောင်းဝင်ငွေ ဘတ် ၇ ဒသမ ၅ ဘီလီယံရရှိရန် မျှော်မှန်းခဲ့သော်လည်းယခုအခါ ဘတ်ခြောက်ဘီလီယံသို့ လျှော့ချခဲ့ပြီး၁၀ ရာခိုင်နှုန်းကိုနိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချမှုမှ ရရှိမည်ဖြစ်ပါသည်။ CLMV နိုင်ငံများ၌ လုပ်ငန်းတိုးချဲ့ခြင်းဖြင့် လာမည့်ငါးနှစ်အတွင်း စုစုပေါင်းအရောင်းပမာဏသည် ၅၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပါသည်။ ထို့နောက် Tiffy အမှတ်တံဆိပ်ဖြင့် ဆေးဝါးများကိုထုတ်လုပ်လျက်ရှိသည့်Thai Nakorn Panataကုမ္ပဏီသည် လည်း CLMV နိုင်ငံများ၌ ကိုယ်ပိုင်လုပ်ငန်း ဆောင်ရွက်ခဲ့သည်မှာ ၂၇ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ အခြားကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ အစုစပ်လုပ်ငန်းဆောင်ရွက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဟောင်ကောင်မြို့တွင် Business of IP Asia Forum ကျင်းပ

ဟောင်ကောင်မြို့၊ Hong Kong Convention and Exhibition Center ၌ Business of IP Asia Forum ကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်ကို ကမ္ဘာတစ်ဝန်းမှ အသိဉာဏ်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များအနေဖြင့် IP ကမ္ဘာ၏ နောက်ဆုံးတိုးတက်ဖြစ်ထွန်းမှု အခြေအနေများအား ဆွေးနွေးရန်နှင့် စီးပွား ရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခွင့်အလမ်းများအား ရှာဖွေနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်၏ ဆောင်ပုဒ်မှာ IP and Innovation - Propelling Change, Growth and Connectivity ဖြစ်သည်။ ယင်းဖိုရမ်ကို ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရ၊ Hong Kong Design Center နှင့် ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့က ကြီးမှူး၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါဖိုရမ်တွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် မစ္စချယ်ရီလင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဟောင်ကောင်ကုန်သွယ်မှုဖွံ့ ဖြိုးတိုးတက်ရေးကောင်စီမှ အမှုဆောင်ဒါရိုက်တာ မစ္စမာဂရက်ဖောင်နှင့် ဟောင်ကောင် Design Center ဥက္ကဋ္ဌ ပရော်ဖက်ဆာအဲရစ်ဆီယင်တို့လည်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါဖိုရမ်တွင် နိုင်ငံတကာမှ ထင်ရှားကျော်ကြားသည့် ဆွေးနွေးသူပေါင်း ၈၀ ကျော်တက်ရောက်ဆွေးနွေး ခဲ့ပြီး IP အထူးပြုပညာရှင်များ၊ နည်းပညာကုမ္ပဏီများ၊ အစိုးရ၏ IP ရုံးများမှ အဆင့်မြင့်အရာရှိများ၊ ကမ္ဘာ့အသိ ဉာဏ်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာ အာဆီယံအလုပ်အမှုဆောင်အဖွဲ့တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးကိုထိခိုက်စေနိုင်သည်ဟု အိုင်အမ်အက်ဖ်ကဝေဖန်

မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စများသည် နိုင်ငံ၏စီးပွားရေးကို ထိခိုက်ကျဆင်းစေမည့်အချက်များဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် နိုင်ငံအတွက် ဒုတိယအကြိမ်မြောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရန် အချိန်အခါကောင်း ဖြစ်ပါကြောင်း ဝေဖန်သုံးသပ်ခဲ့ခြင်းအား နေးရှင်းသတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ထပ်မံဆွဲဆောင်နိုင်မည့် ကဏ္ဍအလိုက်ဖြေလျှော့ပေးမှုများကို နောက်ထပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဖြေလျှော့ပေးရာတွင် ကန့်သတ်မှုများစွာရှိနေသည့် အာမခံလုပ်ငန်း၊ လေကြောင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အဦကဏ္ဍနှင့် သယံဇာတစီမံခန့်ခွဲမှုတို့ပါဝင်ပြီး ဘဏ်လုပ်ငန်းတွင် အတိုးနှုန်းကို တဖြည်းဖြည်းလျှော့ချပေးခဲ့ကြောင်း၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ပေးခဲ့ကြောင်း အဆိုပါသတင်းသုံးသပ်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ဒုတိယအကြိမ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခွင့်ရရှိခြင်းသည် နိုင်ငံအတွက် လိုအပ်သည့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို ထိရောက်မှုရှိစေမည့် ပြုပြင်ပြောင်းလဲခြင်းဖြစ်ပြီး ယင်းပြောင်းလဲခြင်းမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တွန်းအားပေးနိုင်မည့်အခြေအနေတစ်ရပ်သို့ ရောက်ရှိလာနိုင်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Public Private Partnership - PPP) များကို ဆောင်ရွက်လျက်ရှိရာ အခြေခံအဆောက်အဦကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ နောက်ထပ်စီးဝင်လာစေရန် တိုက်တွန်းဆောင်ရွက်သင့်သည်ဟု ဆိုသည်။ အခြေခံ အဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခြင်းနှင့် ပိုမို၍ မဟာဗျူဟာကျသော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက အနာဂတ်ကာလတွင် စီးပွားရေးတိုးတက်မှုရရှိမည်ဖြစ်သည်ဟု ဆိုသည်။

နိုင်ငံတော်အနေဖြင့် စီမံကိန်းလုပ်ငန်းများအောင်မြင်စေရန်အတွက် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်တွင် ပါဝင်နေသကဲ့သို့ ကဏ္ဍအလိုက် စီမံကိန်းများ၊ ကာလလတ်ဖွံ့ဖြိုးမှုမဟာဗျူဟာများ၊ ခိုင်မာသောဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရေးကို အလေးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ထိခိုက်နစ်နာနိုင်မည့် အခြေအနေများကိုအလေးထားလျက် နိုင်ငံတော်ဘတ်ဂျက်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံပိုင်ဘဏ်များကိုပြန်လည် ပြင်ဆင်ဖွဲ့စည်းရမည့်အပြင် လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးနေသည့် အခြေအနေကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်နှုန်းထားများသည် အလွန်နိမ့်ကျနေသည့်အတွက် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခွန်အကောက်ဥပဒေများကို ခေတ်မီအောင်ဆောင်ရွက်ရာတွင် IMF အနေဖြင့် လိုအပ်သောပံ့ပိုးကူညီမှုများကို ပေးမည်ဖြစ်ကြောင်း အဆိုပါဆောင်းပါးတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မက်ခရိုစီးပွားရေးမညီမျှမှုများ ပြန်လည်တည်ငြိမ်သဖြင့် တိုင်းပြည် စီးပွားရေးသည် ပြန်လည်ဦးမော့လာကြောင်း၊ တိုင်းပြည်စီးပွားရေးသည် ယခုနှစ်တွင် ၆ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လျက်ရှိပြီး လာမည့်နှစ်တွင် ၇ ရာခိုင်နှုန်းအထိ တိုးတက်မှုလာနိုင်ကြောင်း၊ နိုင်ငံ၏စီးပွားရေးသည် ၂၀၁၇ ပထမနှစ်ဝက်တွင် ကောင်းမွန်ခဲ့ပြီး ဒုတိယနှစ်ဝက်တွင်ပိုမိုကောင်းမွန်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးကဏ္ဍတွင် ထွက်ကုန်ကျဆင်းခြင်းနှင့် ပို့ကုန်ကျဆင်းခြင်းအပြင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးစီမံကိန်းအချို့ကိုရပ်ဆိုင်းလိုက်၍ နိုင်ငံ၏စီးပွားရေးသည် မျှော်မှန်းထားသည်ထက် နိမ့်ကျ၍ ၅ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း၊ ပြည်ပပို့ကုန်ကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍများတွင် ပြန်လည်ကောင်းမွန်မည့်အလားအလာကောင်းများသည် နှစ်လတ်ကာလ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ အခြေခံ အဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဘတ်ဂျက်အသုံးစရိတ်တိုးမြှင့်ခြင်းတို့သည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အလွန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယမန်နှစ်က နိုင်ငံတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အလေးထားဆောင်ရွက်သင့်ကြောင်း အိုင်အမ်အက်ဖ်၏သုံးသပ်ချက်များကို နေးရှင်းသတင်းစာတွင် ဖော်ပြထားသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၅-၁၂-၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်မြင့်တက်လာကာ အရောင်းအဝယ်လည်း ကောင်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၄၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၄၇၀ (တစ်တန်ကျပ် ၂၈၇၈၂၀)ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၁၈၄၂၀၀၇၉ ပိဿာ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၀၆၈၈၃၇၁ပိဿာရှိခဲ့လို့ အရောင်းအဝယ်လည်း ကောင်းခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၂ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၅ ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်လာပြီး ပဲတီစိမ်းလုံးကြီးဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၁၅ ကျပ် (တစ်တန် ကျပ် ၅၆၀၃၃၀) ရှိခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက မတ်ပဲကို ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၆၈ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ၁၃၁၅ကျပ် (တစ်တန် ကျပ် ၈၂၇၃၃၀)ဈေး ရှိခဲ့ကြောင်း သိရပါတယ်။ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၈၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၆၁၀ (တစ်တန် ကျပ် ၃၇၃၅၅၀) ဖြင့် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၉၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၈၀၀(တစ်တန်ကျပ် ၁၇၉၆၁၄၀) နဲ့ ဈေးကျခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုများခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၅၀၀ (တစ်တန် ကျပ် ၁၅၃၀၉၇၀) နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးတက်ပြီး ပဲတီစိမ်း (အညာရွှေဝါ)ဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ပြီး ပဲတီစိမ်း(အညာရွှေဝါ)ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ကျပ် ၉၅၀(တစ်တန်ကျပ် ၅၈၁၇၇၀) ရှိခဲ့ပြီး ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ကတစ်ပိဿာ ၅၅၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၈၃ကျပ် (တစ်တန်ကျပ် ၃၅၇၀၂၀)နဲ့ ဈေးမြင့်လာခဲ့သလို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ကျပ် ၁၄၄၀ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၈၇ကျပ် (တစ်တန် ၈၄၉၃၈၇ ကျပ်)နဲ့ ဈေးအနည်းငယ် ကျလာခဲ့ပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်ဝယ်လက်တွေက အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၃၀၂၂ ကျပ်ရှိခဲ့ ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန်ကျပ် ၁၅၆၅၂၆၀) အထိ ဈေးကျခဲ့ပါတယ်။ နှမ်းညိုကတော့ တစ်ပိဿာကျပ် ၂၄၀၀(တစ်တန်ကျပ် ၁၄၆၉၇၃၀) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့ နှမ်းညိုကို တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၄၄ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၆၃ ကျပ် (တစ်တန် ကျပ် ၂၈၃၅၃၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးမြင့်ခဲ့ပြီး ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ ဈေးမြင့်နေခဲ့ပြီး ပဲတီစိမ်းဈေးကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၃၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၂၈၀ (တစ်တန် ကျပ် ၇၈၃၈၅၀) နဲ့ဈေးကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၈၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၈၉၀(တစ်တန်ကျပ် ၅၄၅၀၂၀)အထိ ဈေးတက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၄၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၇၅ ကျပ် (တစ်တန် ကျပ် ၄၁၃၃၆၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၉၃၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၈၉၀ (တစ်တန်ကျပ် ၁၇၆၉၈၀၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၇၅၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၂၆၀၀ (တစ်တန်ကျပ် ၁၅၉၂၂၁၀) ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၈၀ (တစ်တန်ကျပ် ၁၅၇၉၉၆၀) ဈေးရှိခဲ့တဲ့ နှမ်းနီကတော့ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးပြန်ကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ပဲတီစိမ်းတို့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၃၀၀ (တစ်တန်ကျပ် ၇၉၆၁၀၀) ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၆၂၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၇၅ကျပ် (တစ်တန် ကျပ် ၃၅၂၁၂၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဟော်လန်ကတော့ ဈေးကွက်ထဲမှာ လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၃၃၅ ကျပ် (တစ်တန်ကျပ် ၁၄၂၉၉၃၀)နဲ့ ဈေးအတက်အကျမရှိခဲ့သလို မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ နှမ်းနီကလည်း ယခုတစ်ပတ်မှာ ၂၃၃၅ ကျပ်(တစ်တန် ကျပ် ၁၄၂၉၉၃၀)ထိဈေးရှိခဲ့လို့ ယခင်တစ်ပတ်ဈေးအတိုင်း အပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကိုမြို့ခံဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၃၅ ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးထပ်ကျခဲ့ပြီး တစ်ပိဿာ ၂၆၄၅ ကျပ် (တစ်တန်ကျပ် ၁၆၁၉၇၇၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ပြန်တက်လာ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်မှ ရွှေလီဘက်တွင် ၈၂ ယွမ်နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၄၅၀၁၉ တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၅၀၆၇၄ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်နေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီဈေးအနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန် ကျပ် ၅၄၂၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၆၅၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၆၉၂၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၇၀၀၀၀၀၊ ပဲစင်းငုံနီသီးနှံကတော့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၃၇၆၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၉၆၀၀၀ အထိ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန် မရှိတော့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၉၃၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၇၀ (တစ်တန် ကျပ်၅၉၄၀၁၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက အဝယ် များခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

# ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများနှင့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ

| မောင်ရင်မောင် |

တစ်လောက မိတ်ဆွေတစ်ယောက်နဲ့ ဆေးဆိုင်တစ်ဆိုင်မှာ ဆုံမိကြပါတယ်။ သူက သူအမြဲမဖြစ်မနေ သုံးနေရတဲ့ ဆေးတွေ တစ်ခါဝယ်ရင်တစ်ခါ ဈေးတက်နေတဲ့အကြောင်း၊ အခုလို လွတ်လပ်စွာ တင်သွင်းခွင့်ရတဲ့ကာလမှာ ဆေးဝါးတွေအနေနဲ့ ဈေးနှုန်းတည်ငြိမ်သင့်သလို ဆေးအမျိုးအစား စုံစုံလင်လင်နဲ့ ဝယ်ယူရသင့်ကြောင်း၊ အာနိသင်ချင်းတူသော်လည်း တံဆိပ်မတူတာဘဲရလို့ ပြောင်းပြောင်း ဝယ်သုံးနေရတာလည်းပါကြောင်း ညည်းညူပြီး ပြောရှာပါတယ်။ မိမိကလည်း သူ့လိုပါပဲလို့ ထောက်ခံပြောမိပြီး လေ့လာမိသမျှလေး ဖော်ပြဖို့ စိတ်ကူးပေါ်လာတာနဲ့ ဖော်ပြလိုက်ပါရစေ။

ကမ္ဘာတစ်ဝန်း၌ လူတို့၏ သက်ရှည်ကျန်းမာရေးအတွက် အစွမ်းထက်သည့် ခေတ်မီဆေးဝါးမျိုးစုံကို တစ်နေ့ထက်တစ်နေ့ တိုးတက် ထုတ်လုပ်ရောင်းချနေသော်လည်း ကမ္ဘာ့နေရာအနှံ့အပြား၌ ယင်းဆေးဝါးများကို ပုံမှန်ဝယ်ယူသုံးစွဲနိုင်မှုမှာ နည်းပါးလျက်ပင် ရှိနေဆဲဖြစ်ပါတယ်။ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာ့နိုင်ငံများ၏ ၂၈ ရာခိုင်နှုန်းတွင်သာ အစွမ်းထက်ခေတ်မီဆေးဝါးများကို ကျယ်ပြန့်စွာ ဝယ်ယူရရှိနိုင်သော်လည်း ဈေးနှုန်းကြီးမြင့်ခြင်း အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကျန်နိုင်ငံများ၌ ဝယ်ယူသုံးစွဲရန် အခွင့်အလမ်းနည်းနေကြောင်း သိရှိရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လူတစ်ဦးချင်းအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးများ၏ ဈေးနှုန်းများမှာ မြင့်မားလျက်ရှိနေပြီး မိသားစုတစ်စုလုံးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ဆေးဝါးများအပါအဝင် ဆေးဝါးကုသမှုဆိုင်ရာ ထုတ်လုပ်မှုပစ္စည်းများကို မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ မှာယူတင်သွင်းကြရသော နိုင်ငံများဖြစ်ကြပြီး တစ်ဖက်မှကြည့်ပါက အပြီးသတ် ပြည့်စုံစွာ ထုတ်လုပ်ပြီးဆေးဝါးများ (Finished Drugs) နှင့် ဆေးဝါးထုတ်လုပ်ရာတွင် ပါဝင်သည့် ဇီဝဗေဒဆိုင်ရာ ဂုဏ်သတ္တိများရှိသည့် ဆေးဝါးကုန်ကြမ်းများ(Active Pharmaceutical Ingredients) တင်သွင်းကြရာတွင် အခွန်အခနှင့် အခွန်အခ မဟုတ်သော အတားအဆီးများ ကြီးလေးစွာဖြစ်ပေါ်နေသော နိုင်ငံများလည်း ဖြစ်ကြပါတယ်။ အခွန်အခနှင့် အခွန်အခမဟုတ်သော အတားအဆီးများက လူတို့အတွက် မရှိမဖြစ်သော ကျန်းမာရေးသုံး ဆေးဝါးများ၏ အပြီးသတ်ထုတ်လုပ်မှုစရိတ်ကို ကြီးမြင့်စေပြီး ဆင်းရဲသူများအတွက် ဝယ်ယူသုံးစွဲမှုကို ကန့်သတ်ထားသကဲ့သို့ ရှိနေပါတယ်။ စီးပွားရေးအင်အား ကောင်းလျက်ရှိပြီး လူဦးရေများပြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ဘရာဇီး စသည့်နိုင်ငံများတွင် ဆေးဝါးစက်ရုံများကို မိမိတို့နိုင်ငံအတွင်း ထူထောင်ထုတ်လုပ်လျက်ရှိသော်လည်း ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ထုတ်ကုန်များကို အတိုင်းအတာတစ်ခုအထိ မှာယူတင်သွင်းနေရဆဲပင် ဖြစ်ပါတယ်။

**ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များ**

၁၉၄၇ ခုနှစ်တွင် အခွန်အခများနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီမှု (General Agreement on Tariffs and Trade, GATT)နှင့် ဆက်လက်ဖွဲ့စည်းလာသည့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီး (World Trad Organization, WTO) တို့မှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအတွက် ကုန်သွယ်မှုပြုရာ၌ အခွန်အခများ လျှော့ချရေးအတွက် အပြန်အလှန် ညှိနှိုင်းသဘောတူညီမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပါတယ်။ အလားတူ နှစ်နိုင်ငံ သဘောတူညီချက်များ၊ လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုင်ရာ သဘောတူစာချုပ်များ (FTA) ကို ညှိနှိုင်းချုပ်ဆို ဆောင်ရွက်ကြရုံသာမက ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုနှင့် အခြားစာချုပ်အသီးသီးကို အုပ်စုအလိုက် ညှိနှိုင်းချုပ်ဆိုဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံအများစု၌ ဆေးဝါးများအပေါ် ကောက်ခံသည့် အခွန်အခများကို လျှော့ချလာခဲ့ကြပါတယ်။

သို့ဖြစ်၍ အခွန်အခ လျှော့ချရေးနှင့်ပတ်သက်ပြီး ဒိုဟာ ဆွေးနွေးပွဲ (Doha Round) တွင်လည်းကောင်း၊ (WTO) ၏ ဆက်လက်ဆောင်ရွက်နေသော ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းသစ်များဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများအရ လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဒိုဟာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် စည်းမျဉ်းများအရ လည်းကောင်း၊ နိုင်ငံပေါင်းစုံက ဆက်လက်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြပါတယ်။ သို့သော် လက်ရှိညှိနှိုင်းသဘောတူညီမှုအပေါ် ရလဒ်အခြေအနေများမှာ ရပ်တန့်တုံ့ဆိုင်းမှုများ ရှိနေသည်ကတော့ အမှန်ပင် ဖြစ်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွင်း လယ်ယာကဏ္ဍဆိုင်ရာ ပံ့ပိုးမှုပေးနေခြင်းကို ရပ်တန့်ရန် တွန့်ဆုတ်နေကြသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပြည်ပသွင်းကုန်များအပေါ် အထွေထွေအခွန်အခ ကောက်ခံခြင်းကို လျှော့ချရန် ဆန္ဒမရှိကြသောကြောင့် ဖြစ်ပါတယ်။

ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာရေးဆေးဝါးများ လွယ်ကူစွာ လက်လှမ်းမီ သုံးစွဲရနိုင်ဖို့အတွက် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတွေချုပ်ဆိုကြရာမှာ နေရာပေး ဆွေးနွေးလာခဲ့ကြတာတော့ အမှန်ပါပဲ။ ဥပမာ- GATT သဘောတူညီချက်အရ GATT 1947 Article XX(b) အရ လည်းကောင်း၊ ဆေးဝါးများဆိုင်ရာ အခွန်အခ တိုက်ဖျက်ရေး သဘောတူညီချက် (Pharmaceutical Tariff Elimination Agreement) နဲ့ ဒိုဟာကြေညာချက် (Doha Document) တွေမှာ အများကြီး ဆွေးနွေးပြဋ္ဌာန်း လက်ခံခဲ့ကြတာတွေ ရှိပါတယ်။ ဒါကြောင့် ကျန်းမာရေးဆေးဝါးများအပေါ် အခွန်အခလျှော့ချဖို့ ဆိုတာနဲ့ ပတ်သက်လာရင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းတွေက အထက်ကဖော်ပြခဲ့တဲ့ သဘောတူညီချက်တွေကို လိုက်နာရေးနဲ့ ထိန်းသိမ်းတည်တံ့နိုင်ရေးအတွက် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးဆိုင်ရာဆေးဝါးများ ကုန်သွယ်မှုသဘောတူညီမှုတွေ ပေါ်ပေါက်လာရေးမှာ အခရာကျတဲ့ လူ့အဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုန်စည်လိုင်းပေါင်း ၈၃ လိုင်းအား နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြား ကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြု

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုန်စည်လိုင်းပေါင်း ၈၃ လိုင်းအား နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြား ကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၇ ကို ဒီဇင်ဘာလ ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပြည်ပမှတင်သွင်းသည့် ဆောက်လုပ်ရေးပစ္စည်းများအား အမျိုးအစား၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရန်နှင့် ဈေးကွက်အတွင်း မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရောင်းချခွင့်ပြုခြင်းကို H.S Code များဖြင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၂၀ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၆ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။

ယခုအခါတွင် အဆိုပါခွင့်ပြုထားသည့် ပစ္စည်းများစာရင်းတွင် မပါဝင်သေးသည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း (ကုန်စည်လိုင်းပေါင်း ၈၃လိုင်း)အား နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီတို့ကို တင်သွင်းရောင်းချခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ တင်သွင်းရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်းစာရင်း HS Code Line ကို လိုအပ်သလိုပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်လိုင်းပေါင်း ၈၃ လိုင်းအား အသေးစိတ်သိရှိလိုပါက www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိပါသည်။ **မယ်သီတာ**

## မြန်မာ့ပဲမျိုးစုံ ပို့ကုန်မြှင့်တင်ရန် နန်နင်း-မြန်မာ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတွင် "Myanmar Beans Market Promotion Forum " ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိမြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးတွင် "Myanmar Beans Market Promotion Forum" မြန်မာ့ပဲမျိုးစုံ ဈေးကွက်မြှင့်တင်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ စီစဉ်ထားရှိပါသည်။

အဆိုပါ မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ်တွင် တရုတ်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသည့် (ရင်းနှီး ကျွမ်းဝင်မှုမရှိသေးသည့်)မြန်မာနိုင်ငံထွက် ပဲမျိုးများကို တရုတ်မုန့်များတွင် ထည့်သွင်းစမ်းသပ်ထုတ်လုပ်ခြင်း၊ ပဲများ၏ ဆေးဖက်ဝင်မှု၊ အာဟာရဖြစ်မှုဆိုင်ရာ ရှင်းလင်းတင်ပြမှုများနှင့် ပဲအသုံးပြုထုတ်လုပ်နိုင်သည့် စားသောက်ကုန်များဖြစ်သည့် (ကြာဆန်/ ခေါက်ဆွဲ/ ပဲဆန်) ထုတ်ကုန်နမူနာများအား ခင်းကျင်းပြသခြင်းအပြင် မြန်မာ့ပဲ၏ အရသာကို မြည်းစမ်းနိုင်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှုဗဟိုဌာန ရန်ကုန် ဖုန်း ၀၁-၂၅၄၀၂၄၊ Email.itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**MTC( Yangon)**

## (၁၃)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု ဆရာကန်တော့ပွဲ ကျင်းပရေးအတွက် အလှူငွေထည့်ဝင်နိုင်ရန် နှိုးဆော်လွှာ

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီမှုအသင်းက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် ကုန်သွယ် လယ်ယာမိသားစု သက်ကြီးဝါကြီး ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် မေလ ၆ ရက်နေ့တွင် ဇပဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်လယ်ယာခမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ကုန်သွယ်လယ်ယာ၌ ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအနေဖြင့် သက်ကြီးဝါကြီး ဆရာကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုနိုင်ရန်နှင့် အလှူငွေများထည့်ဝင်လိုပါက ဦးကျော်ဇောမောင်၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဖုန်း ၀၉၅၀၄၆၀၄၇၊ ဦးမြင့်ချို (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး) ဖုန်း ၀၉၅၁၁၉၀၉၂၊ ဒေါ်ခင်သန်းမြင့် (မန်နေဂျာ (MCB)) ဖုန်း ၀၉၄၅၀၅၄၁၀၆၃၊ ဒေါ်နီလာစိုး (ဒုတိယ ညွှန်ကြားရေးမှူး) ဖုန်း-၀၉၅၀၇၀၇၉၂ နှင့် ဦးကျော်ငွေ (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၉၅၀၁၄၅၅၃ တို့ထံတွင် အလှူငွေများ ထည့်ဝင်နိုင်ကြောင်း အသိပေး နှိုးဆော်လိုက်ရပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)ကဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ စီးပွားရေး လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းများနှင့် အဆင့်မြင့်သင်တန်းများဖြင့် နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ သီအိုရီသဘောတရားများ၊ လက်တွေ့လုပ်ငန်းများ၊ အလေ့အထအတွေ့အကြုံများကို အသေးစိတ်သင်ကြားပို့ချပေးနေသော သင်တန်းကျောင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ကုန်သွယ်မှုသည် Global Supply Chain ဖြစ်လာသည့်အတွက် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးများ ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အက်စ်အမ်အီးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်နိုင်အောင် ပိုမိုလေ့လာ၊ပိုမိုပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး ပို့ကုန်ပိုမိုတင်ပို့ရမည့် အချိန်အခါဖြစ်သည့်အတွက် လိုအပ်သည့်ပံ့ပိုးမှုများကို အစွမ်းကုန် ဖြည့်ဆည်းသွားရမှာဖြစ်ကြောင်း၊ ထို့ပြင် ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် အခြားသော ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆရာများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၆ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ လေးလကြာမြင့်ခဲ့သည်။

**မယ်သီတာ**




# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၁၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၇ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၈ သန်းတန်ဖိုးရှိ ငါးမြစ်ချင်း ၂၀၃ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိ ငါးခေါင်းပွ ၉ တန်ကျော် ကိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၄ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်း(အစို)၊ သစ်ခေါက်၊ အုံတုံခေါက်၊ ဆီးယိုထုပ်၊ ကွေကာ၊ ကြာဆန်တို့ကို ၅၇၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု လျော့ကျ

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၀၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၄၄ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၃၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပိုမိုတင်ပို့နိုင်သော်လည်း တမူး ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများလျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို လျော့ကျ ခဲ့တယ်လို့ သိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ် လာ သုညဒသမ ၁၀၀ သန်းတန်ဖိုးရှိ စောင်၊ မုန့်မျိုးစုံ၊ စီးကရက်၊ မဝတ်တီရှပ်တို့ကို ၄၈ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၀၉ သန်း တန်ဖိုးရှိ စီးကရက်၊ ပဲစင်းငုံ၊ နန့်ဖာလုံကုန်စုံတို့ကို ၅၁ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ ပျားရည်ပိုမိုတင်ပို့

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ ပျားရည်တန် ၆၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၅ တန်နဲ့ နှိုင်းယှဉ်ပါက ၁၅ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်တွင်စတင်ခဲ့ပြီး နိုင်ငံပိုင်ကဏ္ဍတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ပျားများမွေးမြူ၍ သီးနှံစိုက်ခင်း၊ ဥယျာဉ်ခြံများတွင် ဝတ်မှုန်ကူးဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း၊ ပျားမွေးမြူရေးအသိပညာပေးသင်တန်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချ ဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကပျားမွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးတွင် သီးနှံအထွက်တိုးစေရန် ပျားများနဲ့ ဝတ်မှုန်ကူးပေးခြင်းများ ဆောင်ရွက်ပေးကြတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ယခုတစ်ပတ် ဆိုင်ကယ်များတင်သွင်းမှု လျော့ကျ

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၉၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၃၅၀ စီး တင်သွင်းခဲ့ပါတယ်။

ယခင်တစ်ပတ်က ၉၆၉၄ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၄၄ စီးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် တင်သွင်းမှုမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်၆၉၈၃ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၄၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃၀၈ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၂ သန်းတန်ဖိုးရှိ ဆိုင် ကယ် ၁၄ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း တန်ဖိုးရှိ ဆိုင်ကယ်ငါးစီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ဝဥခြောက်ရော ဝဥအစိုပါတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၆ သန်းတန်ဖိုးရှိ ဝဥခြောက် ၁၃၃ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ ဝဥအစို ၁၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဝဥအစို တင်ပို့မှုမရှိဘဲ ဝဥခြောက် ၈၁ တန် ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဝဥခြောက် ၅၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းပေမယ့် ပြည်ပနိုင်ငံများမှာတော့ တန်ဖိုးကြီး အစားအသောက်အဖြစ်ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နဲ့တရုတ်နိုင်ငံများကို အများဆုံးတင်ပို့ပြီး စင်ကာပူနဲ့ မလေးရှားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ကြောင်းသိရပါတယ်။

**မော်မော်အောင်**

# ခွင့်မပြုဆိုးဆေးကင်းစင်သော ဈေးချိုတော် ပေါ်ထွန်းလာရေးလူထုပညာပေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများပူးပေါင်း၍ မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုတော်၌ ဒီဇင်ဘာလ ၁၃ ရက်တွင်ခွင့်မပြုဓာတုဆိုးဆေးကင်းသော ဈေးချိုတော်ပေါ်ထွန်းလာရေးလူထုပညာပေးလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ပါတယ်။

လူထုပညာပေးလှုပ်ရှားမှုအခမ်းအနားတွင် ဈေးနှင့်သားသတ်ဌာနမှူး ဦးခင်အောင်က ယခုကဲ့သို့ ဆောင်ရွက်ရခြင်းသည် ဈေးသူဈေးသားများအား အရေးယူလိုသည့် ဆန္ဒမရှိဘဲ စားသုံးသူပြည်သူလူထု ကျန်းမာရေးမထိခိုက်စေရန် မှန်ကန်သောနည်းလမ်းများဖြင့် စေတနာထား ရောင်းချစေလိုသည့် အခြေအနေများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက ဈေးကွက်နမူနာ စစ်ဆေးမှုများအရ ယခင်က ထက်စာလျှင်ဆိုးဆေးပါဝင်သော ကုန်ပစ္စည်းများ များစွာလျော့နည်းလာပြီး အနည်းငယ်သာ တွေ့ရှိရတော့သည့် အခြေအနေများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်နေမှု အခြေအနေများ၊ ခွင့်မပြု ဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိဖြစ်ပေါ်လာစေရေး၊ ဌာနဆိုင်ရာများ၊ ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က မန္တလေးဈေးချိုအတွင်း ရောင်းချနေသော အစားအသောက်များကို သုံးကြိမ်စစ်ဆေးပြီး ဓာတုဆိုးဆေးကင်းစင်သောဆိုင်အား "ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သောဆိုင်"ကတ်ပြားထုတ်ပေးသွားမှာဖြစ်ပြီး ရှောင်တခင်စစ်ဆေး၍ ခွင့်မပြုဓာတုဆိုးဆေးတွေ့ရှိပါက ကတ်ပြားအား ယာယီပြန်လည် သိမ်းဆည်းကာ ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့်လုပ်ဆောင်မည့် အခြေအနေများကို လည်းကောင်း အကျယ်တဝင့် အသီးသီးပြောကြားခဲ့ကြပါတယ်။ ထို့နောက်အဖွဲ့ခွဲခြောက်ဖွဲ့ခွဲကာ ဈေးအတွင်းလှည့်လည်၍ သက်ဆိုင်ရာဌာနများ၏ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကာ ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**တင်ချစ်ကောင်း စားသုံးသူ(မန္တလေး)**

## ယင်းမာပင်မြို့နယ် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ယင်းမာပင်မြို့ အမှတ်(၂၈)လုံခြုံရေးတပ်ဖွဲ့ခွဲတွင် ဒီဇင်ဘာ ၁၉ ရက်က စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီးရဲခေါင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဖေသန်းဝင်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် စားသုံးသူ၊ လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောဆွေးနွေးရာတွင် ဈေးကွက်အတွင်း စံမမီရောင်းချလျက်ရှိသော ကုန်စည်၊ ဝန်ဆောင်မှုများအား သက်ဆိုင်ရာမိတ်ဖက်ဌာနများဖြင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးပညာပေးလျက် ရှိကြောင်း၊ စားသုံးသူ၊ စီးပွားရေးလုပ်ငန်းရှင်များ နစ်နာမှုရှိလာပါက သတင်းအချက်အလက် ပြည့်စုံစွာဖြင့် တိုင်ကြားနိုင်ကြောင်း၊ ယင်းမာပင်ခရိုင်တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး တိုင်ကြားမှုများအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပညာပေးလက်ကမ်းစာစောင်တွင် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာများ ပါရှိကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်မိသားစု အမျိုးသမီးများ စုစုပေါင်း ၁၆၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြု

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်မှုများမှာ ၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် လုပ်ငန်းပေါင်း ၂၁ ခုရှိပြီး စုစုပေါင်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၈၅၀၁၂ ဒသမ ၁၇ သန်းရှိ၍ ခွင့်ပြုလုပ်ငန်းမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ခြောက်ခု၊ စက်မှုလုပ်ငန်းသုံးခု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းခြောက်ခု၊ စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းတစ်ခု၊ အခြားလုပ်ငန်းနှစ်ခုတို့ဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၂၀ ရှိပြီး စုစုပေါင်းတန်ဖိုးမှာအမေရိကန်ဒေါ်လာသန်းပေါင်း ၃၆၉ ဒသမ ၇၁၇ သန်းဖြစ်၍ ခွင့်ပြုလုပ်ငန်းများမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တစ်ခု၊ စက်မှုလုပ်ငန်း ၁၀ ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းတစ်ခု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း နှစ်ခု၊ စွမ်းအင်လုပ်ငန်း ခြောက်ခုတို့ဖြစ်ကြောင်း သိရသည်။

အစိုးရသစ်လက်ထက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်းပေါင်း ၇၀၃၈၁ ဒသမ ၅၅၅ သန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၁ ဒသမ ၉၈၉ သန်းဖြစ်၍ လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းတို့ဖြစ်ကြောင်း တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ပေးခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ် လာ ၃ ဒသမ ၆၈၅ သန်းရှိသည့် စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြောင်းမြမြို့တွင် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး လက်ရှိအစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် (MIC Law) ဖြင့်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာငါးသန်း သို့မဟုတ် မြန်မာငွေကျပ်သန်း ၆၀၀ အောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုမိန့်ဖြင့် ခွင့်ပြုပေးနိုင်ပြီဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုဇုန်ကဏ္ဍ၊ CMP စနစ် အထည်ချုပ်လုပ်ငန်းများ၊ ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးကဏ္ဍများကို ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများက အထူးစိတ်ဝင်စားစွာဖြင့် လာရောက်မေးမြန်းစုံစမ်းလေ့လာလျက်ရှိကြောင်း အဆိုပါရုံးမှသိရသည်။

**မင်းမင်းဦး (ပုသိမ်)**

စာမျက်နှာ (၈) ပြည်ပလိုအပ်ချက်ရှိသည့် ပဲမျိုးစုံ …… မှအဆက်

တည်မှီနေရကြောင်း၊ အီဂျစ်နိုင်ငံသို့ faba beans အဓိကတင်ပို့သူများမှာ ဩစတြေးလျ၊ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံတို့ဖြစ်ပါကြောင်း၊ ဩစတြေးလျနိုင်ငံသည် အီဂျစ်နိုင်ငံသို့ faba beans အများဆုံးတင်ပို့လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁၁၀,၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

၂၀၁၇ ခုနှစ်အတွင်း ကနေဒါ နိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပဲမဟာမိတ်အဖွဲ့နဲ့ ကနေဒါပဲညီလာခံမှ ဆွေးနွေးချက်များကို လေ့လာချက်အရ နိုင်ငံအလိုက် စားသုံးသော ပဲအမျိုးအစားအလိုက် ပဲလိုအပ်ချက်များရှိနေတာကို သိရှိရပါတယ်။

ဥပမာ-ဘရာဇီးနိုင်ငံဟာ black beans ကို အများဆုံးစားသုံးပြီး အီဂျစ်နိုင်ငံဟာ faba beans ကို အများဆုံး စားသုံးကြတဲ့အတွက် နှစ်စဉ်လိုအပ်လျက်ရှိပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းနဲ့ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံသို့ အဓိကပို့ကုန်ဈေးကွက်အဖြစ်မှီခိုမနေဘဲ အခြားနိုင်ငံများရဲ့လိုအပ်တဲ့မျိုးစိတ်များကိုစိုက်ပျိုးထုတ်လုပ်စေခြင်းဖြင့် ဈေးကွက်အသစ်များ ရှာဖွေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလိုဈေးကွက်သစ်များ ရှာဖွေရာမှာလည်း အာဖရိကနိုင်ငံများရဲ့ ပဲထုတ်လုပ်မှုတိုးတက်လာပြီး ဈေးနှုန်းသက်သာစွာ ရောင်းချလာနိုင်တဲ့အချက်ဟာလည်း မြန်မာနိုင်ငံအနေနဲ့ ယှဉ်ပြိုင်ထုတ်လုပ်နိုင်ဖို့ ထည့်သွင်းစဉ်းစားရမယ့်အချက်ဖြစ်လာပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံရဲ့ စားသုံးမှု ပုံစံပြောင်းလဲလာမှုနဲ့ အစားအစာအာဟာရ ထုတ်လုပ်မှုပုံစံတိုးတက်လာမှုများကြောင့် တရုတ်နိုင်ငံအနေဖြင့် ပဲတင်သွင်းမှု တိုးတက်လာနိုင်တဲ့အလားအလာရှိတဲ့အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံရဲ့ လိုအပ်ချက်အပေါ်မူတည်၍ ပဲဈေးကွက်ပြောင်းလဲ တင်ပို့နိုင်ဖို့ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း တရုတ်နိုင်ငံဟာ အရည်အသွေးစစ်ဆေးမှုကို AQSIQ စည်းမျဉ်းများနဲ့ တင်းကျပ်ထားတဲ့အတွက် ပဲထုတ်လုပ်မှုကို အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေး အထူးသဖြင့် ပိုးသတ်ဆေးအကြွင်းအကျန်များ မရှိစေရေးကို အဓိကထားဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။

အခြားပဲတင်ပို့တဲ့ အာဖရိကနိုင်ငံများရဲ့ ပဲစိုက်ပျိုးမှုအခြေအနေကို လေ့လာရာမှာအစိုးရက တောင်သူလယ်သမားများအား ပဲစိုက်ပျိုးမှုကို တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သော အထောက်အပံ့များကို ပေးအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် ၎င်းတို့အစိုးရအနေနဲ့ ရေရှည်အထောက်အပံ့ပေးခြင်းများ မပြုလုပ်နိုင်တော့ပါက ဆက်လက်စိုက်ပျိုးဖို့ အခက်အခဲရှိလာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အထွက်နှုန်းတိုး၊ ရာသီဥတုနှင့် ပိုးမွှားဒဏ်ခံနိုင်စွမ်းရှိပြီး အာဟာရဓာတ် ပိုမိုကြွယ်ဝတဲ့ သီးနှံမျိုးစိတ်အသစ်များ စမ်းသပ်သုတေသနပြုရာမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

ဒါ့အပြင် မျိုးကောင်းမျိုးသန့် ပိုးမွှားကင်းစင်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းတို့ကို ဂရုစိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခင်က အဆိုပါအချက်များကို ဂရုစိုက်ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် အိန္ဒိယဈေးကွက်တစ်ခုထဲကိုသာ ကာလရှည်ကြာစွာ မှီခိုအားထားခဲ့ပြီး အခြားတင်ပို့ရောင်းချနိုင်သော ဈေးကွက်အသစ်များ တိုးချဲ့ရှာဖွေခြင်းမပြုခဲ့သဖြင့် အိန္ဒိယဈေးကွက်တစ်ခုထဲကို မှီခိုနေခြင်းအစား အခြားပဲစားသုံးသည့် ဈေးကွက်အသစ်များဖြစ်သည့် နီပေါ၊ ပါကစ္စတန်၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်း ဈေးကွက်ချဲ့ထွင်ရေး ကို အလေးပေးဆောင်ရွက်ဖို့လိုပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများအား အထွက်နှုန်းမြင့် မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာများပံ့ပိုးပေးခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲတတ်စေရေးနဲ့စနစ်တကျသိုလှောင်သိမ်းဆည်းရေး အသိပညာမျှဝေပေးခြင်းတို့ကို ကူညီပံ့ပိုးပေးသင့်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံတို့အစား အခြားသီးနှံ များဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းတို့ကို ပြောင်းလဲစိုက်ပျိုးနိုင်သဖြင့် သီးနှံပြောင်းလဲစိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများအား အသိပညာ ဖြန့်ဝေပေးခြင်း၊ အရည်အသွေးမြင့် သီးနှံမျိုးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသင့်သလို ထွက်ရှိလာတဲ့ သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချ နိုင်ရေးအတွက် ဈေးကွက်ရှာဖွေပေးသင့်ပါတယ်။

ထွက်ရှိလာတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအတိုင်း တိုက်ရိုက်တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ်ဆောင်ရွက်သင့်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲ စိုက်ပျိုးရန်အတွက် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရန်လိုပြီး တောင်သူနဲ့ကုမ္ပဏီ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု (Contract Farming) စနစ် ပိုပြင်အောင်မြင်စေရေးအတွက် အစိုးရဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ပြောင်းလဲစိုက်ပျိုးမယ့် သီးနှံများနဲ့ပတ်သက်ပြီး တောင်သူများအား အသိပညာပေးရှင်းလင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

# Universal Tractor Co., Ltd.




**BATTERY XTRA POWER**

**JAPAN STANDARD**

**Produced by an ISO 9001 & 14001 Certified Company**

No. 1252(A), Yangon-Pathein High-Way Road, Nawaday Garden, Hlaing Thar Yar Tsp., Yangon, Myanmar.
Tel: +95 1 685470, +95 9 5085217 Email: utsales@universaltractormyanmar.com
Website: www.universaltractormyanmar.com

Shed (A/39), #Room (3), Front Row of Bayintnaung Market, Mayangone Township, Yangon, Myanmar.
Tel: +95 1 683440, +95 9 43024612




# OHIO MYANMAR INTERNATIONAL CO.,LTD.

ဂျပန်နိုင်ငံထုတ် လူသုံးကုန်၊အလှကုန်များ၊အမေရိကန်ထုတ် နာမည်ကြီးအလှကုန်များ လိုချင်ပါသလား....
ဂျပန် export quality အဝတ်အထည်များ၊ မြန်မာပိုးထည်၊ချည်ထည်များ အလိုရှိပါသလား...
ကျွန်ုပ်တို့ကို သတိရလိုက်ပါ။

OHIO Fashion (Export Fashion) — Thuzar Silk & Cotton




OHIO Fashion (Export Quality)

အစိုးရဝန်ထမ်းများ ဂျပန်သွားဖို့ (သို့)ဂျပန်ကုမ္ပဏီတွေနဲ့ ပူးတွဲလုပ်ရလို့ ဂျပန်လိုအခြေခံလောက်ပဲ ဖြစ်ဖြစ် သိချင်၊တတ်ချင်တယ်ဆိုရင် OHIO ကိုသတိရလိုက်ပါ။ ဂျပန်စာ၊ အင်္ဂလိပ်စာသင်တန်းပေါင်းစုံ ရှိပါတယ်။ ဘာသာပြန်၊စကားပြန်တွေ၊ tour guideတွေ လိုချင်ရင်လည်း ကျွန်ုပ်တို့ကိုဆက်သွယ်နိုင်ပါသည်။



- OHIO Japanese Language Center
- Japanese translation and interpreter service
  - Scholorship and other education services
  - Local Job Agency
  - Elegant Wedding & Events Planner
  - Catering Service
  - Hotel & Car rental service

No.35/37, 6th Floor-B,Mhan Yawai Street,Sayasan North- East Ward
Bahan Township,Yangon,Myanmar.
Tel : 09 78188 6055, 09 2530 54178, 09 77085 2968
Email : ohio.mi.coltd@gmail.com ,ohio.jl.center@gmail.com

# PPP Pyae Pyae Phoo Co.,Ltd.



- ဥရောပနိုင်ငံမှတိုက်ရိုက်မှာယူတင်သွင်းသော MAN Truck များအားဈေးနှုန်းချိုသာစွာဖြင့်ကြိုပို့စနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။
- ကားပြုပြင်မှုအပိုင်းဖြစ်သော (workshop) ဝန်ဆောင်မှုတွင် MAN ကုမ္ပဏီမှ Training ရရှိထားသော ကျွမ်းကျင်စက်ပြင်ဆရာများဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိပါသည်။
- Spare Parts များကိုလည်း ဂျာမနီနိုင်ငံထုတ်ပစ္စည်းများကို တိုက်ရိုက်မှာယူတင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

No.430Sayarsan Road,33 Ward, North Dagon,Yangon.
Email: kmmt19@gmail.com, naylinnoo45@gmail.com
Tel:09450039940,09254012961




# Myint Thukha Nadi Logistics Co.,Ltd.

A Myintthukhanadi Company




**Head Office ;**

No.408, Tower(B), Myaing Hay Wun Condo, 8 miles, Mayangone Township, Yangon, Myanmar.
Tel ; (+95)1-651049, (+95)9-5109786
Website ; www.myintthukhanadi.com, E-mail ; myintthukhanadi@gmail.com
; MyintThukhaNadi Logistics

# ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၉၄ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၅၃၅၃ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာ RSS1 ၃၄၆ တန်ကျော်၊ RSS 3 ၁၃၃၁ တန်နီးပါး၊ RSS 5 ၉၇၇ တန်ခန့်နဲ့ MSR 20 ၁၇၅၄တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 ၂၉၆ တန်၊ RSS 5 ၅၄၉ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးစခန်းမှ MSR 20 တန်ချိန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၄၇၄၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၀၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ တစ်တန်လျှင် ကျပ် ၂၀ ဒသမ ၂၁၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၅ သန်း တန်ဖိုးရှိ ရော်ဘာ ၈၀၈ တန်ကျော်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ Mixtures of Natural Rubber and Synthetic Rubber ၁၀၅ တန်၊ MSR 20 ၂၀၂ တန်ခန့်၊ RSS3 တန်ချိန် ၃၀၀၊ တရုတ်နိုင်ငံသို့ MSR 10 ၂၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၃၇၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၂၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ထုတ်ပြန်ထားကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၁၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၅၄၅၃၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၅၂၈၃၅ တန်၊ လွယ်ဂျယ်မှ ၈၁၃ တန်ကျော်၊ ချင်းရွှေဟော်မှ ၈၀၄ တန်နဲ့ ကန် ပိုက်တီမှ ၈၅ တန် ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်း ၄၅၀၄၈ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်း ၉၄၈၈ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၁၆၃၃ ကျပ်ရှိရာမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၂၃၈၂ ကျပ်သို့ ဈေးမြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၅၃၈ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၃၇ စီးပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၆၂-၆၆ ကျပ်ရှိကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၂၈၁ တန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၂၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# ဆားလင်းကြီးမြို့နယ်တွင် ဆောင်းသီးနှံများအောင်မြင်စွာဖြစ်ထွန်း

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ဆားလင်းကြီးမြို့နယ်တွင် ကုလားပဲ စိုက်ဧကသုံးထောင်ကျော် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။ ယခင်နှစ်များက မြေပဲနှင့်ကြက်သွန်နီကို အများဆုံးစိုက်ပျိုးခဲ့သော်လည်း ရာသီဥတုကြောင့် ထွန်ယက်စိုက်ပျိုးချိန်နောက်ကျသဖြင့် ယခုနှစ်တွင် ကုလားပဲသီးနှံအား ပြောင်းလဲစိုက်ပျိုးခဲ့ပြီး ကုလားပဲဖြူလုံးကြီး V2 နှင့် V3 မျိုးများကို အဓိကစိုက်ပျိုးသည်ဟုသိရှိရပါသည်။ မိုးရွာသွန်းမှုများ၍ အစိုဓာတ်များခြင်းကြောင့် မြေပြုပြင်ရန် အခက်အခဲများရှိပြီး ပေါင်းမြက်များ၊ ကျူပင်များ၊ ကိုင်းပင်များ ရှင်းလင်းရာတွင် မြက်ရိတ်စက်များငှားရမ်းခြင်း၊ ထွန်စက်များငှားရမ်း၍ သုံးရခြင်း၊ လုပ်အားခမြင့်တက်ခြင်းနှင့် ကုလားပဲမျိုးအား တစ်တင်းလျှင်ကျပ် ၅၀၀၀၀ ဝန်းကျင်ခန့် ပေးဝယ်ရသဖြင့် ကုလားပဲပေါ်ချိန်တွင် ဈေးကွက်ကောင်းမွန်မှ တောင်သူများအတွက် အကျိုးအမြတ်ရှိမည်ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ပါသည်။

လက်ရှိမုံရွာကုန်စည်ဒိုင်တွင် ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၃၀၅၀၀၊ ထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ 929 တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ V3 V7 တစ်တင်းလျှင် ကျပ် ၃၅၀၀၀ အသီးသီး ဈေးဖြစ်ပေါ်နေတယ်လို့ သိရှိရသည်။ **လင်းလင်းသန့်**

# မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေး ဇုန်မှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၀၈ သန်းတန်ဖိုးရှိ ပရဆေး ကုန်ကြမ်းအမယ် ၁၃ မျိုး၊ တန်ချိန်အားဖြင့် ၃၇၈ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၃၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၄၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ စကားပန်းပွင့်ခြောက်၊ ချင်းခြောက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဆီးဆန်၊ မာလာဥ၊ ဝဥ (အစို/အခြောက်)၊ ဆေးမြင်းခွာ၊ ချဉ်ပေါင်ဖာလာ၊ နေလဲစေ့၊ ကြောင်ပန်းစေ့နဲ့ ကြောင်လျှာစေ့တို့ ဖြစ်ပါတယ်။

ယခုတစ်ပတ် မိကျောင်းကွမ်းဖတ်စေ့ တင်ပို့မှုမရှိခဲ့ပေမယ့် ဆေးမြင်းခွာ၊ ဝဥ(အစို)၊ ချင်းခြောက်နဲ့ စကားပန်းပွင့်ခြောက်တို့ကို တင်ပို့ခဲ့သဖြင့် ယခုလို ပရဆေးတင်ပို့မှုပိုမိုရတာလို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# မြန်မာနိုင်ငံငါး၊ ပုစွန်မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းအား ဥရောပသမဂ္ဂ၏ ယူရိုငွေ ၂၂ ဒသမ ၅ သန်း ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်မည်

မြန်မာနိုင်ငံသည် ကုန်းတွင်းအင်း၊ အိုင်နှင့် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများဖြင့် ငါး၊ ပုစွန်များကိုဖမ်းဆီးထုတ်ယူစားသောက်ခြင်း၊ ပြည်ပတင်ပို့ခြင်း စသည့် လုပ်ငန်းများကို နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့သည့် နိုင်ငံဖြစ်ပါသည်။ ယခုအခါတွင် သဘာဝအခြေခံဖမ်းဆီးသည့် လုပ်ငန်းများတွင် ငါး၊ ပုစွန်သယံဇာတများ လျော့နည်းလာပြီဖြစ်သည့်အတွက် ရေရှည် ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ထိန်းသိမ်းရေးအစီအစဉ်ကောင်းများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသားများသည် ပရိုတိန်းနှင့် အာဟာရဓာတ်များရရှိရေးအတွက် ငါးရိက္ခာကို အဓိကစားသုံးလျက် ရှိကြပါသည်။ နိုင်ငံသား ၃ ဒသမ ၅ သန်းခန့်သည့် ငါးလုပ်ငန်းများဖြင့် အချိန်ပိုင်း၊ အချိန်ပြည့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေကြပြီး နိုင်ငံသား ၁၇ ဒသမ ၅ သန်းခန့်သည် ငါးလုပ်ငန်းအား မှီခိုနေကြရပါသည်။

တိုးတက်လာသည့် နိုင်ငံသားများ၏ ငါးရိက္ခာဖူလုံစေရေးနှင့် ပိုလျှံသည်များကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်ပဝင်ငွေများ တိုးမြှင့်ရရှိစေရေးအတွက် အထူးကောင်းမွန်သည့် ရေ၊ မြေနှင့် မျှတသည့် ရာသီဥတုအစရှိသော သယံဇာတကောင်းများကို အသုံးပြု၍ ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဥရောပသမဂ္ဂ၏ ထောက်ပံ့ရန်ပုံငွေ ယူရို ၂၂ ဒသမ ၅ သန်း ထည့်ဝင်သည့် အစီအစဉ်ဖြင့် ဂျာမနီ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း ဝန်ကြီးဌာန အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်း ဦးစီးဌာနတို့ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာ့ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ လေးနှစ်ကာလ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုကို ငါးလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ ငါးမွေးတောင်သူများ၊ အသေးစား အလတ်စား (SMEs) လုပ်ငန်းများ၊ အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပညာရှင်များနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ စီမံကိန်းအတွင်း ကမ်းရိုးတန်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ငါးရှားပါးသည့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ ပါဝင်ကြသည်။ ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများမှာ ထုတ်ကုန်နှင့် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်စေရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပြီး အသေးစားနှင့် အလတ်စား ငါးမွေးမြူရေးလုပ်ငန်းများမှ အဓိကအကျိုးခံစားခွင့် ရရှိကြမည်ဖြစ်ပါသည်။ ဦးတည်အုပ်စုအနေဖြင့် အသေးစားငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ မြန်မာနိုင်ငံသား ၂ ဒသမ ၅ သိန်းနှင့် အခြားနယ်ပယ်ကဏ္ဍများမှ ဆက်စပ်ပါဝင်သူ နိုင်ငံသားများအတွက် အကျိုးခံစားခွင့်ကိုရရှိစေမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**ခိုင်သဥ္ဇာ (MYANTRADE)**

# မအူပင်ခရိုင်ရဲရိပ်သာတွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မအူပင်ခရိုင်ရဲရိပ်သာ၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၁ ရက်တွင် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲတွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ဘဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက စားသုံးသူရေးရာဦးစီးဌာနပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေမှ စားသုံးသူများ၏အခွင့်အရေး၊ တိုင်ကြားမှုလက်ခံဆောင်ရွက်နေမှု၊ လုပ်ငန်းရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းလေ့လာစစ်ဆေးခဲ့သည်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်၊ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲဘော်များနှင့် အိမ်ထောင်စုဝင်မိသားစုများ စုစုပေါင်းအင်အား ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSUMER MT**

# အရည်အသွေးဈေးနှုန်းနှင့်ဈေးကွက် ခဉ်ဆက်မပြတ်လေ့လာကြစို့

**မြင့်ဦး(ပခုက္ကူ)**

နိုဝင်ဘာလအတွင်းကကိုယ်တာဝန်ယူထားတဲ့နေရာ ပေါက်၊ ဆော၊ ကျောက်ထုဘက်ကို ဟောပြောပွဲတွေသွားရပါတယ်။ ဒီတစ်ခါခရီးက ယောဒေသ ကျောက်ထု၊ဆောဘက်ကိုသွားရာမှာ အစွန်အဖျားကျတဲ့ မရောက်ခဲ့တဲ့ဒေသကို ရောက်အောင်သွားကြတာဆိုတော့ ခရီးလမ်းကြမ်းတမ်းပါတယ်။ ပေါက်မြို့နယ်ပြီးတော့ နံနက်စောစော ကျောက်ထုနယ်သွားဖို့ ပုံညာတောင်ကို ဆိုင်ကယ်တွေနဲ့ တက်ပါတယ်။

ဆိုင်ကယ်တွေလည်း ဝီခေါ် အင်ဂျင်တွေကလည်း ညှော်နံ့ထွက်အောင် ပုံတောင်ကိုတက်ခဲ့ကြတယ်။ နတ်ထိပ်(တောင်ထိပ်)ရောက်ပါတယ်။ မြူနှင်းများကဆီးလို့ကြိုသည် ယောဧ္ဒနီစပြီပေါ့ဗျာ . . တောင်ထိပ်မှာ ဆိုင်ကယ်လည်းနား၊ လူလည်းနားပေါ့၊ နတ်ထိပ်ကဆိုင်မှာ လက်ဖက်ရည်သောက်ရင်း ကိုယ့်လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုတွေ စကားပြောရင်း တစ်ယောက်က ဆရာဒီတစ်ခါသွားတဲ့ခရီးက "ပဲအကြောင်း(ပဲစင်းငုံ)ရယ်၊ ဆိတ်မွေးဖို့အစုအဖွဲ့ ဖွဲ့ဖို့ရယ်၊ကျောင်းတွေမှာ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းရယ် သုံးခုတောင်နော်"ဆိုတော့ဒီလိုလုပ်ကွာ"ဒီခရီး ခေါင်းစဉ်ကို ဆိတ် . . ပဲ . . စား" ခရီးစဉ်လို့ခေါင်းစဉ်တပ်လိုက်ပေါ့၊ ဆိတ်သားနဲ့ပဲနဲ့ရောပြီး စားသုံးသူအကြောင်းဟောကြတာပေါ့ ဒီတော့ဆိတ်၊ ပဲ၊ စားခြင်းနှင့် ခရီးသွားခြင်းပေါ့ကွာလို့ပြောတော့ ဝိုင်းရယ်ကြတယ်။ ဘဝရဲ့အမောကို အသောနဲ့ ဖြေရှင်းခြင်းတစ်မျိုးပေါ့လေ။

ကိုယ့်အဖွဲ့နဲ့ ကိုယ်စကားပြောနေတုန်း ဆိုင်ကယ်ငါးစီးရောက်လာ၊ သူတို့လည်းဆိုင်ကယ်တွေရပ်ဆိုင်ထဲဝင်လာကြပါတယ် . . ထမင်းဆီဆမ်းမှာသူ၊ လ္ဘက်ရည်မှာသူ အစုံပါပဲ . . ၊ ဒီအထဲမှာခေါင်းဆောင်ဖြစ်သူက ပိုက်ဆံအိတ်ထဲကကျပ် ၁၀၀ တန် အသစ်ကလေးတွေ ထုတ်လို့ တောင်ထိပ်နတ်ကွန်းမှာ သွားပြီး နတ်ဆက်ဆုတောင်းတာတွေ့ရပါတယ်။ နယ်ရှင်ပယ်ရှင်အမေရေယာဉ်ကိုနတ်ဆက်ရင်း စောင့်ရှောက်ဖို့ တင်မြှောက်ပသနေတာကို တွေ့ရပါတယ်။ သူ့ဓလေ့သူ့ရိုးရာသူ့ ကိုးကွယ်ယုံကြည်မှုအရပေါ့လေ၊ဆိုင်ကယ်တွေအင်ဂျင်အေးလောက်ပြီဆိုတော့ ခရီးဆက်ထွက်ကြတာပေါ့၊ ပုံတောင်တောင်ကအဆင်းခရီးစဉ်ပေါ့၊ အဲဒီမှာ နောက်မှရောက်လာတဲ့ ဆိုင်ကယ်တွေပေါ်မှာကြည့်မိတော့ တရုတ်ပြည်ကလာတဲ့ မွေးပွအရောင်စုံ လှလှပပစောင်တွေ ဆိုင်ကယ်ငါးစီးစလုံး အပြည့်တင်လို့ပါဗျာ၊ ဆောင်းဦးပေါက်ရာသီစာ ခြုံစောင်တွေပေါ့ဗျာ၊ ရင်ထဲမှာတော့ အတွေးတစ်ခုငြိတွယ်လို့ပေါ့ ခရီးဆက်ထွက်ပါတယ်။

ဒေသခံဝန်ထမ်းတွေရဲ့ ကြိုတင်ချိတ်ဆက်ထားမှုအရ ပင်ထောင်ရွာ၊ ကြူတောရွာ၊ မန်းရွာ၊ သံပရာရွာ စတာတွေကို သွားပါတယ်။ ခုနစ်ကုန်းတက်၊ ခုနစ်ကုန်းဆင်းဆိုတဲ့ ခရီးတွေကိုသွားရပါတယ်။ ကျောက်ကြမ်းခင်းထားတဲ့ ခရီးကြမ်းတွေပါ။ ရောက်တဲ့နေရာနံနက်ခင်းကျောင်းတွေမှာ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲတွေလုပ်၊ နေ့ခင်းပိုင်းတောင်သူတွေနဲ့တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေးအကြောင်း၊ ပဲဈေးကွက်အခြေအနေ၊ ပဲစင်းငုံတစ်ဧက၊ တစ်တင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်စတာတွေ မေးမြန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးဟောပြောကြတာပေါ့၊ ကုန်သွယ်မှု(Trade) နဲ့ပတ်သက်လို့ပြောရင် နှစ်နာရီနဲ့ သုံးနာရီကြားကြာပါတယ်။ ဒီမှာ ဘာသွားတွေ့သလဲဆိုတော့ကိုယ့် တောင်သူတွေဟာ ရိုးရာက"အ"၊"အ"ရာက"န"တဲ့အထိ သွားတွေ့ရပါတယ်။

ကိုယ့်ယာကိုယ့်လယ်ဘယ်လောက်ကျယ်တယ်၊ ဧကဘယ်လောက်ရှိတယ်ဆိုတာ တိတိကျကျ မပြောနိုင်ကြပါဘူး။ တောင်ပိုင်း၊ မြောက်ပိုင်းလူဘယ်နှစ်ယောက်စိုက်၊ ပဲဘယ်နှစ်တင်း၊ ဘယ်နှစ်ပြည်ကျဆိုတာတွေ ပြောနေကြတုန်း ဟောရင်းပြောရင်း"ဟ အုပ်မျှုးလုပ်ပါအုံး။ ဒီတောင်သူတွေမြေစာရင်းပုံစံ ပုံစံ(၇)မရသေးဘူးလား"ရပါပြီဆရာရဲ့။ ပုံစံ(၇)ရတာတောင် ကိုယ်ဘယ်လောက် ပိုင်တယ် ဧကဘယ်လောက် အတိအကျမပြောနိုင်ပါဘူး။ ကိုယ်ကိုင်နေတဲ့ ဖုန်းနံပါတ် မပြောနိုင်သလိုမှတ်ပုံတင်နံပါတ် အလွတ်ရဖို့ဆို ဝေးစွခြောက်ပါးပါဗျာ-။မီးရတဲ့ရွာတွေမှာ"TVကြည့်သလား" ကြည့်တယ်ဆရာရဲ့ "ဘာတွေကြည့်တုန်း" "ဟာနုမာန်" "ဘုန်းမီးနေလအာသောက" "အညာစရော"ဆိုတဲ့ကိုရီးယား၊ အိန္ဒိယကားတွေ၊ထိုင်းကား၊ ဗီယက်နမ်ကားတွေကြည့်တယ်။ ဒီလိုဆိုသတင်းနားထောင်သလား မိုးလေဝသသတင်းရောဆိုတော့ "ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့ ဆရာရယ်တဲ့" ကောင်းရောဗျာ. သတင်းနားထောင်ရတယ်။ နိုင်ငံတော်ဘာတွေလုပ်နေတယ်၊ ဘယ်စီးပွားရေးဝန်ကြီး တာဝန်ရှိသူတွေလာတယ်၊ ကိုယ့်နိုင်ငံကစီးပွားရေးဝန်ကြီးဘာတွေပြောတယ်၊ ဈေးကွက်ကိုဘယ်လိုချိတ်ဆက်တယ်၊ ရာသီဥတုသတင်း နားထောင်ရတယ်။ တောင်သူနဲ့မိုး၊ မိုးနဲ့တောင်သူ သီးခြားစီနေလို့မရဘူး။ မိုးရွာမရွာ၊ ရွာတဲ့မိုးဟာတောင်သူတွေအတွက် အကျိုးပြုတဲ့မိုးလား၊ ပျက်စီးစေတဲ့မိုးလား ကြိုတင်ကာကွယ်နိုင်တယ်။ မုန်တိုင်းသတင်း အိမ်နီးချင်းနိုင်ငံမှာ မုန်တိုင်းဝင်တယ် ရေကြီးတယ်၊ မိုးခေါင်တယ်၊ လျှင်လှုပ်တယ်၊ သူ့နိုင်ငံကစိုက်ခင်းတွေ ရာသီဥတုကြောင့် ပျက်စီးရင် ကိုယ့်နိုင်ငံကထွက်ရှိပိုလျှံတဲ့သီးနှံတွေရောင်းရမယ်၊ ဈေးကောင်းမယ်၊ ခင်ဗျားတို့ရွာမှာ တွေ့ရတဲ့စလောင်းထဲမှာ လယ်သမားလိုင်းပါပါတယ်။ အဲဒီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးအကြောင်းတွေ နေ့စဉ်လွှင့်တယ်။ ဗဟုသုတတွေရတယ်။ ဒါတွေလည်းကြည့်ပါ၊ ဖျော်ဖြေရေးကားတွေလည်းကြည့်ပါဆိုတော့ ဒီလိုဆိုတော့လည်းဟုတ်သလား ဆရာရယ်နို့အကျွန်း (ကျွန်မကိုယောလိုပြောတာပါ)တို့မှမသိဘဲဆရာရယ် ဖြစ်ကုန်ရော၊ ဆရာရယ် တကယ်ကိုမသိတာ ဆရာတို့လာတာ ဗဟုသုတအားကြီးရတယ်။ ကျွန်တော်တို့ရွာကို တစ်လတစ်ခေါက်လာပါ၊ အစစအရာရာတာဝန်ယူပါတယ်လို့ တောင်းဆိုလာကြတယ်။

ဟောပြောပွဲပြီးတော့ အုပ်ချုပ်ရေးမျှုးအိမ်မှာ ရေနွေးကြမ်းသောက်ရင်း နားနေတုန်း အလာမှာ တောင်ထိပ်(နတ်ထိပ်)မှာတွေ့တဲ့ စောင်ရောင်းသူတွေ ဆိုင်ကယ်ကိုယ်စီနဲ့ ရောက်လာကြပါတယ်။ အုပ်ချုပ်ရေးမျှုးအိမ်မှာ ခွင့်လာတောင်းပါတယ် ။ ရွာထဲမှာပါတဲ့စောင်တွေရောင်းချဖို့ ခွင့်လာတောင်းတာပါ။ ဒါနဲ့စကားမစပ် စောင်ရောင်းသူတွေနဲ့ စကားပြောကြည့်ပါတယ်။ ဘယ်လိုရောင်းသလဲ၊ ဘယ်ဈေးလဲပေါ့။ ဆရာတို့ရယ် တရုတ်ကလာတဲ့စောင်တွေပါ၊ အရောင်အသွေးဒီဇိုင်းအမျိုးမျိုးပေါ့၊ အရွယ်အစားလှပမှု အပေါ်မူတည်လို့ လက်ငင်းရယ်၊ အကြွေးရယ်ဆိုပြီးရောင်းပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ ရောင်းတဲ့စောင်တွေကဒေသထွက်စောင်တွေထက် ဆေးခိုင်တယ်၊ လှတယ်၊ဈေးချိုတယ်ဆိုတော့ရောင်းရပါတယ်။ အကြွေးဆိုရင်တော့ ဒီကအုပ်ချုပ်ရေးမျှုးကြီးက တာဝန်ခံပေးရတာပေါ့လို့ ရှင်းပြပါတယ်။ ဩော် "ဈေးကွက် . . ဈေးကွက်" "ဈေးနှုန်း . . ဈေးနှုန်း"လို့သာပြောရင်းဆိုရင်း ပြန်ခဲ့ကြပါတယ်။

ပခုက္ကူပြန်ရောက် ရှင်းလင်းတင်ပြစရာရှိတာတွေရှင်း၊ နားရင်းမဖတ်ရတဲ့စာစောင်၊ ဂျာနယ်တွေ ဖတ်ရင်း ဟောတွေ့ပြန်ပြီ၊ တရုတ်ပြည်မှလာသော ယောက်ျားဝတ်ပုဆိုး၊ လုံချည်တွေ တစ်ထည်ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ဖြင့် မန္တလေးဈေးချိုတော်တွင် ဝင်ရောက်လာ၊ ရောင်းချတဲ့ အဆင်တွေက ဗမာပြည်က အဆင်တွေအတိုင်းပဲဆိုတဲ့ သတင်း၊ ခေတ်စကားနဲ့ပြောရရင် ဟာ့ထ်ထိတဲ့ သတင်းတွေပါ။ ဟာ့ထ်ထိတယ်ဆိုတဲ့နေရာမှာ အကောင်းထိတာ မဟုတ်ပါဘူး။ စိုးရိမ်ထိတ်လန့်စွာနဲ့ အဆိုးထိတာပါ။ ကိုယ့်ဒေသပခုက္ကူမှာ စောင်လုပ်ငန်း၊ ယက္ကန်းလုပ် ငန်းခေတ်စားခဲ့ဖူးတယ်။ ပခုက္ကူယက္ကန်းကထွက် တဲ့ ပခုက္ကူဝါဒစောင်၊ ချင်းပုလဲစောင်၊ မုဒုံစောင်တွေဟာရွှေခေတ်ရောက်ခဲ့ကြတယ်။ သိုးမွေးစောင်၊ ချည်စောင် အမျိုးမျိုးပါရုပ်ရှင်၊ ဗွီဒီယို၊ ဟိုတယ်တွေမှာ အသုံးပြုခဲ့ကြတာပါ၊ ပခုက္ကူသူ၊ ပခုက္ကူသားတွေ ဂုဏ်ယူခဲ့ကြတယ်ပေါ့။ နောက်ပိုင်း တရုတ်စောင်တွေဝင်လာတယ်။ ဆေးရောင် ခိုင်တယ်၊ လှပတယ်၊ ဈေးချိုတယ်၊ တစ်ခါတည်း ပခုက္ကူစောင်ဈေးကွက် ပျက်ထွက်သွားတယ်။ အခုဆိုရင်ပခုက္ကူမှာ ယက္ကန်းစင်တော်တော်ရှား သွားပါပြီ။ ကောမတ်စ်ဂျာနယ်မှာပဲ ပခုက္ကူယက္ကန်း လောကရဲ့အနိစ္စဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးသားတင်ပြဖူးပါတယ်။

အခုနယ်တွေဆင်းရင်း တရုတ်စောင်တွေရောင်းနေတာတွေ့တယ်။ လာပြန်ပြီ တရုတ်ပြည်ကပုဆိုးတစ်ထည်ကျပ် ၂၀၀၀မှကျပ် ၂၅၀၀၊ပြည်တွင်းပုဆိုးတွေက တစ်ထည် ကိုအနည်းဆုံးကျပ် ၃၅၀၀ မှ သောင်းဂဏန်းထိရှိ နေတယ်။ စောင်ပြီးတော့ ပုဆိုးလုံချည်ဈေးနှုန်း၊ ဈေးကွက်၊ အရည်အသွေးအကြောင်း စဉ်းစားမိရင် ရင်လေးစရာပါ။

ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ ရေနံ၊ သဘာဝဓါတ်ငွေ့ သယံဇာတထွက်ကုန်မဆို မြေပေါ် မြေအောက်သယံဇာတ ဘယ်အရာကိုပဲ ရောင်းရောင်းဝယ်ဝယ်ဈေးနှုန်းဈေးကွက်ဆိုတာ အင်မတန်အရေးကြီးပါတယ်။ အရည်အသွေးချင်းတူရင် ဈေးနှုန်းချိုသာမှု စတာတွေကိုထည့်သွင်း တွက်ချက်ရောင်းဝယ်မှသာလျှင် အရောင်းအဝယ်တန်းမြင့်နိုင်မှာပါ။

ဒါကိုနားမလည်ရင်၊ သဘောမပေါက်ရင်၊ ဂရုမစိုက်ရင် ပခုက္ကူယက္ကန်းလိုပဲ အနိစ္စသဘောနဲ့ ကိစ္စချောကြပါလိမ့်မယ်။ ဒီတော့စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူဖြစ်စေ၊ ရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်ပွဲစားဖြစ်စေ၊ တင်ပို့သူ (Expoter) ဖြစ်စေ ဈေးနှုန်း၊ ဈေးကွက်၊ အရည်အသွေးပိုင်းကို သတိထားသင့်ကြောင်း ဂရုတစိုက် လေ့လာစေလိုကြောင်း ရေးသားတင်ပြအပ်ပါတယ် လေးစားအပ်သော စာရှုသူခင်ဗျာ . . . ။

## သုံးခွမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်းအမှုထမ်းများ၊ ခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူဝန်ထမ်းများသည် ဒီဇင်ဘာလ ၁၅ရက်တွင် သုံးခွမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းသိရပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပေါ်ပေါက်လာပုံ၊ ဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းပေးရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီစသည်တို့ဖွဲ့စည်းထားရှိမှု၊ ဥပဒေတွင်ပါရှိသည့် စားသုံးသူများ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်နှင့်တားမြစ်ချက်များ၊ ဥပဒေပြဋ္ဌာန်းပြီးနောက် အသိပညာပေးခြင်းနှင့်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဦးမင်းသိန်းက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်စည်နှင့်ပတ်သက်၍ စီးပွားရေးကျင့်ဝတ်နှင့်အညီ စားသုံးသူအား ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များကိုပေးရမှာဖြစ်ပြီး စားသုံးသူကိုအခွင့်အရေးအပြည့်အဝရရှိအောင်ဆောင်ရွက်ပေးစေလိုကြောင်း၊စားသုံးသူကလည်း မိမိဝယ်ယူသည့် ကုန်စည်/ဝန်ဆောင်မှုအပေါ် သတင်းအချက်အလက်ပြည့်စုံ ရှင်းလင်းစွာမေးမြန်းရမည်ဖြစ်ပြီး အငြင်းပွားမှုဖြစ်ပေါ်လာပါက မှန်ကန်သည့်ဖြေရှင်းမှုရရှိနိုင်ရန်အထောက် အထားခိုင်လုံစွာဖြင့်ရဲရဲဝံ့ဝံ့တိုင်ကြားရန်လိုအပ်ကြောင်းတို့ကို အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ကြောင်းသိရပါသည်။

ဟောပြောဆွေးနွေးပွဲများသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်ရုံးမှအရာထမ်း၊အမှုထမ်းများ၊ သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁)နှင့်(၂)၊ သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး၊ စားသောက်ကုန်၊ လူသုံးကုန်ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ဦးခန့်တက်ရောက်ခဲ့ကြောင်းသိရပါသည်။

အလားတူ ဒီဇင်ဘာလဒုတိယပတ်နှင့်တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ကိုးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ခြောက်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၀နေရာ၊မြောက်ပိုင်းခရိုင်တွင် ၁၈နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများနှင့်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **လဲ့လဲ့ဌေး(စားသုံးသူ)ရန်ကုန်**

## အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြ ခရိုင်အိမ်မဲမြို့နယ်၊ ချောင်းဝရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာလ ၁၃ ရက်က အိမ်မဲမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပြီး ရပ်ကွက်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် မြို့နယ်တာဝန်ခံဒေါ်ဇင်မာသန်းတို့က စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် လိုက်နာရမည့် အချက်များ၊ စားသောက်ကုန်များအား ရောင်းချရာတွင် ရှောင်ရန်ဆောင်ရန်များ၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ ရောင်းချရန်နှင့် စားသုံးသူပြည်သူများ အစားအသောက်၊ ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှု၊ ကျေနပ်မှုမရှိပါက လွတ်လပ်စွာတိုင်ကြားရန် စာတိုက်ပုံးများ ထားရှိဆောင်ရွက်နေမှု၊ တိုင်ကြားစာများအပေါ် ဖြန်ဖြေဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ အစားအသောက်ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းရှင်များ စုစုပေါင်း ၁၈ ဦးတက်ရောက်ခဲ့ကြကြောင်းလည်း သိရှိရပါသည်။

ထို့ပြင် ဒီဇင်ဘာလ ၁၃ ရက်တွင် အိမ်မဲမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ ညောင်ဝိုင်း အ. လ. က(ခွဲ) တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကိုကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသားများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ စုစုပေါင်း ၂၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

အလားတူ ဒီဇင်ဘာလ ၁၃ ရက်တွင် လပွတ္တာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် တာဝန်ရှိသူများသည် လပွတ္တာမြို့နယ် ဥယျာဉ်ကုန်းကျေးရွာမှ ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ကျေးရွာအတွင်းရှိ မုန့်ဆိုင်၊ ကုန်မျိုးစုံဆိုင်များမှ ဆိုင်ရှင်များ၊ ကျေးရွာနေပြည်သူများ ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

## ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ နွေစပါးနှင့် ပဲစိုက်တောင်သူများအား ချေးငွေ ကျပ်သန်းပေါင်း ရှစ်သောင်းကျော် ထုတ်ချေး

လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ် ကိုင်နေသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား စိုက်ပျိုးချိန်တွင် အခက်အခဲမရှိ စိုက်ပျိုးထုတ်လုပ်၍ တောင်သူများအကျိုးအမြတ် ပိုမိုရရှိစေရန်လိုအပ်သော မျိုးစပါးသွင်းအားစု စိုက်ပျိုးစရိတ်များအတွက် အသုံးပြုရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို နှစ်စဉ် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံစိုက်ပျိုးသော ရာသီများတွင် ဘဏ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ နွေစပါးရာသီနှင့် ပဲစိုက်ရာသီများတွင် စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလ ၁၆ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကျေးရွာအုပ်စု ၁၁၁၈ စု၊ တောင်သူအစုအဖွဲ့ ၅၈၅၄၈ ဖွဲ့၊ တောင်သူဦးရေ ၁၅၄၁၉၁ ဦးရေအတွက်၊ စပါးတစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေး ငွေကျပ် ၁၅၀၀၀၀၊ ပဲမျိုးစုံစိုက်တောင်သူများအတွက် ပဲတစ်ဧကလျှင်ကျပ် ၅၀၀၀၊ စပါးစိုက်ဧက ၄၃၄၃၃၄ ဧက၊ ပဲမျိုးစုံစိုက်ဧက ၄၇၀၇၃၅ ဧက၊ စုစုပေါင်းစိုက်ဧက ၉၀၅၀၆၉ ဧကအတွက် ပံ့ပိုးချေးငွေ ၈၈၆၈၆ ဒသမ ၈၅ ကျပ်သန်းကို ဒီဇင်ဘာလ ၁၁ ရက် အထိ ထုတ်ချေးပေးပြီး ထပ်မံထုတ်ချေးမည့် တောင်သူများကို ဒီဇင်ဘာလ ၃၀ ရက်အထိ ဆက်လက်ထုတ်ပေးသွားမှာ ဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တိုင်းမန်နေဂျာ ဦးသန်းမြေအောင်က ပြောပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများသည် ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ နိုဝင်ဘာ ၂၇ ရက်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် ၁၂/ ၂၀၁၇ မှ သင်တန်းသား/သင်တန်းသူ ၈၅ ဦးအား စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ ဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကိုလည်းကောင်း၊ ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်မှုနှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး ဆောင်ရွက်နေမှုများ၊ ဖြေရှင်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးဟောပြောခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်မြတ်ခိုင်**

## ပုသိမ်မြို့ Delta Industrial Group Co,.Ltd က မြကျွန်းသာအိမ်ရာစီမံကိန်း အရောင်းပွဲတော်ကျင်းပ

ပုသိမ်မြို့ Delta Industrial Group Co.,Ltd မှ ဦးဆောင်၍ ကုမ္ပဏီပေါင်း ၁၁ ခုဖြင့် တာဝန်ယူဆောက်လုပ်လျက်ရှိသော မြကျွန်းသာအိမ်ရာစီမံကိန်းမှ အိမ်ရာပွဲတော်ကို အဆိုပါအိမ်ရာဝင်း၌ ဒီဇင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြကျွန်းသာအိမ်ရာစီမံကိန်းတွင် နှစ်ထပ်လုံးချင်းအိမ်ရာ၊ နှစ်ခန်းတွဲသုံးထပ်၊ နှစ်ခန်းတွဲ လေးထပ်လူနေတိုက်ခန်းများကို ဝယ်ယူသူများမှ စိတ်တိုင်းကျရွေးချယ် ဝယ်ယူနိုင်ပြီး လုံးချင်းနှစ်ထပ်အိမ်ရာ ၃၀'x၆၅' ရေ၊ မီး၊ ဆေး၊ ခြံစည်းရိုးအပြီး သိန်း ၈၉၀ ကို အထူးလျှော့ဈေးများဖြင့် လည်းကောင်း၊ ၅၀ ရာခိုင်နှုန်းစရံပေးသွင်း၍ အတိုးမဲ့နှစ်နှစ် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ ၃၀ ရာခိုင်နှုန်း စတင်ပေးသွင်း၍ ခြောက်လအရစ်ကျစနစ်ဖြင့်လည်းကောင်း၊ ၇၀ ရာခိုင်နှုန်းပေးသွင်း၍ တိုက်ခန်းတွင် စတင်နေထိုင်လျက် ကျန်ငွေကိုအရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းငွေချေစနစ် ငါးရာခိုင်နှုန်းဈေးလျှော့ခြင်းဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိသည်။ အဆိုပါ အိမ်ရာအရောင်းပွဲတော်တွင် လာရောက်ရောင်းချခဲ့သည့် ကုမ္ပဏီများက Promotion ကာလတွင် ကျပ်နှစ်သိန်းမှ သိန်း ၆၀ အထိဈေးလျှော့၍ ရောင်းချပေးလျက်ရှိကြောင်း DIG Co., Ltd မှ သိရသည်။

**ထွန်းထွန်း (ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝစ် (၂၀၁၂) | N | ၄၇၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | ဝစ် (၂၀၀၃) | E | ၂၁၀ သိန်း | အဖြူ၊ 1.8 ဓာတ်ဆီ |
| ၃။ | နွတ်ချ် (၂၀၀၃) | J | ၃၁၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဖစ်ရှပ်တဲလ် (၂၀၁၁) | P | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အက်ဇီယို (၂၀၀၄) | M | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ် ဂျီပီ(၁) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အေဒီဗင် | E | ၁၃၈ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် | M | ၁၆၈ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀ နှစ်) | - | ၁၂၈ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၅၀ စ/ပေ | | ၁၆၀၀ သိန်း | အသင့်နေ၊ ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR (၃)၊ (၇) လွှာ | ၇ သိန်း | ၁ လအငှားနှုန်း၊ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၃။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | ဟောလ်၊ (ပ) ထပ် | ၁၄၀၀ သိန်း | တိုက်ခန်းသစ် | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက် | ၇၅၀ စ/ပေ | (တ) ထပ် | ၃၈၀ သိန်း | လမ်းသန့် | ၀၉/၇၉၅၃၃၇၀၃၁ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | (၃၀ x ၅၀) မြေပိုပါ | BN (၁) ထပ်၊ အခန်းဖွဲ့ ဂိုဒေါင်ပါ | ၂ သိန်း ၂၃၀၀ သိန်း | ၁ လအငှားနှုန်း အရောင်းဈေးနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မြေ | သန်လျင်မြို့နယ်၊ ကျောက်တန်းလမ်းမပေါ် | (၆၀ x ၆၀) | မြေသီးသန့် | ၃၅၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၇။ | မြေ | အုံ(တောင်)မြို့နယ်၊ ဒီဇင်ဘာအိမ်ရာအနီး | (၄၀ x ၆၀) | မြေသီးသန့် | ၁၅၀ သိန်း | လမ်းမကြီးနီး | ၀၉/ ၇၉၅၃၃၇၀၃၁ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | အိမ် (၃၅ x ၃၅)ပေ | MB (၂)ခန်း၊ BR (၁) ထပ် | ၃. ၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ညောင်ဦး-ချောက်လမ်းဘေး | ၄၈၀၀ စ/ပေ | မြေသီးသန့်၊ ဂရန်မြေ | ၂၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## သာပေါင်းမြို့နယ်တွင် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ပြန်လည်ဖွဲ့စည်း

သာပေါင်းမြို့နယ်တွင်သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၁၃ ရက်တွင်သာပေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦး၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ သာပေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ သာပေါင်းမြို့နယ်ရှိ သီဟိုဠ်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ခြံပိုင်ရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အသင်းပြန်လည်ဖွဲ့စည်းပွဲသို့ တက်ရောက်ပေးကြသော ပုဂ္ဂိုလ်များအားကျေးဇူးတင် နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က အသင်းမှ ဆောင်ရွက်ရမည့်ကိစ္စများအား ဆွေးနွေးရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက အသင်းရွေးချယ်မည့်မှုအား အသေးစိတ်ရှင်းလင်းခဲ့ပါသည်။ တက်ရောက်လာသော သီဟိုဠ်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ခြံပိုင်ရှင်များက အများဆန္ဒသဘောအရ ကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီများအားရွေးချယ်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီမှ စီမံခန့်ခွဲရေး အဖွဲ့ဝင် ၁၇ ဦးအား အောင်မြင်စွာရွေးချယ်ခဲ့ပါသည်။

ရွေးချယ်ခံ သီဟိုဠ်စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဥက္ကဋ္ဌက ရှေ့ဆက်ဆောင်ရွက်မည့် အသင်း၏ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများရေးဆွဲရေး၊ အသင်းမှတ်ပုံတင်ရေး၊ အသင်းရုံးဖွင့်လှစ်နိုင်ရေးများကို ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ARCCI ဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူးက ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနမှ ဆောင်ရွက်နေမှုများ၊ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ ပြန်လည်အသက်ဝင်ရေး ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကန်ကြီးထောင့်နှင့် ငပုတောမြို့နယ်တို့တွင် အခြေခံဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် အခြေခံဆိုင်ကယ်ပြင်သင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ ပုသိမ်ခရိုင်အတွင်းရှိ ကန်ကြီးထောင့်မြို့နယ်တွင် နိုဝင်ဘာလ ၁၄ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိ လည်းကောင်း၊ ငပုတောမြို့နယ်တွင် နိုဝင်ဘာလ ၁၇ ရက်မှ ဒီဇင်ဘာလ ၁၆ ရက်နေ့အထိလည်းကောင်း အခမဲ့ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။

သင်တန်းတွင် တိုးတက်များပြားစွာ အသုံးပြုလာသော ဆိုင်ကယ် အသုံးပြုသူများအား ဆိုင်ကယ်အစိတ်အပိုင်းများအကြောင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုတတ်စေရန်၊ မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံ၊ ဆိုင်ကယ်ကိုယ်ထည် ကာဘာများ ဖြုတ်/တပ်ခြင်း၊ အင်ဂျင်ဟတ်နှင့် အင်ဂျင်ဘလောက်များ ဖြုတ်/တပ်ခြင်း၊ ဂီယာဘောက်ဖွဲ့စည်းပုံနှင့် အင်ဂျင်နှိုးရန် မီးပေးစနစ်လုပ်ဆောင်ခြင်း၊ မော်တော်ဆိုင်ကယ်မီးပေးစနစ်ပိုင်းဆိုင်ရာ ချိတ်ဆက် အလုပ်လုပ်ပုံတို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်း ဖွင့်လှစ်ခြင်းဖြင့် လူငယ်များ ဆိုင်ကယ်ပြုပြင်နည်း တတ်မြောက်၍ ဝင်ငွေများရရှိလာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုရန်၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကိုယ်ပိုင်ဆိုင်ကယ်ပြုပြင်သည့်လုပ်ငန်းများ ထူထောင်လာနိုင်ရန် ရည်ရွယ်၍ ယခုလိုသင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူးက ပြောကြားပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## တောင်ကြီးမြို့ သိမ်ကုန်းကျေးရွာတွင်ပြောင်းနှင့် ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ သိမ်ကုန်းကျေးရွာတွင် ပြောင်းနှင့် ကြက်သွန်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းခြင်းကို ဒီဇင်ဘာလ ၁၅ ရက်က ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းနှင့် တာဝန်ရှိသူများ၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးစီးမှူးဦးစောဝင်းကျော်နှင့် တာဝန်ရှိသူများ၊ သိမ်ကုန်းကျေးရွာမှ ပြောင်းနှင့်ကြက်သွန်ဖြူစိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းက စုဖွဲ့ဆောင်ရွက်ရခြင်း အကျိုးကျေးဇူးများကိုလည်းကောင်း၊ ရုံးအုပ်ဦးခွန်ကျော်ဌေးက စားသုံးသူအကာအကွယ်ပေးရေး အကြောင်းကို ပအိုဝ့် ၊ မြန်မာနှစ်ဘာသာဖြင့်လည်းကောင်း၊ ဦးစီးမှူး ဦးစောမောင်က အစုအဖွဲ့ ဖွဲ့စည်းမှုတွင် သင်းဖွဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးစီးမှူး ဦးစောဝင်းကျော်က ပြောင်းနှင့် ကြက်သွန်ဖြူဈေးကွက် အခြေအနေများ၊ ဝယ်လိုအားနှင့် ရောင်းလိုအား အပေါ်တွင် သီးနှံဈေးနှုန်း၊ ဈေးကွက်ဖြစ်ပေါ်နေမှုများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

ထို့ပြင် တက်ရောက်လာသော တောင်သူများအား ပြောင်းနှင့် ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းမြင့်မားရေး လက်ကမ်းစာစောင်များ၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများ ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသော ပြောင်းနှင့် ကြက်သွန်ဖြူစိုက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ဆက်လက်၍ ပြောင်းနှင့် ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းကို အဖွဲ့ဝင် ၃၃ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။

ထို့အပြင် ပြောင်းရိတ်သိမ်းခြွေလှေ့နေမှုများ၊ ကြက်သွန်ဖြူစိုက်ခင်းရေပေးနေမှုများ၊ အာလူးစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းလေ့လာ စုံစမ်းမေးမြန်းခဲ့ကြတယ်လို့ သိရပါတယ်။

**စောမောင်(တောင်ကြီး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၅-၁၂-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းတာဝန်များပြားစွာဆောင်ရွက်ရတတ်သည်။ အသိုင်းအဝိုင်း၏အကူအညီရရှိတတ်သည်။ ဝါဂွမ်း၊ ဘော်၊ ငွေ၊ ရွှေ သိုးမွေးတို့ဈေးတက်လာနိုင်သည်။ ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်သူတို့ အကျိုးဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးတွင် ရည်မှန်းချက်ကြီးမားစွာထားရှိနေလိမ့်မည်။ နှလုံးသားအရေးတွင် သံသယအတွေးစိတ်ဝင်နေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်တွင်းရေးပြဿနာဖြစ်ရတတ်သည်။ ကျန်းမာရေးချူချာမှုရှိတတ်ပါသည်။ **ယတြာ။ ။အင်ကြင်းညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းရပ်များ အောင်မြင်မလိုနှင့်ဝေးနေတတ်သည်။ ငွေကြေးအတွက်အတိုက်အခံစကားမျိုးပြောရတတ်သည်။ စီးပွားရေးတွင် ဈေးကစားမှု၊ ဂျုံ၊ ဆန်စပါးအတက်အကျမြန်ဆန်နေတတ်သည်။ ရွှေ၊ ရှယ်ယာ၊ ချည်ထည်ပစ္စည်းများ ဈေးနှုန်းသာမန်ထက်အနည်းငယ်ဈေးတက်တတ်သည်။ ပညာရေး အတွက်အားတက်စရာတွေ့ရတတ်သော်လည်း ကြိုးစားမှုလိုနေလိမ့်မည်။ အချစ်ရေးအဆင်ပြေစေရန် သတိထားဆက်ဆံရလိမ့်မည်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေတတ်သည်။ **ယတြာ။ ။ကံ့ကော်ညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ပူးတွဲပေါင်းစပ်တာဝန်ယူလုပ်သော လုပ်ငန်းများ အောင်မြင်မှုအကျိုး ရရှိလာလိမ့်မည်။ စီးပွားရေးကံကောင်းမည်။ ဝါဂွမ်း၊ ချည်ခင်၊ အပ်ချည်လုံး၊ ဂုန်လျှော်များအကျိုးပေးနည်းလာလိမ့်မည်။ သိုလှောင်မှုမပြုသင့်ပါ။ ဆုံးရှုံးနိုင်သောအချိန်ပိုင်းကာလဖြစ်သည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။ဇီးညွန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အတက်အကျ အပြောင်းအလဲ များနေတတ်သည်။ စကားပြောဆိုအောင်မြင်မှုနည်းနေလိမ့်မည်။ ပွဲလမ်းသဘင်နှင့် ပတ်သက်သောစီးပွားရေးလုပ်ငန်းယှဉ်ပြိုင်မှုရှိလာနိုင်သည်။ ပညာရေး ကံကောင်းနေမည်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်းနေတတ်သည်။ ကျန်းမာရေးကောင်းနေမည်။ **ယတြာ။ ။ဝါးညွန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းစီးပွားရေးတွင် လုပ်ဆောင်ချက်များအပေါ် အားပေးသူအသိအမှတ်ပြုသူများရှိလာတတ်သည်။ မီးဖိုချောင်သုံးနန္နင်း၊ ဂျုံ၊ ကြက်သွန်၊ ချင်း၊ ငရုတ်၊ သစ်ဂျပိုးတို့နှင့်ပတ်သက်၍ဈေးကောင်းရရှိပြီး အကျိုးရှိနိုင်ပါသည်။ ပညာရေးကောင်းမည်။ မေတ္တာရေးနယ်ပယ်တွင် လက်တွေ့ဆန်သော အချစ်ဒဿနမျိုးဖြစ်လာတတ်ပါသည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနည်းငယ်ချူချာနေမည်။ **ယတြာ။ ။ပျဉ်းမညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးအဆင်ပြေစေရန်အကူအညီပေးမည့်သူရှိလာတတ်သည်။ ငွေကြေးအတွက်စိတ်အနှောင့်အယှက်ဖြစ်စရာကြုံလာတတ်သည်။ ပညာရေးတွင် ကြိုးစားအားထုတ်ရလိမ့်မည်။ စီးပွားရေးတွင် ယာဉ်၊ စက်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် ထိခိုက်မိခြင်း၊ အပူလောင်ခြင်း၊ သွေးသား မမှန်ခြင်းတို့ဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံ စိတ်မွန်းကျပ်နေတတ်သည်။ ပျော်ရွှင်ဖွယ်သောအတွေးများကို စဉ်းစားချိန် မရရှိတတ်သည်။ **ယတြာ။ ။သီဟိုဠ်ညွန့်လှူပါ။**



**စနေသားသမီးများအတွက်** မြေတွင်းထွက်ပစ္စည်းများနှင့်အကျိုးပေးအားကောင်းနေတတ်သည်။ ကျောက်စလစ်၊ သဲ၊ ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်း၊ သံထည်အမျိုးမျိုးတို့မှ ဥစ္စာခနေများရရှိမည်။ ဆန်းသစ်သောအတွေးကြောင့် ထွက်ပေါက်ရသည့်အဖြစ်မျိုးကြုံရလိမ့်မည်။ ပညာရေးတိုးတက်မှုအားနည်းတတ်သည်။ ချစ်သူ၏စကားကိုယုံစားမိ၍ ဝမ်းနည်းဝမ်းသာဖြစ်ရတတ်သည်။ ကျန်းမာရေးသင့်တင့်နေမည်။ စိတ်ဖိစီးမှုများရှိနေတတ်ပါသည်။ **ယတြာ။ ။ထန်းလျက်လှူပါ။**

# ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၅/၂၀၁၇ အစည်းအဝေးကို ဒီဇင်ဘာလ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြသန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် မောရှမ်းအမှတ်တံဆိပ်နှင့် ထွန်းဧရာအမှတ်တံဆိပ်နှစ်ခုမှာ စားအုန်းဆီရောနှောထားသော ဟင်းချက်ဆီများကို(ပဲဆီသန့်၊ မြေပဲဆီ)ဟု ရိုက်နှိပ်ဖော်ပြ၍ တံဆိပ်အမှတ်အသားပေါ်တွင်လည်းသတင်းအချက်အလက်နှင့်အရည်အသွေးတို့ ကိုက်ညီမှုမရှိဘဲ ဖြန့်ဖြူးရောင်းချနေသည်ကို လည်းကောင်း၊ Disko အမှတ်တံဆိပ်ဗူး နို့ဆီတံဆိပ်အမှတ်အသားပေါ်တွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် တံဆိပ်အမှတ်အသားများမပါရှိခြင်း၊ ကုန်စည်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ပြည့်စုံစွာမပါရှိခြင်း၊ ထုတ်လုပ်သည့်နိုင်ငံမပါရှိဘဲ ဈေးကွက်အတွင်း ဗူးနို့ဆီ ဖြန့်ဖြူး ရောင်းချနေခြင်းကိုလည်းကောင်း၊ ဆိုင်ပိုင်ရှင် ဒေါ်မြမြဝင်းရောင်းချနေသော သဘာဝအတိုင်းမဟုတ်သည့် ဓာတုဆိုးဆေး နှင့်ဖွဲ့နုများရောစပ်ထားသည့် လူအများ စားသုံးရန်မသင့်သော ငရုတ်သီးမှုန့်များ ရောင်းချနေမှုကိုလည်းကောင်း၊ ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နိုဝင်ဘာလ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁/၂၀၁၇ ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် ကျေးရွာများ၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ဆီလုပ်ငန်းရှင်များနှင့် ဆီစက်လုပ်ငန်းရှင် ၂၇ ဦးအား တွေ့ဆုံစစ်ဆေး ပညာပေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ ရှမ်းပြည်နယ်နိုဝင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေးလှုပ်ရှားမှုနှင့် ခရိုင်စားသုံးသူအငြင်းပွားမှုအစည်းအဝေးကျင်းပမှုများကိုလည်းကောင်း၊ တောင်ကြီးမြို့ဘုရားဖြူရပ်ကွက်နှင့်ရေအေးကွင်းရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များမှ သက်တမ်းလွန်ကုန်စည်များသိမ်းဆည်းမှု အခြေအနေများအားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးနိုင်၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှ၊ ပဲ၊ ပြောင်း၊ နှမ်းအသင်း ဥက္ကဋ္ဌ ဦးညွန့်ဦး၊ ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဦး၊ စားသုံးသူ ကိုယ်စားလှယ် ဦးသန်းဌေးဝင်း၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဦးဌေးဝင်းတို့က အသီးသီးပြန်လည် ဆွေးနွေး ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင်စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြပါသည်။ **စောမောင် (တောင်ကြီး)**

### စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် …… မှအဆက်

စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် …… မှအဆက်

ခရီးသွားလုပ်ငန်း အလားအလာများ၊ ဒေသဆိုင်ရာ ကုန်သွယ်မှုနှင့် ခရီးသွားလာနိုင်မှု အခြေအနေများ၊ လျှပ်စစ်မီးပေးဝေရေး အခြေအနေများ၊လူနေမှုအဆင့် အတန်းဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များ၊ ဖွံ့ဖြိုးမှုမူဝါဒများ၊ စက်မှုဇုန်လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှု၊ ဇုန်အနီးရှိ ကျေးရွာများဖွံ့ဖြိုးမှုများ၊ ရေနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်တွေ့ရှိမှုများ တင်ပြပါရှိသည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး တာဝန်ခံ Mr. Ichiro Maruyama၊ ထိုင်းနိုင်ငံ NESDB မှ Advisor Mr. Termsap Taelakul ဦးဆောင်သောအဖွဲ့၊ JICA မှ Mr. Masayuki Karasawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထားဝယ်အထူးစီးပွားရေးဇုန် ဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

စာမျက်နှာ (၃) ဒုတိယဝန်ကြီးဦးအောင်ထူး သီးနှံအမျိုး …… မှအဆက်

အမြဲတမ်းလေ့လာသိရှိရန် လိုအပ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေး အကောင်အထည်ဖော်မည့် ဆန်စပါးကဏ္ဍ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ရော်ဘာကဏ္ဍနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍစသည့် ကဏ္ဍကြီးခုနစ်ရပ်အား ရွေးချယ်ထားပါကြောင်း၊ သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာများကို စဉ်ဆက်မပြတ်သုံးသပ်ပြီး စီးပွားရေးသတင်းအချက်အလက်သာမက ပြည်တွင်းသီးနှံ စိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ပြည်တွင်းရှိကုန်သည် လုပ်ငန်းရှင်များ၊ တောင်သူများအကျိုးအမြတ်ရရှိမှု အခြေအနေတို့နှင့် နိုင်ငံတကာ၏ သတင်းအချက်အလက်များအား လေ့လာသုံးသပ်သွားကြရန်နှင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော သီးနှံအမျိုးအစားအလိုက် ပို့ကုန် အလားအလာကိုသုံးသပ်ပြီး နိုင်ငံတော်သို့ စဉ်ဆက်မပြတ် တင်ပြနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်သွားကြရန် စသည်ဖြင့်ပြောကြား သည်။

ထို့ပြင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီစွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်းအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးခု၌ ချင်းသီးနှံ စမ်းသပ်စိုက်ပျိုးသွားရန်စီစဉ်

ရခိုင်ပြည်နယ် ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ ၂၀၁၈ ခုနှစ် မတ်လတွင် စတင်မည့် စိုက်ပျိုးရာသီအတွင်း ချင်းသီးနှံကို စမ်းသပ်စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း မြန်မာ့နိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ်မှ သိရသည်။

ယခုလအတွင်း သွားရောက်ခဲ့သော ကုန်သည်/စက်မှု အသင်းချုပ်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် ပြည်နယ် အစိုးရတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒေသခံ အများပိုင်ကုမ္ပဏီများ၏ ကိုယ်စားလှယ်များနှင့် ဒေသခံတောင်သူများ ဆွေးနွေးညှိနှိုင်းခဲ့ပြီး လာမည့်မတ်လ ချင်းစိုက်ရာသီတွင် ချင်း စမ်းသပ်စိုက်ပျိုးရန်နှင့် ဈေးကွက်ရရှိရေး ပေါင်းစပ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

"ရခိုင်ဒေသက ချင်းစိုက်ဖို့အတွက် ရေခံမြေခံအနေအထား အရမ်းကောင်းတယ်။ အထွက်နှုန်းကောင်းမှာ သေချာတယ်။ ဈေးကွက်အနေနဲ့လည်း အမေရိကန်၊ နယ်သာလန်၊ ဂျာမနီတို့ကို တင်ပို့နိုင်မယ့်အခွင့်အလမ်း ရှိနေတယ်။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်ရဲ့လက်ရှိဝယ်လိုအားကို လိုက်မီအောင် မပို့နိုင်သေးဘူး" ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

ချင်းသီးနှံ စမ်းသပ်စိုက်ပျိုးရန်အတွက် မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ရခိုင်ပြည်နယ် ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ချင်းမျိုးတက် ပိဿာ ၁၀၀၀ စီ ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စိုက်ပျိုးရေးနည်းပညာ ပံ့ပိုးခြင်း၊ ဒေသခံ အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းစိုက်တစ်ဧကတွင် မျိုးအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ် စုစုပေါင်း ကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ ကုန်ကျပြီး ပုံမှန်အထွက်နှုန်းမှာ တစ်ဧကလျှင် ချင်းစိမ်းပိဿာ ၈၀၀၀ ဝန်းကျင်ထွက်ရှိရာ ကာလပေါက်ဈေးဖြင့် ကျပ် သိန်း ၄၀ မှ ၅၀ အထိရရှိနိုင်ကြောင်း သိရသည်။

# အခွန်ဆိုင်ရာအကြံပြုချက်များရရှိရေးအတွက် "UMFCCI CFO Conference 2017" ကျင်းပ

ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခွန်ဆိုင်ရာ အကြံပြုချက်များ ရရှိနိုင်ရေးအတွက် ရည်ရွယ်ပြီး "UMFCCI CFO Conference 2017" အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်က ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကုန်သည်/စက်မှု အသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အသင်းချုပ်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကုမ္ပဏီများမှ ဘဏ္ဍာရေးဆိုင်ရာ မန်နေဂျာများ၊ Chief Finance Officer (CFO)များ၊ အခွန်ဆိုင်ရာ အတိုင်ပင်ခံများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

"ဒီနေ့အစည်းအဝေးကတော့ UMFCCI အနေနဲ့ နိုင်ငံရဲ့စီးပွားရေးမှာ နိုင်ငံတော်အတွက်ရော၊ပြည်သူအတွက်ရော၊ စီးပွားရေးလုပ်ငန်းတွေအတွက်ရော အရေးကြီးတဲ့ အခွန်နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့အခွန်ရရှိဖို့ အရေးကြီးသလို စီးပွားရေးလုပ်ငန်းတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်တဲ့ အခွန်စနစ်တစ်ခု ဖြစ်ဖို့ပါ။ မကြာခင်မှာလည်း ၂၀၁၈ ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းဖို့လည်းရှိနေတဲ့အတွက် ဒီဥပဒေထဲမှာ ပြင်ဆင်သုံးသပ်သင့်တဲ့အချက်တွေကို ကုမ္ပဏီတွေရဲ့ ကိုယ်စားလှယ်တွေကို ဖိတ်ကြားဆွေးနွေးတာပါ ။ ဒီနေ့ဆွေးနွေးတဲ့နေရာမှာ အခွန်ရဲ့နှုန်းထား လျှော့သင့်တာ၊ တိုးသင့်တာတွေ၊ အခွန်စနစ်နဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲသင့်တဲ့ အချက်တွေကို ဆွေးနွေးတာရှိပါတယ်။ အခွန်ပေးဆောင်ရန် ပျက်ကွက်မှုအပေါ် ဒဏ်တပ်တာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတာရှိပါတယ်။ အရေးကြီးဆုံးဖြစ်တဲ့ ဘယ်ကဏ္ဍမှာ အခွန်ဘယ်လောက်ကောက်ခံရရှိသလဲဆိုတာ ကြေညာပေးဖို့ တောင်းဆိုတာလေးတွေရှိပါတယ်။ မကြာခင်မှာပြဋ္ဌာန်းမယ့် ပြည်ထောင်စု အခွန်အကောက်ဥပဒေမှာ စီးပွားရေး လုပ်ငန်းတွေကနေပေးသွင်းရတဲ့ Corporate Income Tax ကို ဒေသတွင်း နိုင်ငံတွေနဲ့ ညှိနှိုင်းပြီးတော့ လျှော့ချပေးဖို့လည်း ပြောကြတာကို တွေ့ရပါတယ်"ဟု UMFCCI ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

အဆိုပါဆွေးနွေးပွဲမှ စုစည်းရရှိသည့် အခွန်ဆိုင်ရာ ဆွေးနွေးအကြံပြုချက်များကို နိုင်ငံတော်အစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

# အူရီဒူးမြန်မာ၏ 4G Plus ဆက်သွယ်ရေး ကွန်ရက်ကို မြို့နယ် ၉၀ ခန့်တွင် သုံးစွဲနိုင်ဟုဆို

အူရီဒူးမြန်မာ၏ 4G Plus ဆက်သွယ်ရေးကွန်ရက်ကို မြို့နယ် ၉၀ ခန့်တွင် သုံးစွဲနေပြီဖြစ်ကြောင်း အူရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာမှ မေလတွင် လှိုင်းနှုန်းစဉ် 1800MHz အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးနောက်တွင် 4G Plus ဆက်သွယ်ရေးကွန်ရက်ချဲ့ထွင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ 4G Plus ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံထားသော မြို့နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၃ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁ မြို့နယ်၊ နေပြည်တော်ကောင်စီတွင် ခြောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ငါးမြို့နယ်၊ မွန်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကရင်ပြည်နယ်တွင် တစ်မြို့နယ်နှင့် ကချင်ပြည်နယ်တွင် တစ်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အူရီဒူးမြန်မာ သုံးစွဲသူများအတွက် ဒေတာကိုအနည်းဆုံးနှုန်းထားအဖြစ် 1MB ကို ငါးကျပ်နှင့် ဒေတာအစီအစဉ်ဝယ်ယူသုံးစွဲသူများအတွက် ၁၀၀ ရာခိုင်နှုန်းဖုန်းဘေလ် လက်ဆောင်ပြန်ပေးမည့် အူရီဒူး၏ အဟော့ဆုံးဒေတာအစီအစဉ်များကို စီစဉ်ပေးထားကြောင်း အဆိုပါသတင်း ထုတ်ပြန်ချက်အရ သိရသည်။

# လူငယ်ကျန်းမာရေးပြဿနာများ ဖြေရှင်းနိုင်ရေး "အချစ်ပုစ္ဆာ ဘဝအဖြေ" မိုဘိုင်းအက်ပ်ကို စတင်မိတ်ဆက်

လူငယ်များ၏ လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေနိုင်ရေးအတွက် 'အချစ်ပုစ္ဆာ ဘဝအဖြေ' မိုဘိုင်းလ် အက်ပ်ကို စတင်မိတ်ဆက်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ သိရသည်။

"မြန်မာလူငယ်များအနေနဲ့ အင်တာနက်ကရရှိတဲ့ သတင်းအချက်အလက်တွေကို အသုံးပြုမှုနှုန်း အလွန်များပြားနေပါတယ်။ ဒါပေမဲ့ ဒီလူငယ်အများစုက ရရှိလာတဲ့ သတင်းအချက်အလက်တွေကို အမှားအမှန် ခွဲခြားစိတ်ဖြာနိုင်စွမ်း မရှိတာကိုလည်း တွေ့ရသလို မိဘဆရာတွေနဲ့ ကျန်းမာရေးကိစ္စတွေ ဆွေးနွေးဖို့ကိုလည်း တွန့်ဆုတ်နေလေ့ရှိပါတယ်။ ဒါတွေရဲ့ အကျိုးဆက်အနေနဲ့ လူငယ်များကြားမှာ တိကျမှုမရှိတဲ့ သတင်းအချက်အလက်တွေကို ဝေမျှပေးတာတွေ ရှိလာနိုင်သလို ဒီလိုပြုမူဆောင်ရွက်တာတွေက တစ်ခါတစ်ရံမှာ လူငယ်ထုအကြား အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် လူငယ်များ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ယုံကြည်မှုအပြည့်နဲ့ချမှတ်နိုင်ဖို့ ရည်ရွယ်ပြီး ဒီမိုဘိုင်းအက်ပ်ကို ရေးဆွဲရခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက် ဂျက်ဆင်က ပြောကြားသည်။

အဆိုပါ'အချစ်ပုစ္ဆာ ဘဝအဖြေ' မိုဘိုင်းလ်အက်ပ်တွင် လူမှုအသိုင်းအဝိုင်းအတွင်း ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရန် ခက်ခဲသော သန္ဓေတားခြင်းနည်းလမ်းများ၊ အရွယ်မတိုင်ခင်အိမ်ထောင်ပြုခြင်း၏ ဘဝအပေါ် အကျိုးသက်ရောက်ပုံနှင့် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်း၊ HIVအပါအဝင် လိင်မှတစ်ဆင့်ကူးစက်သည့် ရောဂါများ၊ လူပျိုဖော်၊ အပျိုဖော်ဝင်စအရွယ်တွင် ကြုံတွေ့ရတတ်သည့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများနှင့် ဓမ္မတာဆင်းခြင်း၊ ကျားမရေးရာကဏ္ဍများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အရက်သေစာသောက်စားခြင်းဆိုင်ရာ ပြဿနာများအပြင် ချစ်မှုရေးရာကိစ္စရပ်များတွင် လူငယ်များအတွက် အသိပညာသတင်းအချက်အလက်များ ဖြန့်ဝေပေးထားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အက်ပလီကေးရှင်းကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြစ်သည်။

■

သန်းထိုက်အောင် စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၂၅-၁၂-၂၀၁၇ မှ ၂၉-၁၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၅-၁၂-၂၀၁၇) | အင်္ဂါ(၂၆-၁၂-၂၀၁၇) | ဗုဒ္ဓဟူး(၂၇-၁၂-၂၀၁၇) | ကြာသပတေး(၂၈-၁၂-၂၀၁၇) | သောကြာ(၂၉-၁၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| မန္တလေးမြို့ | နေသာ ၂၈˚C/၈၃˚F | တိမ်အသင့်အတင့် ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F |
| မြစ်ကြီးနား | နေသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F |
| လားရှိုး | နေသာ ၂၆˚C/၇၈˚F | တိမ်အသင့်အတင့် ၂၄˚C/၇၆˚F | နေသာ ၂၃˚C/၇၄˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၄˚C/၇၅˚F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F | တိမ်အသင့်အတင့် ၂၃˚C/၇၄˚F | တိမ်အသင့်အတင့် ၂၄˚C/၇၆˚F | နေသာ ၂၅˚C/၇၇˚F |
| တောင်ကြီး | နေသာ ၂၄˚C/၇၅˚F | တိမ်အသင့်အတင့် ၂၃˚C/၇၃˚F | တိမ်အသင့်အတင့် ၂၁˚C/၇၀˚F | နေသာ ၂၃˚C/၇၃˚F | နေသာ ၂၃˚C/၇၃˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်ထူထပ် ၃၁˚C/၈၈˚F | တိမ်ထူထပ် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F |
| ဘားအံ | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F |
| မုံရွာ | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၄˚F |
| ပုသိမ် | တိမ်အသင့်အတင့် ၂၉˚C/၉၀˚F | နေသာ ၂၉˚C/၈၈˚F | နေသာ ၂၈˚C/၈၇˚F | နေသာ ၂၈˚C/၈၇˚F | နေသာ ၂၉˚C/၈၇˚F |
| မြိတ် | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်ထူထပ် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F |
| မကွေး | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F |
| ဖလမ်း | နေသာ ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၁˚C/၇၀˚F | နေသာ ၂၀˚C/၆၈˚F | နေသာ ၂၁˚C/၆၉˚F | နေသာ ၂၁˚C/၇၀˚F |

# အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် အင်အားပြင်းငလျင်လှုပ်ခတ်

အီရန်နိုင်ငံမြို့တော် တီဟီရန်တွင် ဒီဇင်ဘာ ၂၀ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ရပြီး အဆောက်အဦး အများအပြားပျက်စီးခဲ့ရကြောင်း တီဟီရန် သတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် မြို့တော် တီဟီရန်၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ မာလတ်မြို့၏ မြေအောက်အနက် ခုနစ်ကီလိုမီတာအကွာအဝေးကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေး အဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ တီဟီရန်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကို မြို့တော် တီဟီရန်အပါအဝင် အီရန်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးအများအပြားတွင် ခံစားသိရှိခဲ့ရသည်ဟုဆိုသည်။

တီဟီရန်မြို့နှင့် အခြားသောမြို့ကြီးများတွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေကို မသိရှိရသေးသော်လည်း အင်တာနက်သတင်းများအရမူ လူတစ်ဦးသေဆုံးပြီး အဆောက်အဦးများ အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်ဟု ဆိုသည်။

အီရန်နိုင်ငံ၊ ကီမန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၃ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိသည့်ငလျင်ကြောင့် လူ ၁၈ ဦးသေဆုံးခဲ့ရသည်။

ထို့ပြင် နိုဝင်ဘာ ၁၂ ရက်က အီရန်-အီရတ်နယ်စပ်အနီးရှိ Kermanshah မြို့တွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၆၂၀ ကျော်သေဆုံးခဲ့ရကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။ အဆိုပါငလျင်ကြောင့် အဆောက်အဦးများလည်း အများအပြား ပျက်စီးခဲ့ရသည်။

ထို့ပြင် ၁၉၉၀ ခုနှစ်က အီရန်နိုင်ငံမြောက်ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း လေးသောင်းကျော် သေဆုံးခဲ့ရပြီး လူပေါင်း သုံးသိန်းကျော် ဒဏ်ရာရရှိခဲ့သည်။ ကျေးရွာပေါင်း နှစ်ထောင်နီးပါးမှာ အုတ်ပုံအဖြစ်သို့ ရောက်ရှိသွားပြီး လူပေါင်း ငါးသိန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**မယ်သီတာ**

# ဖိလစ်ပိုင်နိုင်ငံတွင်းသို့ အပူပိုင်းမုန်တိုင်း Kai-Tak ဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူပေါင်း ၃၀ ကျော်သေဆုံး

ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ဒီဇင်ဘာ ၁၃ ရက်ကတည်းက အပူပိုင်းမုန်တိုင်း Kai-Tak ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူပေါင်း ၃၀ ကျော်သေဆုံး ခဲ့ကြောင်း ဖိလစ်ပိုင်သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၃ရက်ကတည်းက ရွာသွန်းခဲ့သည့်မိုးရေချိန်သည် လက်မ ၄၀ကျော်သို့ရောက်ရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့သည့်ဒေသများမှာ Sama အပါအဝင် နိုင်ငံ၏ အရှေ့ပိုင်းဒေသများဖြစ်သည့် Visayas တို့ပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

Biliran ဒေသရှိနေရာအသီးသီးတွင် မြေပြိုကျမှုများကြောင့် ရွာသား ၂၆ ဦး သေဆုံးခဲ့ပြီး ၂၃ ဦးမှာ ပျောက်ဆုံးနေကြောင်း အဆိုပါဒေသ၏ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ Safronio Dacillo က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုကျမှုကြောင့် အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူပေါင်း ကိုးသောင်းနီးပါးမှာ အရေးပေါ် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြပြီး သေဆုံးသူဦးရေ ထပ်မံမြင့်တက်လာနိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံအမျိုးသား သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့်စီမံခန့်ခွဲရေးကောင်စီမှ ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းလိုင်းနှင့် ကူးတို့ယာဉ်သွားလာမှုများကို ပိတ်ထားသဖြင့် ခရစ်စမတ်အားလပ်ရက်များတွင် သွားလာကြမည့်သူများမှာ အခက်ကြုံနေကြကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် မုန်တိုင်းတိုက်ခတ်ခံရသည့် ဒေသများသို့ သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြထားသည်။

ယခုလက်ရှိအချိန်တွင် ဖိလစ်ပိုင်နိုင်ငံတွင်းမှ မုန်တိုင်းထွက်ခွာသွားပြီဖြစ်သော်လည်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိနေပြီး အချို့သောဒေသများတွင် မိုးအုံ့လျက်ရှိနေသေးသည်ဟု ဆိုသည်။

အဆိုပါမုန်တိုင်း Kai-Takသည် လာမည့်ရက်သတ္တပတ်တွင် ဗီယက်နမ်နိုင်ငံတောင်ပိုင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံအနောက်ပိုင်းတို့သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ခန့်မှန်းထားသည်။

**မယ်သီတာ**

## ကန့်ဘလူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

ကန့်ဘလူခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁ ရက်တွင် နတ်ပေးကျေးရွာရှိ အလယ်တန်းကျောင်း (ခွဲ)၌လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် ချပ်သင်းကျေးရွာရှိ အထက်တန်းကျောင်း၌လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မဒေါင်းကျေးရွာရှိ မူလတန်းကျောင်း၌လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လွှတ်တိုက်ကျေးရွာရှိ အထက်တန်းကျောင်းနှင့် ဒီဇင်ဘာ ၁၅ ရက်တွင် ပေါက်ဆိန်ကုန်းကျေးရွာ အလယ်တန်းကျောင်း (ခွဲ) ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင်ကန့်ဘလူမြို့နယ်တာဝန်ခံ ဦးသိန်းဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းကိုလည်းကောင်း၊ ကျွန်းလှမြို့နယ်တာဝန်ခံ ဦးတင်စိုးနိုင်က တားမြစ်ထားသော စားသောက်ကုန်စည်များအကြောင်းကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးမှ ဦးကျော်ထွေးအောင်က ဆေးဝါးနှင့်ပိုးသတ်ဆေးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ ဦးမျိုးဝင်းသန်းက အချိုမှုန့်နှင့် အကင်များအကြောင်းကိုလည်းကောင်း၊ ဒေါ်ဝေဝေအောင်က မုန့်ပဲသရေစာများတွင် သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်ရက်စွဲ၊ နေရပ်လိပ်စာပါရှိသော အစားအသောက်များကို ရွေးချယ်စားသောက်ကြရန်နှင့် ဒေါ်အေးသိင်္ဂီစိုးက ဓာတုဆိုးဆေးပါမုန့် များ၏ အန္တရာယ်များအကြောင်းကို လည်းကောင်း အကျယ်တဝင့်ရှင်းလင်း ပြောကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ အဆိုပါဟောပြောပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာသူသူများ စုစုပေါင်း ၁၄၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**အေးသိင်္ဂီစိုး (ကန့်ဘလူ)**

## ဥတ္တရသီရိမြို့နယ် ရွှေသဇင်ဈေးနှင့် တောင်ဇလပ်ဈေးတို့တွင် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်အတွင်းရှိ ရွှေသဇင်ဈေးနှင့် တောင်ဇလပ်ဈေးများရှိ မုန့်အရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ အရောင်းဆိုင်များအား ဒီဇင်ဘာလ ၂၁ ရက်က စာသုံးသူများဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်း စစ်ဆေးခဲ့သည်။ ယင်းကဲ့သို့ ကွင်းဆင်း စစ်ဆေးရာတွင် သက်တမ်းလွန်မုန့်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ ထောက်ခံချက်မပါရှိသော အချိုရည်ဗူးများ၊ တရုတ်စာတန်းပါ မာလာဟင်းအနှစ်ထုပ်များ တွေ့ရှိခဲ့သဖြင့် ရွှေသဇင်ဈေး အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မြေကျင်းတူး၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ မြို့နယ်မှ ဌာနဆိုင်ရာများ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**စိုးထင်လင်း (နေပြည်တော်၊ တပ်ကုန်း)**

## ဟားခါးမြို့ရှိ တက္ကသိုလ်များတွင် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာမိုးချစ်စံ ဦးဆောင်သည့်အဖွဲ့နှင့်အတူ စားသုံးသူရေးရာဦးစီးဌာန ဟားခါးခရိုင် ဦးစီးမှူး ဦးကြည်ဟန် ဦးဆောင်သည့် အဖွဲ့၊ ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၁ ရက်က ဟားခါးမြို့ရှိ ကွန်ပျူတာ တက္ကသိုလ်၊ ဟားခါး တက္ကသိုလ် (ဝိဇ္ဇာ၊သိပ္ပံ) နှင့် နည်းပညာတက္ကသိုလ်တို့ရှိစားသောက်ဆိုင်များတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ သိရှိနိုင်ရန်အတွက် အဆိုပါစားသောက်ဆိုင်များ၏ မီးဖိုချောင်များ၊ ကုန်ကြမ်းပစ္စည်းများနှင့် ရောင်းချနေသော အစားအသောက်များအား စစ်ဆေးခဲ့ပါသည်။ စားသောက်ဆိုင်များတွင် အသုံးပြုသော မုန့်ဖတ်များတွင် ဖော်မလင်သုံးစွဲထားခြင်းရှိ/မရှိကိုလည်း စစ်ဆေးခဲ့ပြီး ကွန်ပျူတာ တက္ကသိုလ်တွင်တစ်ဆိုင်၊ နည်းပညာတက္ကသိုလ်တွင်သုံးဆိုင်၊ ဟားခါး တက္ကသိုလ် (ဝိဇ္ဇာ၊ သိပ္ပံ) တွင် ကိုးဆိုင် စုစုပေါင်း ၁၃ ဆိုင် စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၆/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဒီဇင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးသန်းအေး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှစ်ရပ်မှအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးစိုးသန်းအေးက စားသုံးသူရေးရာဦးစီးဌာန၏ဆောင်ရွက်မည့်အစီအစဉ်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၅/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက် (၉)ရပ်အပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ၂၀၁၇-၂၀၁၈ တတိယသုံးလပတ်အတွင်း ဆောင်ရွက်ပြီးစီးမှုများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား Projector ဖြင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်များက လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကုန်အမှတ်တံဆိပ် ပြည့်စုံမှုမရှိခြင်း၊ လိပ်စာများမပါရှိခြင်းနှင့် မော်လမြိုင်ကမ်းနားလမ်း ညဈေးတန်းစားသောက်ဆိုင်ပိုင်ရှင်များမှ အကြံပြုချက်များအပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေး၍ ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

## လပွတ္တာမြို့နယ် အမှတ်(၇)အုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

လပွတ္တာမြို့နယ်၊ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၁ ရက်တွင် စားသောက်ကုန်မျိုးစုံရောင်းချသူ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ လပွတ္တာမြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ပြီး ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဌွေးက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ပြီး တိုင်ကြားမှုများအပေါ် ဌာနမှ ဖြေရှင်းဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများလစဉ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ရပ်ကွက်တွင်းရှိ စားသောက် ကုန်မျိုးစုံရောင်းချသူလုပ်ငန်းရှင် ၄၄ ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **တိုးလွင် (မြောင်းမြ)**

## မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်ငါးဆိုင်သို့ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာလ ၂၁ ရက်တွင် မြိတ်မြို့ပေါ်ရှိ ဦးအောင်မြင့်ဆေးဆိုင်၊ ဇီဝသုခဆေးဆိုင်၊ မုဒိတာဆေးဆိုင်၊ မေတ္တာမွန်ဆေးဆိုင်၊ တော်ဝင်ဆေးရုံရှိ ဆေးဆိုင်သို့သွားရောက်၍ သုံးစွဲရန်မသင့် ကြေညာထားသော ဆေးဝါးများ၊ တရားမဝင် လိုင်စင်မဲ့၊ သက်တမ်းကုန်ဆေးဝါးများ ရောင်းချနေခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မှတ်ပုံတင်မဲ့ဆေးဝါးများ၊ သက်တမ်းကုန်ဆေးဝါးများ စစ်ဆေးတွေ့ရှိရ၍ အဖွဲ့ဖြင့် သိမ်းဆည်းပြီး သက်ဆိုင်ရာဆေးဆိုင်ပိုင်ရှင်များအား နောက်နောင်ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မြိတ်စားသုံးသူ**

## ရွှေဘိုခရိုင် ရေဦးမြို့နယ်တွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရေဦးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် မိတ်ဖက်အဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်တွင် ရေဦးမြို့ပေါ်ရှိ စိုက်ပျိုးရေး ဆေးပစ္စည်းရောင်းချသည့် ဆိုင် ၉ ဆိုင်သို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ပိုးသတ်ဆေးများ တရားမ ဝင် ပြန်လည်ထုပ်ပိုးရောင်းချမှု ရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့သို့ စစ်ဆေးရာတွင် ဆုဝတီနွယ် စိုက်ပျိုးရေးဆေးပစ္စည်း အရောင်းဆိုင်တွင် DOW AGROSCIENCES မှ ထုတ်လုပ်သော haloxyfop-p-methyl ကြက်သွန်ပေါင်းသတ်ဆေးသည် မြန်မာစာ အညွှန်းမပါရှိသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့ကြောင်းသိရှိရပြီး စိုက်ပျိုးရေးဆေးပစ္စည်း အရောင်းဆိုင်များမှ ရောင်းချသူများအား ပိုးသတ်ဆေးများရောင်းချရာတွင် ပိုးသတ်ဆေး အသုံးပြုသူများအား အန္တရာယ်မှကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ၊ လက်အိတ်များ တစ်ပါတည်းထည့်ပေးရန် ပညာပေးခဲ့ကြောင်း သိရှိရပါသည်။

၎င်းအပြင် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာလ ၁၂ ရက်တွင် လိန်တောကျေးရွာ၌လည်းကောင်း၊ ဒီဇင်ဘာလ ၁၄ ရက်တွင် တာ တိုင်ကျေးရွာ၌ လည်းကောင်းစားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိ ပညာပေးဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး ပညာပေးလက်ကမ်းစာစောင် ၁၉၇ စောင် ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့်**




09-33087771 CALL CENTER 01-9670777

ရုံးချုပ် ➡ အမှတ်(၆၂)၊ဗဟိုရိရစည်အိမ်ယာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ရန်ကုန် ➡ အမှတ်(၉)၊ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေး ➡ အမှတ်(၈၆)၊၆၂လမ်း၊ ၃၄ × ၃၅ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
မကွေး ➡ အမှတ်(၁၁-၁၂)၊ တိုင်း(အား/ကာ)တိုက်တန်း၊ ရန်ကျော်ရပ်၊ မကွေးမြို့။

ANT

**AUNG NAING THITSAR CO.,LTD**

Address : Dagon Center 2,Pyay Road,No.268,Room 14(C & E), 14th Floor,Sanchaung Township,Yangon,Myanmar.
Tel : +95 1-2317836,2317837,2314053,2314054,2316304
Fax : +95 1 2314053,2317836
Mobile : +95 9 5134695
E-mail : ant.cmgr@gmail.com
Website : www.aungnaingthitsar.com

AZY
LOGISTICS Co.,Ltd.
(Customs Clearing And Forwarding Services)

WE PROVIDE THE FOLLOWING SERVICES -
- Applying and receiving Export & Import Licence at Trade Department
- Banking Process
- Documentation to pay Customs duty, Commercial Tax and other charges
- Delivery and Transportation of Export & Import Items to reach the places wherever the Merchants need to

www.azymm.com conact@azymm.com

(+95 9) 254043695, 782970205
zawzawag81@gamil.com
NO.(149),6 St Floor (L),Satekanthar ST,kyauktada Tsp, Yangon,Myanmar.

MT မျိုးသိန်း
အီလက်ထရောနစ်







ရန်ကုန် ➡ အမှတ်(၁၂၇/၁၂၉)၊ သိမ်ဖြူလမ်း၊(သိမ်ဖြူဈေးမှတ်တိုင်ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၃၂၀၃၊ ၂၀၃၀၀၃
➡ အမှတ် (၂၁၈/၂၂၀)၊ မြေညီထပ်၊ ဦးထိန်ဆောင်ကျောင်းလမ်း၊ ဦးထိန်တာဆောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-
➡ အမှတ်(၂၀၄)၊ ဗန်းဆိုးတန်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-
မန္တလေး ➡ အမှတ်(၀၇၇)၊ ၂၉လမ်း နှင့် ၈၃လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂-
➡ Block(6),Unit(1,2)၊ ၇၃လမ်း၊ မင်္ဂလာမန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-

YYK **Yin Yin Kyaw Animal Health**

zoetis NAVETCO VETALL Virbac NUTRIX

တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ
တိရစ္ဆာန်သုံးဆေးဝါးများ
ခွေးစာ၊ ကြောင်စာများ



Ph: 09-96 505 9040,09 977905091
E-mail: yinyinkyawvet@gmail.com
Website: www.yinyinkyaw.com

Nice Guy
Purified Drinking Water

No.966, Eastern Kyar Inn,
U Pai Area 54/R3, East Road,
Hlegu Township, Yangon, Myanmar.
Tel: 09-400400504, 09-777222731,
09-54422313, 09-769815311

# စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် လွယ်ကူမှု

## ( Ease of Doing Business )

မျိုးသူ (ကုန်သွယ်မြှင့်)

**ယခင်တစ်ပတ်မှအဆက်**

ယင်းအထောက်အကူပြု ဌာနများအပြင် ပုဂ္ဂလိကအသင်းအဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့လည်း ပါဝင်ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ကုမ္ပဏီများကို အချိန်တိုတိုနှင့် ဆောင်ရွက်နိုင်စေရန် ပြုပြင်ပြောင်းလဲခြင်း၊ ကြာမြင့်ချိန်၊ ငွေကြေး ကုန်ကျမှုတို့ကို လျှော့ချပေးခြင်း၊ ထောက်ခံချက်ရယူမှုများအား လျှော့ချပေးခြင်း စသည့်အချက်များကို ပြောင်းလဲခဲ့သဖြင့် ၂၀၁၇ ခုနှစ်တွင် အဆင့် ၂၄ ဆင့်အထိ တိုးတက်မှုများရရှိခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း အကြောင်းအရာများအပေါ် အဆင့်သတ်မှတ်ချက် (Overall Rank) တွင် အဆင့် ၁ ဆင့်ကျသွားသော်လည်း အမြင့်ဆုံးစွမ်းဆောင်ရည်မှ ကွာလှမ်းမှုရမှတ် (DTF Score) များမှာ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက Starting a Business၊ Dealing with Construction Permits၊ Getting Electricity ၊ Registering Property ၊ Paying Taxes၊Trading across Borders စသည့် Indicator (၆)ခုတွင် သာလွန် ကောင်းမွန်လာကြောင်း တွေ့ရပါသည်။သို့သော် နိုင်ငံပေါင်း ၁၉၀ လုံးက ပြုပြင်ပြောင်းလဲမှုများ အပြိုင်အဆိုင်ပြုလုပ်နေကြခြင်းကြောင့် ၂၀၁၈ ခုနှစ်တွင် Starting a Business Indicator နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အဆင့်ရပ်တည် မှုမှာအဆင့် ၉ ဆင့် ပြန်လည်ကျဆင်းခဲ့ရခြင်းဖြစ်ပါသည်။ လာမည့် ၂၀၁၉ အစီရင်ခံစာတွင် အဆင့် ဆက်လက်တိုးတက်စေရန်လည်း အွန်လိုင်းစနစ်များ သုံးစွဲခြင်းနှင့် အခြားပြုပြင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

Registering Property Indicator (မြေနှင့်အိမ်ရာအဆောက်အအုံ မှတ်ပုံတင်ခြင်း) နှင့်ပတ်သက်ပြီး ၂၀၁၆ခုနှစ်တွင် အဆင့် ၁၄၅ ရှိရာမှ ၂၀၁၇ ခုနှစ်တွင်အဆင့် ၁၄၃ ရှိသဖြင့် အဆင့် ၂ ဆင့်တိုးတက်လာခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၃၄ ဖြစ်သွားသဖြင့် အဆင့် ၉ ဆင့် ထပ်မံ တိုးတက်ခဲ့ပါသည်။ ယင်းအဆင့်များကို ခွဲခြားရာတွင် တိုင်းတာသော Distance to Frontier (DTF) Score အမှတ်ပေးစနစ်အရ အမှတ်ပွိုင့်မှာ ၂၀၁၆ တွင် ၄၉ ဒသမ ၃၂ ရှိပြီး ၂၀၁၇ တွင် ၅၀ ဒသမ ၆၂ ဖြစ်၍ အမှတ်ပွိုင့်မှာ ၁ ဒသမ ၃ အထိတိုး တက်ရရှိခဲ့ပြီး ၂၀၁၈ တွင် ၅၂ ဒသမ ၃၀ ရှိသဖြင့် အမှတ်ပွိုင့်မှာ ၁ ဒသမ ၆၈ အထိ ဆက်လက်တိုးတက်ခဲ့ပါသည်။ ယခု Registering Property Indicator နှင့် ပတ်သက်ပြီး ယင်းအမှတ်များ တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်ဌာနများမှာ အဆိုပါအညွှန်းကိန်းဆိုင်ရာ နယ်ပယ်နှင့် ဆက်စပ်နေသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ဖြစ်ပါသည်။ ယင်းအထောက်အကူပြုဌာနများအပြင် ပုဂ္ဂလိကအသင်းအဖွဲ့အနေဖြင့်မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့လည်း ပါဝင် ပါသည်။

**ဆန်းစစ်ချက်များ ဆောင်ရွက်ပုံ**

ကမ္ဘာ့ဘဏ်အုပ်စုမှ ယင်းအမှတ်များအဆင့်များ ရရှိစေရန်အတွက် မြန်မာနိုင်ငံသို့ အဖွဲ့များစေလွှတ်ထားပြီး ယင်းအဖွဲ့များက ၎င်းတို့အစီအစဉ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ရွေးချယ်ပြီး မေးမြန်းစိစစ်ကြပါသည်။ အထောက်အထားများ တောင်းခံစိစစ်ကြပါသည်။ အဓိကရွေးချယ်သောနေရာမြို့မှာ ပို့ကုန်ဆိပ်ကမ်းမြို့ဖြစ်ပြီး စီးပွားရေးအချက်အချာဖြစ်သောရန်ကုန်မြို့ကို ရွေးချယ်ဆောင်ရွက်ပါသည်။ လုပ်ငန်းရှင်များကိုရွေးချယ်ရာတွင် စံချိန်များသတ်မှတ်ထားပြီး ရွေးချယ်ကြောင်းသိရပါသည်။ ဥပမာ- လုပ်ငန်းရှင်ငယ်များဖြစ်ရခြင်း၊ အမျိုးသားလုပ်ငန်းရှင်၊ အမျိုးသမီး လုပ်ငန်းရှင်စသဖြင့် ရွေးချယ်ခြင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းရှင်များမှဖြေဆိုသည့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင်ကုန်ကျသည့် တရားဝင် ကုန်ကျစရိတ်များ၊ ယင်းဌာနသို့သွားရသည့် အကြိမ်အရေအတွက်၊ ဆောင်ရွက်ရသည့်လုပ်ငန်းအဆင့်များ၊ ထောက်ခံချက်ရယူရသည့် နေရာများသို့ သွားရောက်ရသည့်စရိတ်စကများ၊ အချိန်ကုန်မှုများ စသည်တို့ကို မှတ်သားပြီး စံချိန်စံညွှန်းများတွင် ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သော အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အဆင့်ဆင့် ဆောင်ရွက်ရမှုနည်းပါးခြင်းစသည့် သုံးမျိုးကို အခြေခံအဖြစ်ထားပြီး အမှတ်ပေးစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူသက်သာလျင်မြန်မှုကို အဆင့်သတ်မှတ်တိုင်းတာခြင်း ဖြစ်ပါသည်။

**ရရှိနိုင်သည့် အကျိုးကျေးဇူးများ**

အထူးသဖြင့် အသေးစားလုပ်ငန်းငယ်များအတွက် မြန်ကောင်းသက်သာသည့် နည်းလမ်းများအဖြစ် အစိုးရဌာနများမှ ပြုပြင်ပြောင်းလဲမှုများကို အကောင်းဆုံးလုပ်ပေးစေရန် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အသေးစားလုပ်ငန်းငယ်တစ်ခုစတင်ပေါ်ပေါက်လာသည်မှ အကယ်၍ လုပ်ငန်းပျက်စီးကာ ဒေဝါလီခံရသည်အထိ ကြုံတွေ့ပါက အစိုးရမှအထောက်အပံ့ပေး၊ အကူအညီပေးမှု အသီးသီးကိုတိုင်းတာပြီး လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် မိမိတို့နိုင်ငံမှ လုပ်ငန်းရှင်ငယ်များကို အစိုးရဌာနများမှ အထောက်အကူပြုသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းရှင်များ စိတ်ချမ်းသာမှုရရှိမည်ဖြစ်ပါသည်။ မြန်ဆန်မှုရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် အချိန်ကုန်မှုများလျှော့ချပြီး ကုန်ထုတ်လုပ်မှုအတွက် အချိန်ပိုရမည်ဖြစ်ပါသည်။ ကြန့်ကြာခြင်းဖြင့် လူအင်အားသုံးပြီး စောင့်စားရခြင်းကို လျော့ကျစေပြီး လူအင်အားပြုန်းတီးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ကုန်ကျစရိတ်များ ပေးဆောင်ရသည့် အခကြေးငွေများကို လျှော့ချနိုင်ခြင်းဖြင့် လုပ်ငန်းရှင်အတွက် ကုန်ကျစရိတ်အချို့ကို သက်သာမှုရရှိနိုင်ပါသည်။ ဥပမာ-နှစ်စဉ်ကြေး သွားရောက်ပေးသွင်းနေရခြင်းကို သုံးနှစ်တစ်ခါသာ ဌာနသို့လာရောက်ပေးသွင်းစေခြင်း သို့မဟုတ် အွန်လိုင်းမှ ပေးဆောင်စေခြင်းဖြင့် အချိန်နှင့်စရိတ်ကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစိုးရဌာနတစ်ခုသို့ လုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် အခွန်ဆောင်ရန် အကြိမ်ကြိမ်ချိန်းဆိုမှုမျိုး ခံရပါက ယင်းဌာနများသို့ ဆက်ဆံမှုကိုမပြုလိုခြင်း၊ ယင်းအဆင့်ကို ကျော်လွှားနိုင်ရန် မှားယွင်းသောနည်းလမ်းများဖြင့် ကြိုးစားခြင်း (ဥပမာ- လာဘ်ပေး လာဘ်ယူမှုများ) သို့မဟုတ် လုံးဝသွားရောက်ခြင်းမပြုဘဲ မိမိဘာသာ တရားမဝင် ဆောင်ရွက်ခြင်း၊ ဥပဒေကို မျက်ကွယ်ပြုခြင်း စသည်တို့ဖြစ်ပေါ်လာစေပါသည်။ ထို့အပြင် ထောက်ခံချက်မျိုးစုံ တောင်းခံခြင်းဖြင့် အစိုးရဌာနတစ်ခု၏ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် အလွန်အမင်းအဆင့်များပြားပြီး ကြန့်ကြာမှုများပြားသည်ကိုလည်း လျှော့ချသွားခြင်းဖြင့် အစိုးရဌာနများနှင့် လုပ်ကိုင်ရာတွင်ယုံကြည်မှု တိုးတက်လာပြီး စီးပွားရေးလုပ်ငန်းမှာ အောင်မြင်မှုကို ပိုမိုရရှိနိုင်ပါသည်။

> ထောက်ခံချက်မျိုးစုံ တောင်းခံခြင်းဖြင့် အစိုးရဌာနတစ်ခု၏ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် အလွန်အမင်းအဆင့်များပြားပြီး ကြန့်ကြာမှုများပြားသည်ကိုလည်း လျှော့ချသွားခြင်းဖြင့် အစိုးရဌာနများနှင့် လုပ်ကိုင်ရာတွင် ယုံကြည်မှုတိုးတက်လာပြီး စီးပွားရေးလုပ်ငန်းမှာ အောင်မြင်မှုကို ပိုမိုရရှိနိုင်ပါသည်။

**စီးပွားရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်သက်သာရေးကြိုးပမ်းမှု**

Rank in Ease of Doing Business အဆင့်သည် (၁) မှာ အကောင်းဆုံးဖြစ်သဖြင့် မိမိတို့ရောက်ရှိနေသည့် အဆင့် ၁၇၁ မှသည် အဆင့် ၁၀၀ အတွင်းသို့ ဝင်ရောက်နိုင်ပါက အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများအကြားတွင် မျက်နှာမငယ်နိုင်တော့ပါ။ သို့ဖြစ်သဖြင့် မိမိတို့၏ နိုင်ငံအဆင့်ကို တစ်နှစ်လျှင် အဆင့် နှစ်ဆယ်၊ အစိတ်ခန့် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက သုံးနှစ်အတွင်း အဆင့် ၁၀၀ အတွင်း ရောက်ရှိလာနိုင်မည်ဖြစ်ပါသည်။ ဤသို့ အဆင့်များ တိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ IFC အဖွဲ့မှ ဌာနကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များထားရှိပြီး ကူညီဆောင်ရွက်ပေးနေပါသည်။ Ease of Doing Business အဆင့်တိုးတက်လာစေရေးအတွက် Indicator ဆယ်ခုမှ အထောက်အကူပြုအဖွဲ့များကို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ၄-၅-၂၀၁၇ ရက်စွဲပါစာအမှတ် ပုဂ္ဂလိက ကော်မတီ/ ၂၀၁၇ (၀၄၇) ဖြင့် ဖွဲ့စည်းပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ဦးဆောင်မှု၊ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် Doing Business ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် အညွှန်းကိန်းများအလိုက် အဓိကသက်ဆိုင်သည့် ဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများမှ ခေါင်းဆောင်အဖြစ် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားနိုင်ရေးအတွက်လည်းကောင်း၊ ထပ်မံပါဝင်သင့်သည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပါဝင်လာစေရန်အတွက်လည်းကောင်း အသစ်ပြင်ဆင်ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ Overall Rank မြင့်မားလာစေရန်အတွက် ဆောင်ရွက်သည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက Focal Person များအား စွမ်းဆောင်ရည်ပြည့်ဝစေရန်လည်း ၂၀၁၆ မှ ၂၀၁၈ ခုနှစ်များအတွင်း အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ် ၊ Video Conference နှစ်ကြိမ်၊ အစည်းအဝေးလေးကြိမ် ကျင်းပခဲ့ပါသည်။ နှစ်စဉ်ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာနှင့်ပတ်သက်ပြီး လက်ရှိအခြေအနေမှ ကာလတို (၃လ မှ ၆လ)၊ ကာလလတ် (၆လမှ ၁ နှစ်) ၊ ကာလရှည် (၁ နှစ်မှ ၂ နှစ်) အတွင်း တိုးတက်အောင် လုပ်ဆောင်နိုင်မည့် မျှော်မှန်းချက်များအား Master Work Plan ဌာနအသီးသီးမှ ကိုယ်တိုင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ Doing Business Unit မှ ကျွမ်းကျင်သူများသည်ပြီးခဲ့သည့် နိုဝင်ဘာလ ၇ မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံသို့လာရောက်၍ Doing Business အညွှန်းကိန်းများအလိုက် အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူအောင်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများအနက် အလျင်အမြန်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ဖော်ထုတ်ခဲ့ပြီး နောက်လာမည့် နှစ်လအတွင်း မြန်မာနိုင်ငံ၏ Doing Business Reform Memo ကို ရေးသားပြုစုပြီး တရားဝင်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

ရည်မှန်းချက်များအောင်မြင်ပါက နိုင်ငံအတွင်းစီးပွားရေး လုပ်ငန်းများအနေဖြင့် စရိတ်စကနှင့် အချိန်လေးဖင့်မှုများကို အများအပြားလျှော့ချနိုင်မည်ဖြစ်ပြီးငွေကြေးလေလွင့်မှု အတော်များများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ကိုင် ဆောင်ရွက်မှု ကောင်းမွန်တိုးတက်မှသာ နိုင်ငံ၏ စီးပွားရေးလည်း တိုးတက်မည်မှာ သေချာပါသည်။ နိုင်ငံခြားတိုင်းပြည်များမှ ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ရင်းနှီးမြှုပ်နှံသည့်အတွက် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမည်ဖြစ်ပါသည်။ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အဓိက ဆောင်ရွက်ရမည့်သူများမှာ သက်ဆိုင်သည့်ဌာနများဖြစ်ပြီး အသင်းအဖွဲ့များမှ ဝိုင်းဝန်းပံ့ပိုးပေးရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များဘက်မှလည်း ဝိုင်းဝန်းအကြံပေးခြင်းဖြင့် မိမိတို့နိုင်ငံ၏ အဆင့်တိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများအတွက်များစွာ အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးတိုးတက်စေရေးအတွက် အင်အားတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ပို့ကုန်မူဝါဒများချမှတ်ပြီး လူမှုဖူလုံရေး အကူအညီများပေးအပ်ရန် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး သန္နိဋ္ဌာန်ချမှတ်

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုသည် ပို့ကုန်တိုးမြှင့်ခြင်းနှင့် ငွေ ကြေးဖောင်းပွမှုများအပေါ် မူတည်နေ ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကျင်းပခဲ့သော အစည်းအဝေးတွင် ထိုင်း နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ဝန်ကြီး Mr. Sonitirat Sontijirawong က ပြောကြားခဲ့ပါ သည်။

ဝန်ကြီးက မိမိတို့ဝန်ကြီးဌာန သည် ဝင်ငွေနည်းပါးသူများအတွက် အစိုးရ၏အရင်းအနှီး၊ အကူအညီကို ရယူ၍ တန်ဖိုးနည်းဈေးဆိုင်များ၏ အရေအတွက်ကို တိုးမြှင့်ခြင်းအားဖြင့် ပြည်နယ် လူမှုဖူလုံရေးစီမံကိန်းကို ဆက်လက် လုပ်ဆောင်မည်ဖြစ်ပါ ကြောင်း၊ Electronic Data ဖမ်းယူ၍ (EDC) စက်များဖြင့် Install ပြုလုပ်ထား သော ဈေးဆိုင်ပေါင်း တစ်သိန်းရှစ် သောင်းရှိပြီး အဆိုပါဈေးဆိုင်များသည် ပြည်နယ် လူမှုဖူလုံရေးစီမံကိန်း၏ ဒုတိယအဆင့်ဖြစ်သော ဒေသခံစီးပွား ရေးကို ပိုမိုခိုင်မာလာစေရန် လုပ်ဆောင် သွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်း ဈေးဆိုင်များအတွက် ဒုတိယအဆင့် အနေဖြင့် EDC စက် အရေအတွက်များ တိုးမြှင့်တပ်ဆင်နိုင်ရန် စီစဉ်နေပါ ကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် စီး ပွားရေးကို မြှင့်တင်နိုင်ရန်အတွက် ဈေး ဆိုင်များတွင် ဒေသခံထုတ်ကုန်များ အား တစ်မျိုးနှင့်တစ်မျိုးမတူဘဲ တစ်မူ ထူးခြားသော ထုပ်ပိုးမှုစနစ်များဖြင့် ဒေသထွက်ထုတ်ကုန်များ ပိုမိုထုတ်လုပ် နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းကျော် ပါဝင်သည့် တင်ပို့ရောင်းချမှုကို ထောက်ပံ့မြှင့်တင် ရေးအစီအမံများနှင့်အတူ ပို့ကုန်တိုး မြှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိနေပြီး လာမည့်နှစ်တွင် ပို့ကုန်ကဏ္ဍတိုးတက်မှု အရှိန်အဟုန် မြင့်တက်လာလိမ့်မည်ဟု မျှော်လင့် ကြောင်း၊ ယခု ၂၀၁၇ ခုနှစ်တွင် ၂၀၁၆ ခုနှစ်ထက် ပို့ကုန် ၈ ရာခိုင်နှုန်းတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃၃ ဘီလီယံ ဘတ် ၇ ဒသမ ၇၂ ထရီ လီယံထိ စံချိန်တင်မြင့်မားလာကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြန်လည် ဦးမော့လာပြီး ထိုင်းကုန်စည်များ အတွက် ခိုင်မာသောဝယ်လိုအား ဖြစ် ထွန်းလာကြောင်း၊ ထိုင်းနိုင်ငံ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည်လာမည့်နှစ်တွင် ပို့ကုန်အနည်း ဆုံး ၅ ရာခိုင်နှုန်း တိုးတက်လာလိမ့် မည်ဟု ခန့်မှန်းထုတ်ပြန်ထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ထုတ် ပြန်ချက်အား ပုဂ္ဂလိကကဏ္ဍများနှင့် ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak တို့ဆွေးနွေးပြီးမှ ထုတ်ပြန်ခြင်းဖြစ်ကြောင်း Mr .Sontirat က ပြောကြားပါသည်။

ဝန်ကြီးဌာနသည် အထူးကုန် စည်များဖြစ်သော ဆန်၊ ရော်ဘာ၊ ဆီအုန်း နှင့် ပြောင်းတို့အတွက် သီးနှံဈေးနှုန်း များကို ထောက်ပံ့ပေးနိုင်သော အစီ အမံများ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ဆီအုန်းပို့ကုန်အတွက် မူဝါဒများချမှတ်နိုင်ရန် မိမိတို့ကိုယ် တိုင် ဆီအုန်းစိုက်ခင်း ဧရိယာများသို့ သွားရောက်ကြည့်ရှုလေ့လာမည်ဖြစ် ကြောင်း၊ ဒေသဆိုင်ရာဘက်စုံစီးပွား ရေးပူးပေါင်းဆောင်ရွက်မှု Regional Comprehensive Economics Partner- ship (RCEP) အရ ထားရှိသော ကုန် သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှု မူဝါဒများကို ဒေသတွင်း ၌ မိတ်ဖက်နိုင်ငံများနှင့်အတူ ဆက် လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ RCEP သည် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီးလန်စသော အာဆီယံ အဖွဲ့ဝင် (၁၀) နိုင်ငံနှင့်အတူ အုပ်စုဖွဲ့၍ မိတ်ဖက် နိုင်ငံများအကြား လွတ်လပ်စွာကုန်သွယ် မှုသဘောတူညီချက်များရယူ ဆောင် ရွက်သွားမည်ဖြစ်ကြောင်း Mr. Sontirat က ပြောကြားပါသည်။

**Source : Bangkok Post**

**မင်းအောင်အေး**

# ထိုင်းငွေကြေးမြင့်တက်လာမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များအပေါ် အကျိုးသက်ရောက်လျက်ရှိ

ယခုနှစ် ထိုင်းနိုင်ငံ၏ စားသောက်ကုန် တင် ပို့မှုတန်ဖိုးသည် လျာထားချက် ဘတ် ၃၀ ဘီလီယံ နှင့် လွဲချော်ဖွယ်ဖြစ်နေကြောင်း၊ ဒေသသုံး ငွေကြေးခိုင်မာမှုကြောင့် ပုစွန်၊ စည်သွပ်တူနာငါး၊ အုန်းနှင့် သစ်သီးဖျော်ရည်များကဲ့သို့သော စား သောက်ကုန်ပစ္စည်းများ၏ အမှာစာများ ကျဆင်း နေပါကြောင်း၊ ယခုနှစ် စားသောက်ကုန် တင်ပို့ မှုတန်ဖိုးအား အစပိုင်းတွင် ၁ ဒသမ သုညသုံး ထရီလီယံ ခန့်မှန်းထားရာမှ တစ်ထရီ လီယံအဖြစ် ခန့်မှန်းထားပါကြောင်း၊ အမျိုးသားစားနပ်ရိက္ခာ ဌာန(NFI) ၏ ဥက္ကဋ္ဌ Yongvut Saovapruk က ပြောကြားပါသည်။

စားသောက်ကုန်တင်ပို့မှုကို ယခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးမြှင့်မည်ဟု စီမံကိန်းချ ထားပါကြောင်း၊ လာမည့်နှစ်တွင် ဘတ် ၁ ဒသမ သုည ခုနစ်ထရီလီယံဘတ်သို့ ၇ ရာခိုင်နှုန်း တိုး မြှင့်တင်ပို့လာနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ငွေကြေး ခိုင်မာမှုသည် ပို့ကုန်တင်ပို့မှုအတွက် အဟန့် အတားဖြစ်စေကြောင်း၊ နောင်နှစ်တွင်မူ ငွေကြေး ခိုင်မာမှု တိုးတက်မှုနှုန်းကို ထိန်းနိုင်မည်ဟု မျှော် လင့်ကြောင်း၊ အဓိကကုန်သွယ်မိတ်ဖက်များနှင့် အပြည့်အဝ ကုန်သွယ်မှုပြုလုပ်ခြင်း၊ အစိုးရ၏ လယ်ယာကဏ္ဍများအတွက် ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့မှုဖြင့် စီးပွားရေး ပြန်လည်ကောင်းမွန် လာနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် NFI သည် ဘတ်ငွေကြေးတန်ဖိုး ဆက်လက်မြင့်တက်နေခြင်း၊ စွမ်းအင်ဈေးနှုန်းများ ပိုမိုမြင့်မားနေခြင်းနှင့်လုပ် အားခများမြင့်မားနေခြင်းတို့သည် အပျက်သဘော ဆောင်သော အကျိုးသက်ရောက်မှုဖြစ်သည့် အတွက် စိုးရိမ်ပူပန်မိပါကြောင်း၊ NFI ဥက္ကဋ္ဌ Yongvut Saovapruk ကပြောကြားပါသည်။

NFI သည် လတ်ဆတ်သောအသီး၊ စွမ်းအင် ဖြည့်အချိုရည်၊ ကိတ်မုန့်များ၊ နို့ထွက်ပစ္စည်း၊ အာဟာရဖြည့်စွက်စာနှင့် ရေခဲမုန့်များ တင်ပို့ခြင်း အတွက် အလားအလာများ ခန့်မှန်းခဲ့ပါသည်။ ထိုင်း စားသောက်ကုန်များ၏ အဓိကပို့ကုန် ဈေးကွက်မှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ဂျပန်၊ အမေရိကန်၊ တရုတ်နှင့် ဥရောပ တို့ဖြစ်သည်။

၂၀၁၆ ခုနှစ် နှောင်းပိုင်းတွင် တစ်ဒေါ်လာ ၃၂ ဒသမ ၆ ဘတ်မှ ၃၅ ဒသမ ၄ ဘတ်ထိ ၁၀ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်လာသဖြင့် ၂၀၁၈ ခုနှစ် တွင် ယခုထက်ပိုမိုမြင့်တက်လာမည်ကို စိုးရိမ်ပူပန် မိကြောင်း၊ ဘတ်ငွေကြေးမြင့်တက်ခြင်းသည် အင်ဒို နီးရှားနှင့် ဗီယက်နမ်ကဲ့သို့သော အဓိကပို့ကုန် ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို အားနည်းစေ မည်ဖြစ်ကြောင်း၊ ထိုင်းဘတ်ငွေအသုံးပြုသည့် ပို့ကုန်များအား ထိခိုက်စေမည်ဖြစ်သလို လယ် သမားများနှင့်အသေးစားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများအတွက် ဝင်ငွေလျော့နည်းလာနိုင် ကြောင်း၊ အစိုးရသည်ပြိုင်ဘက်နိုင်ငံများ၏ ငွေကြေး ကဲ့သို့ ဘတ်ငွေကို ထိန်းချုပ်ရန်လိုအပ်နေပြီဖြစ် ကြောင်း ထိုင်းကုန်သွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ Poj Aramwattananont က ပြောကြားပါသည်။

အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အစိုးရ တို့ပါဝင်သော အမျိုးသား သုံးပွင့်ဆိုင်ကော်မတီမှ လာမယ့်နှစ်တွင်နေ့စဉ်အနိမ့်ဆုံး လုပ်အားခဘတ် ၃၀၀ ကို ငါးရာခိုင်နှုန်းတိုးမြှင့်၍ ၁၅ ဘတ်သို့ တိုးမြှင့်ပေးရန် ယခုလအစောပိုင်းက သဘောတူ ထားပါသည်။ ထိုသို့လုပ်အားခ ၁၅ ဘတ်မြင့်တက် လာခြင်းသည် ငွေကြေးဖောင်းပွမှု သုည ဒသမ ၄ ရာခိုင်နှုန်းရှိလာကြောင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် အတွက် ငွေကြေးဖောင်းပွမှုနှုန်း သုည ဒသမ ၆ ရာခိုင်နှုန်းမှ တစ်ရာခိုင်နှုန်းအတွင်း သတ်မှတ်ထား ပါကြောင်း၊ အဆိုပါသတ်မှတ်ချက်ဘောင်အတွင်း ကိုက်ညီစေရန် ထိုင်းစက်မှုလုပ်ငန်း ဖက်ဒရေးရှင်း က လာမည့်နှစ်တွင် လုပ်သားများ၏ အနိမ့်ဆုံး လုပ်အားခကို ဘတ် ၃၀၀ မှ ၄၀၀ အတွင်း သတ် မှတ်ထားကြောင်း သိရသည်။

**Source : Bangkok Post**

**မင်းအောင်အေး**

# အာဆီယံနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတိုးချဲ့ရန်အတွက် ချေးငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံကို အိန္ဒိယကအဆိုပြု

အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံ ဒေသတွင်းနှင့် ရေကြောင်း၊ လေကြောင်း နှင့် ကုန်းလမ်းစီမံကိန်းများ တိုးမြှင့် ဆောင်ရွက်ရန် ချေးငွေအမေရိကန် ဒေါ်လာတစ်ဘီလီယံကို အဆိုပြုထား ကြောင်း ဝန်ကြီး Nitin Gadkari က ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင်သာမက အိန္ဒိယအစိုးရသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ထုတ်လုပ်မှု အချက်အချာနေရာများ ထူထောင်ရန် အတွက် အမေရိကန်ဒေါ်လာ ၇၇ သန်း စီမံကိန်းဖွံ့ဖြိုးရေး ရန်ပုံငွေတစ်ခုကို လည်း တည်ထောင်ထားပြီးဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယရေကြောင်း သယ်ယူ ပို့ဆောင်ရေးသဘောတူညီချက် ဆောင် ရွက်ရန်အတွက်လည်း ဆွေးနွေးနေ ကြောင်း၊ အာရှနှင့် အိန္ဒိယလေကြောင်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်စေ ရေး လေ့လာရန်အတွက် အာရှ- အိန္ဒိယ မြို့ပြလေကြောင်း အထူးအဖွဲ့ (Asian India civil aviation task force) တစ်ခု ကိုလည်း တည်ထောင်ပြီး ဖြစ်သည်ဟု ASEAN-India Connectivity Summit ၌ Nitin Gadkari က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

ထို့ပြင် အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ အကြား ရေကြောင်းကွန်ရက်ကနဦး လေ့လာဆန်းစစ်မှုများပြုလုပ်ရန်အတွက် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းအဖွဲ့ တစ်ခု တည်ထောင်ဖွဲ့စည်းရန်လည်း အာဆီယံနှင့် အိန္ဒိယတို့က သဘောတူ ညီထားပြီးဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာ -ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး (India-Myanmar- Thailand Trilateral Highway) စီမံကိန်းအား ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံတို့အထိ တိုးချဲ့ရန်ကိုလည်း စီစဉ် နေပြီး Kaladan Multimodal Transit Transport Project စီမံကိန်းကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း ပြောကြား ခဲ့ပါသည်။

အိန္ဒိယအစိုးရသည် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်တည် ဆောက်ရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ် ရေးစီမံကိန်းများနှင့် အဖွဲ့အစည်းဆိုင် ရာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် မြန်မာ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်းကိုလည်း ထည့်သွင်းပြောကြား ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် နိုင်ငံတကာ နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် စေရေးအတွက် Bharat Mala စီမံကိန်း ကိုဖော်ဆောင်နေပြီး အဆိုပါစီမံကိန်း အရ လမ်းအရှည်ကီလိုမီတာ ၂၀၀၀ ခန့်အား ရူပီး ၂၅၀၀၀ ခန့်ရင်းနှီးမြှုပ်နှံ ကာ အိန္ဒိယနိုင်ငံ၏ အဓိကကျသည့် အဝေးပြေးလမ်းမကြီးများနှင့် နိုင်ငံ တကာကုန်သွယ်ရေးဂိတ်များသို့ ဆက် သွယ်ချိတ်ဆက်ရေးဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းသည် အိန္ဒိယနှင့်နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ် မြန်မာတို့နှင့် တင်ပို့/တင်သွင်းမှုများ အား ပိုမိုအဆင်ပြေလွယ်ကူလာစေမည် ဟု ပြောကြားထားပါသည်။

ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ နှင့်နီပေါနိုင်ငံတို့အကြား မော်တော် ကားဖြတ်သန်းသွားလာရေး သဘော တူညီချက်နှင့် စပ်လျဉ်း၍ အိန္ဒိယပို့ ဆောင်ရေးဝန်ကြီးက ပြောကြားရာ၌ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံ တို့သည် စာချုပ်ပါအချက်များအား အကောင်အထည်ဖော်ရန် စတင်နေ ပြီဟု ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဆုံးဖြတ်မည့်နေ့အား မတ်လသို့ရွှေ့ဆိုင်း




အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် နှစ်နိုင်ငံဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့်နေ့အား မတ်လသို့ ရွှေ့ဆိုင်းလိုက်ကြောင်း ဂျကာတာပို့စ်တွင် ဖော်ပြထားသည်။

အဆိုပါ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်တွင် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် အချက်များ ကျန်ရှိနေသဖြင့် ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် နှစ်နိုင်ငံ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ပါ အချက်များကို ညှိနှိုင်းပြီး ၂၀၁၈ ခုနှစ် မတ်လတွင် သဘောတူစာချုပ် ချုပ်ဆိုကြမည်ဖြစ်သည်။

“ဒီသဘောတူစာချုပ်က ၉၅ ရာခိုင်နှုန်းလောက်တော့ ပြီးစီးနေပါပြီ။ ဒါပေမယ့် အချို့သော အငြင်းပွားဖွယ်ရာအချက်တွေကို ညှိနှိုင်းဖို့ လိုအပ်နေတာကြောင့် ကျွန်တော်တို့ အချိန်ဆွဲထားရတာပါ”ဟု အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Enggartiasto Lukita က ဒီဇင်ဘာ ၂၀ ရက်ကကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“နှစ်နိုင်ငံက ကိုယ်စားလှယ်တွေဟာ လာမယ့် ဇန်နဝါရီလမှာ ထပ်မံတွေ့ဆုံကြပါလိမ့်မယ်။ မတ်လမှာ အဲဒီစာချုပ်ကို လက်မှတ်ရေးထိုးဖို့ မဖြစ်နိုင်ဘူးဆိုတာမျိုးကို ကျွန်တော်တို့ အလိုမရှိပါဘူး”ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ဩစတြေးလျ အစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြောင်း ယခင်က ထုတ်ဖော်ပြောကြားထားခဲ့သည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပညာရေးနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများတွင် အဓိကရင်းနှီးမြှုပ်နှံသူအဖြစ် ခွင့်ပြုပေးနိုင်ရန် အင်ဒိုနီးရှားအစိုးရက စဉ်းစားလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ စေ့စပ်ညှိနှိုင်းရေးမှူး Deddy Saleh က ပြောကြားခဲ့သည်။

ကနဦးညှိနှိုင်းမှုများအရ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဩစတြေးလျနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်များ များစွာရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့က သုံးသပ်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံသည် လူဦးရေ ၂၄ ဒသမ ၇ သန်းကျော်သာရှိသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ ကုန်သွယ်မှုခရီးလမ်းဆုံးနိုင်ငံတစ်နိုင်ငံ မဟုတ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# ၂၀၂၃ ခုနှစ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးအဖြစ်သို့ ပြောင်းလဲနိုင်မည်ဟု ကမ္ဘောဒီးယားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး ပြောကြား

အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ၂၀၂၃ ခုနှစ်တွင်ဒစ်ဂျစ်တယ်စီးပွားရေးသို့ ပြောင်းလဲရန်ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း ၂၀၂၃ ခုနှစ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးသို့ လိုက်ပါပြောင်းလဲရန်ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်းကမ္ဘောဒီးယားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Tram Iv Tek က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းအသစ်များ၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ၊ ဒစ်ဂျစ်တယ်လုပ်ငန်းများအတွက် လုပ်ဆောင်နေသူများ၊ အွန်လိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းကျွမ်းကျင်သူများနှင့်ပတ်သက်၍ မဟာဗျူဟာနှင့်မူဝါဒများ ချမှတ်၍ လုပ်ဆောင်လျက်ရှိကြောင်း Tek က ပြောကြားခဲ့သည်။

“ဒီလုပ်ငန်းတွေကို အရေးကြီးတဲ့ လုပ်ငန်းများအဖြစ် ခံယူထားပါတယ်။ ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းမှုတွေကို လုပ်ဆောင်ဖို့အတွက် လာမယ့်ငါးနှစ်အတွင်း အားသွန်ခွန်စိုက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်”ဟု Tech Startup and MSMEs Forum 2017 ဖွင့်ပွဲအခမ်းအနားတွင် Tek က ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့နိုင်ငံမှာရှိတဲ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းခန့်ဟာ ၂၀၁၇ခုနှစ် အကုန်ပိုင်းလောက်အထိ အွန်လိုင်းကို အသုံးမပြုနိုင်ကြသေးပါဘူး။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်အရောက်မှာတော့ မြို့ပြဒေသရဲ့နေရာတိုင်းလိုလိုမှာ Broadband တွေ လွှမ်းခြုံထားနိုင်သလို ကျေးလက်ဒေသရဲ့ ၇၀ ရာခိုင်နှုန်းကိုလည်း လွှမ်းခြုံထားနိုင်မှာဖြစ်ပါတယ်”ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါဖိုရမ်သို့ မိုက်ခရိုအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ယင်းဖိုရမ်ကို ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကို သိရှိနားလည်လာစေရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သို့ ကူးပြောင်းရာတွင် ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်သည်ဟု ဆိုသည်။

# ဖိလစ်ပိုင်သမ္မတဒူတာတေးက အခွန်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေအား လက်မှတ်ရေးထိုးထုတ်ပြန်

ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးသည် ဖိလစ်ပိုင်ပြည်သူများအား ခရစ္စမတ်လက်ဆောင်အဖြစ် အခွန်ပြုပြင်ပြောင်းလဲရေးဆိုင်ရာဥပဒေအား ဒီဇင်ဘာ ၁၉ ရက်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ The Tax Reform for Inclusion and Acceleration (TRAIN) ဥပဒေသည် လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ သဘာဝဓာတ်ငွေ့၊ မော်တော်ယာဉ်များ၊ ကျောက်မီးသွေး၊ သကြားနှင့်အချိုရည်ကဲ့သို့သော လူသုံးကုန်ပစ္စည်းများတွင် အခွန်ကောက်ခံမှုမြင့်တက်နေချိန်တွင် အဆိုပါဥပဒေကြောင့် ဖိလစ်ပိုင်လူမျိုးများ၏တစ်ဦးကျ အခွန်နှုန်းထားများ လျော့ကျလာမည်ဟု မျှော်လင့်ရသည်ဟု ဆိုသည်။

TRAIN သည် ဘက်စုံအခွန်ပြုပြင်ပြောင်းလဲရေးအစီအစဉ် (CTRP) ၏ ပထမဦးဆုံးခြေလှမ်းပင်ဖြစ်သည်။ CTRP သည် ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် အခွန်ကောက်ခံမှုစနစ်တွင် လျော့နည်းမှုများ ဖြစ်ပေါ်နေခြင်းကို တည့်မတ်ပေးရန်ဖြစ်သည်။

TRAIN သည် နှစ်စဉ်ဝင်ငွေ ပီဆို နှစ်သိန်းခွဲ(အမေရိကန်ဒေါ်လာ ၄၉၆၀)နှင့်အောက်ရရှိသူများအား ဝင်ငွေခွန်မှ ကင်းလွတ်ခွင့်ရရှိလိမ့်မည်ဖြစ်ကြောင်း ဒူတာတေးက ပြောကြားခဲ့သည်။

“TRAIN မှ ရရှိလာတဲ့ဝင်ငွေတွေဟာ နိုင်ငံတော်ရဲ့တက္ကသိုလ်တွေနဲ့ ကောလိပ်တွေမှာ ကျောင်းလခ ကင်းလွတ်ခွင့်ရရှိတာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ၊ လူမှုရေး ကာကွယ်စောင့်ရှောက်မှုတွေ၊ ငွေလွှဲပြောင်းပေးမှုတွေ၊ အခြေခံအဆောက် အဦတည်ဆောက်ရေးတွေ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ရဲ့ အဓိကစီမံကိန်းလုပ်ငန်းတွေအဖြစ် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟု ဒူတာတေးက ပြောကြားခဲ့သည်။ ထို့ပြင်ဘဏ္ဍာရေးဝန်ကြီးကားလို့စ် ဒိုမီဂွက်စ်က TRAIN သည် တစ်ဦးချင်းအခွန်များ အများအပြားကောက်ခံနေခြင်းအား လျှော့ချပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

# အီးယူ-ဗီယက်နမ် ကုန်သွယ်မှုလွတ်လပ်သော သဘောတူစာချုပ်သည် ဗီယက်နမ်အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများအား အကျိုးကျေးဇူးရှိ

အီးယူ-ဗီယက်နမ်လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်သည် ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများအား မြှင့်တင်ပေးသည့်အပြင် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများလည်း ရရှိနိုင်ကြောင်း ဗီယက်နမ်သတင်းများတွင် ဖော်ပြထားသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို လာမည့်နှစ်အတွင်း လက်မှတ်ရေးထိုးနိုင်မည်ဟုထင်မြင်မိကြောင်း EU-MUTRAP ၏ အဖွဲ့ခေါင်းဆောင် ကလော်ဒီယိုဒိုဒီက ပြောကြားခဲ့သည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များအား အီးယူသို့ ကုန်သွယ်ရာတွင် ကုန်သွယ်မှုဆိုင်ရာ အခွန်ကင်းလွတ်ခွင့်များ ရရှိနိုင်မည်ဖြစ်သည့်အပြောက် ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများ မြှင့်တင်ပေးနိုင်ရေးအတွက် ကြီးမားသော အခွင့်အလမ်းကောင်းများကို ရရှိနိုင်မည်ဖြစ်သည်ဟုဆိုသည်။

အီးယူ-ဗီယက်နမ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ပေါ်ပေါက်လာခြင်းသည် ဦးစားပေးကုန်စည်များအား အမြင့်ဆုံး ခုနစ်နှစ်အထိ အခွန်ကင်းလွတ်ခွင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟုဆိုသည်။

ယခုလက်ရှိကာလတွင် ကဏ္ဍအသီးသီး၌ စက်မှုပိုင်းဆိုင်ရာ နည်းပညာတွင် စီမံခန့်ခွဲရန်အတွက် ငွေကြေးရရှိနိုင်မှုနည်းလမ်းများနှင့် ကျွမ်းကျင်လုပ်သားရှားပါးမှုများစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

“ဗီယက်နမ်နိုင်ငံအနေနဲ့ အများဆုံးခုနစ်နှစ်အတွင်းမှာ အထည်အလိပ်လုပ်ငန်းနဲ့ အထည်ချုပ်လုပ်ငန်းတွေရဲ့ ၁၂ ရာခိုင်နှုန်း အခွန်ပေးဆောင်နေရတာတွေကို ဖယ်ရှားပေးနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ မျှော်လင့်တာကတော့ အီးယူ ဒါမှမဟုတ် အခြားသောနိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူတွေဟာတန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ဖို့အတွက် စက်ပစ္စည်းပိုင်းဆိုင်ရာမှာ လိုအပ်နေတဲ့ နည်းပညာတွေကို ကူညီပံ့ပိုးပေးပါလိမ့်မယ်”ဟု ဒိုဒီက ပြောကြားခဲ့သည်။ကလော်ဒီယိုဒိုဒီသည် အီတလီနိုင်ငံ Bocconi တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဥပဒေဘာသာရပ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။

မယ်သီတာ စုစည်းသည်

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ် ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။




# International **Trade** Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

**Call Centre : (+951) 231 7770**

**Hotline :**

(+951) 378 644 - **Trade (Import/ Export)**
(+951) 378 643 - **Outward Remittance**
(+951) 378 645 - **Inward Remittance**

www.cbbank.com.mm
CBBankmyanmar
trade.dept@cbbank.com.mm


PYEI PHYO AUNG CO., LTD.
Office : No.74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 228584, 211124, 223097, 2316119, 2316260
Fax No. : +95 1 211821
E-mail : ppaoffice@gmail.com
Website : www.ppagroups.com

SAILUN
TIRE
ATREZZO
SH406
ATREZZO
SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon: No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2), Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay: PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

COMMERCE
INTERNATIONAL

# တရုတ်နှင့်ထိုင်း ဆက်သွယ်သည့် ရထားလမ်း၏ ပထမအဆင့် လမ်းပိုင်းကို စတင်ဖောက်လုပ်

တရုတ်နှင့် ထိုင်းသို့ဆက်သွယ်သည့် ပထမဦးဆုံး အဆင့်မြင့်ရထားလမ်း ဖောက်လုပ်မည့်စီမံကိန်းစတင်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နာခွန်ရာချတ်စီမာတွင် ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံနှင့် ရထားလမ်းဖောက်လုပ်ရန် သဘောတူညီမှုရရှိခဲ့သည့်အတွက် တရုတ်နိုင်ငံဝန်ကြီးချုပ် လီကျင်းပင်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။ အဆိုပါရထားလမ်းသည် တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံကိန်းကို အကျိုးပြုစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားခဲ့သည်။

အဆိုပါရထားလမ်း၏ ပထမဆုံးလမ်းပိုင်းအဖြစ် ထိုင်းနိုင်ငံ၏ မြို့တော်ဗန်ကောက်နှင့် နာခွန်ရာချတ်စီမာပြည်နယ်ကို ဆက်သွယ်သည့် ၂၅၃ ကီလိုမီတာရှည်သည့် လမ်းပိုင်းအား စတင်ဖောက်လုပ်မည်ဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နာခွန်ရာချတ်စီမာပြည်နယ်ရှိ ကလန်ဒေါင်းနှင့် ပန်ဘာဆုတ်ဘူတာနှစ်ခုအကြားတွင် ၃ ဒသမ ၅ ကီလို မီတာရှည်လျားသည့် ရထားလမ်း ပထမအဆင့်ကို ဖောက်လုပ်မည်ဖြစ်သည်။ ထိုင်း အဝေးပြေးလမ်းများဆိုင်ရာဌာနသည် ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းစတင်ရန် အသင့်ရှိနေပြီး ပထမအဆင့် ရထားလမ်းတည်ဆောက်မှုသည် နောက်ထပ်တည်ဆောက်မည့် ရထားလမ်းပိုင်းများအတွက် အကောင်းဆုံးသော စံနမူနာဖြစ်စေရမည်ဟု ညွှန်ကြားရေးမှူးချုပ် ဘာနင်ဆွန်ဘွန်းက ပြောကြားသည်။

အဆိုပါရထားလမ်းဖောက်လုပ်ရာတွင် ထိုင်းနှင့် တရုတ်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရထားလမ်း၏ ဒုတိယအဆင့် ၁၁ ကီလို မီတာ၊ တတိယအဆင့် ၁၁၉ ဒသမ ၅ ကီလိုမီတာနှင့် စတုတ္ထအဆင့်အဖြစ် ၁၁၉ ကီလိုမီတာရှည်လျားသည့် လမ်းပိုင်းများကို ဆက်လက်ဖောက်လုပ်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် ထိုင်းနိုင်ငံအတွင်းရှိ ရထားလမ်းဖြတ်သန်းသွားလာမည့်ဒေသများအား ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး အခြေခံအဆောက်အဦများလည်းဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မှုဖြင့်ပထမအဆင့် လမ်းပိုင်းပြီးစီးသွားပါက ဒုတိယအဆင့် လမ်းပိုင်းကိုလည်း အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားခဲ့သည်။





# တောင်ကိုရီးယားဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ဗီယက်နမ်ပင်လယ်စာ ပို့ကုန်လုပ်ငန်းရှင်များ မျှော်လင့်

ဗီယက်နမ်နိုင်ငံက ထုတ်လုပ်သည့် ပင်လယ်စာထုတ်ကုန်များကို တောင်ကိုရီးယားနိုင်ငံသို့ ယခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၄၇၅ သန်းဖိုး တင်ပို့နိုင်ခဲ့ရာ ယခင်နှစ် ကာလတူထက် ၂၇ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပင်လယ်စာထုတ်ကုန်များ တင်ပို့လျက်ရှိသည့် ဗီယက်နမ်နိုင်ငံမှ Nha Trang Seafood (F17) ကော်ပိုရေးရှင်းသည် ယခုနှစ် ပထမခြောက်လအတွင်း တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ရရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၅ သန်းရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သို့သော် ဗီယက်နမ်နိုင်ငံရှိ ပင်လယ်စာထုတ်လုပ်တင်ပို့သည့် အခြားသော ကုမ္ပဏီအများစုကမူ အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ ပိုမိုတင်ပို့နိုင်ရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံများစာရင်းတွင် စတုတ္ထနေရာ၌သာ ရပ်တည်နေသည့်နိုင်ငံဖြစ်သည်။

၂၀၁၆ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ပင်လယ်စာ ပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၇ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ် ပင်လယ်စာထုတ်လုပ်တင်ပို့သူများအသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပင်လယ်စာထုတ်ကုန်များအနက် ပုစွန်၊ ရေဘဝဲအသေးနှင့် Juichi cuttlefish တို့ဖြစ်ကြောင်း၊ အေးခဲပင်လယ်စာထုတ်လုပ်တင်ပို့မှုသည် ၆၉ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ဆင့်တက်ပြုပြင်ထုတ်လုပ်ထားသည့် ပင်လယ်စာတင်ပို့မှုသည် ၃၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်-တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်အရ ပင်လယ်စာထုတ်ကုန်များ အပါအဝင် အခြားသောထုတ်ကုန်များအား ဦးစားပေး အခွန်ကင်းလွတ်ခွင့်များရရှိနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

တောင်ကိုရီးယား ပြည်သူများသည် ယခင်က အသားကိုသာ စားသုံးနေရာမှ ယခုအခါတွင် ပင်လယ်စာများကို ပိုမိုစားသုံးလာကြသဖြင့် တောင်ကိုရီးယား ပင်လယ်စာဈေးကွက်သည် ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း Nha Trang တက္ကသိုလ်မှ ဒုတိယဥက္ကဋ္ဌ Khong Trung Thang က ပြောကြားခဲ့သည်။

မယ်သီတာ စုစည်းသည်

# ရာသီဥတုပြောင်းလဲမှုကြောင့် မဲခေါင်မြစ်ဝှမ်းဒေသရှိ ရေအားလျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရမည်

ဗီယက်နမ်နိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်လျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းဒေသသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် မဲခေါင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စက်ရုံများတွင် ရေများနည်းပါးနေပြီဖြစ်၍ မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ စိန်ခေါ်လျက်ရှိကြောင်း၊ မဲခေါင်မြစ်ဝှမ်း ဂေဟဗေဒပညာရှင် ငုယင်ဟူသိမ်က ပြောကြားခဲ့သည်။

မဲခေါင်မြစ်ဝှမ်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဗီယက်နမ်ပြည်သူများ၏ နေထိုင်မှုဘဝနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟုဆိုသည်။

အပူချိန်များမြင့်တက်လာပြီး ရာသီဥတုပူပြင်းခြောက်သွေ့လာမှုကြောင့် အချိန်အခါမဟုတ်မိုးရွာသွန်းခြင်း၊ ရာသီဥတုအခြေအနေများ အလွန်အကျွံပြောင်းလဲခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။

၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှု ဖြစ်ပေါ်ပြီးနောက် မဲခေါင်မြစ်ဝှမ်းဒေသတွင် နှစ်စဉ် ရေလွှမ်းမိုးမှု အနည်းနှင့်အများ ဖြစ်ပေါ်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် ရေလွှမ်းမိုးမှု အနည်းအကျဉ်းသာဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၆ခုနှစ်သည် ခြောက်သွေ့သည့်ရာသီအဖြစ် မှတ်တမ်း



ဝင်ခဲ့သည်။

မဲခေါင်မြစ်ဝှမ်းဒေသသည် တစ်နှစ်လျှင် ရေကုဗမီတာပေါင်း ၄၇၅ဘီလီယံ ထောက်ပံ့ပေးနေသည့်ဒေသဖြစ်သည်။ ၎င်းတို့အနက် တရုတ်နိုင်ငံက ၁၆ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက နှစ်ရာခိုင်နှုန်း၊လာအိုနှင့် တရုတ်နယ်စပ်က ၈၂ ရာခိုင်နှုန်း ရရှိလျက်ရှိသည်။ မဲခေါင်မြစ်ဝှမ်းဒေသတွင် နှစ်စဉ် မိုးရေချိန် ၁၄၀၀ မီလီမီတာမှ မီလီမီတာ ၂၀၀၀ အထိရရှိနေပြီး မဲခေါင်မြစ်ဝှမ်းဒေသက ၁၁ ရာခိုင်နှုန်းရရှိနေကြောင်း သိရသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင် နုန်းမြေရရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် နည်းပါးလျက်ရှိပြီး ၁၉၉၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တိုင်းတာချက်များအရ ၅၀ ရာခိုင်နှုန်း လျော့ကျလာကြောင်း၊ တစ်နှစ်လျှင် နုန်းမြေ တန်သန်း ၁၆၀ ရရှိနေရမှာ ယခုအခါတွင် တစ်နှစ်လျှင် တန် ၈၅ သန်းသာ ရရှိတော့သည်ဟု မဲခေါင်မြစ်ဝှမ်းကော်မရှင်က သတင်းထုတ်ပြန်ခဲ့သည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ